# ဝင်းကြွယ်

ပထမပိုင်း



တက္ကသိုလ်

# ဝင်းကြွယ်

# စတုတ္ထမြောက်သိုင်းရာဇာ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၅၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၅၀၀၂၀၇
၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## သိုင်းလောကဝဲဂယက်

သိုင်းရာဇာလေးဖော်...

သိုင်းရာဇာလေးဖော်သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ထိပ်သီးသိုင်းသမားကြီးလေးယောက်ပင် ဖြစ်သည်။

အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နေသော သိုင်းရာဇာလေးဖော်မှာ သိုင်းလောက၏ မီးရှူးတန်ဆောင်များဟုပင် တင်စားရမလောက်ပင်။

သိုင်းရာဇာလေးဖော်သာ ပူးပေါင်းပါက သိုင်းလောကအား လွှမ်းမိုးနိုင်သည်ဟု ရောင်လင်ဂိုဏ်းချုပ် အပါအဝင် သိုင်းလောကတစ်ခုလုံးမှ လက်ခံထားကြပေသည်။ သို့သော်...

သိုင်းရာဇာလေးဖော်သည် မိုးထိတောင်ပေါ်တွင် လုပ်ကြံခြင်း ခံခဲ့ရသည်။

သူတို့၏ဂေဟာများမှာလည်း ဖျက်ဆီးခြင်း ခံခဲ့ရသည်။

ထိုအဖြစ်အပျက်မှာ သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားခဲ့ရသော သတင်းတစ်ပုဒ် ဖြစ်ခဲ့ရသည်။

သိုင်းလောကလေးဖော်အား လုပ်ကြံသွားသော ရန်သူနှင့် ဂေဟာများ ဖျက်ဆီးခဲ့ခြင်း အမှုအား သဲကြီးမဲကြီး ရှာဖွေစုံစမ်းကြတော့သည်။

သို့သော်လည်း ကောက်ရိုးပုံထဲပျောက်သည့် အပ်ရှာသည့်နှယ် အစရှာ၍ မရခဲ့ချေ။

ထို့ထက် ပို၍ ပူးခြားသည်မှာ သိုင်းရာဇာလေးဖော်နှင့် ပတ်သက်ဆက်နွယ်သူများအား လုံးဝပင် စုံစမ်းမရခဲ့ပေ။

လျှို့ဝှက်ရန်သူ၏လက်ချက်ကြောင့် အားလုံးပင် သေဆုံးသွားခဲ့ရကြောင်း သိုင်းလောကသားများက လက်ခံခဲ့ကြသည်။

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသောအခါ သိုင်းရာဇာလေးဖော်နှင့် ပတ်သက်သော သတင်းစကားများသည် ပျောက်ကွယ်လုနီးပါး ရှိခဲ့သည်။

သိုင်းရာဇာလေးဖော်ကြောင့် မငြိမ်မသက် ဖြစ်ခဲ့ရသော သိုင်းလောကသည်လည်း အနည်ထိုင် တည်ငြိမ်စ ပြုလာခဲ့သည်။

သို့သော် ယင်းအနည်ထိုင်မှုမှာ ကြာရှည်မမြဲပါချေ။

သိုင်းရာဇာလေးဖော် လုပ်ကြံခံခဲ့ရပြီး ငါးနှစ်ပြည့်ချိန်တွင် သိုင်းလောကတစ်ခုလုံး လှုပ်ရှားသွားစေခဲ့သည့် သတင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။

ထိုသတင်းမှာ သိုင်းရာဇာလေးဖော်၌ ပါဝင်သော သွေးနဂါးလုံကျွန်းသည် သက်ရှိထင်ရှား ရှိနေပြီး ပန်းနီကျေးရွာတွင် ရှိနေသည်ဟူ၍ပင်။



သိုင်းရာဇာလေးဖော်နှင့် ပတ်သက်သည့် ကိစ္စများအား စူးစမ်းလိုကြသော သိုင်းလောကသားများမှာ ပန်းနီကျေးရွာသို့ ပစ်မှတ်ထားလာကြတော့သည်။

ထိုအခါ...

သိုင်းလောကဝဲကယက် ထစေမည့် အဖြစ်အပျက်များ စတင် ပေါ်ပေါက်လာခဲ့လေတော့သည်။

♣ ♣ ♣

နွေနှောင်းကာလ၏တစ်ခုသော ညဦးပိုင်းအချိန် ဖြစ်ပေသည်။

လုယန်မြို့၏အနောက်ပိုင်း သင်္ချိုင်းမြေအနီးရှိ လမ်းမကြီးမှာ လူသွားလူလာ ကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေ၏။

အကယ်၍...

ဖြတ်သန်းသွားလာမည့်သူများ ရောက်လာကြမည်ဆိုလျှင်လည်း မည်သူကမျှ တုန့်ဆိုင်းနေကြမည် မဟုတ်ဘဲ အလျင်အမြန် ဖြတ်သန်းသွားကြမည်သာ ဖြစ်သည်။

ညအချိန်ကာလတွင် မည်သူက သင်္ချိုင်းမြေအနီး၌ ကြာကြာနေလိုကြပါမည်နည်း။

ယနေ့ညအဖို့ အခြားညများထက် ပို၍ ကြောက်လန့်စရာ အခြေအနေတစ်ခု ရှိနေပါသည်။

လူသွားလမ်းမကြီးပေါ်တွင် အရိုးခေါင်းခွံငါးခု အစီအရီ ချထားကာ မီးအိမ်ငါးလုံးလည်း ချထားခြင်းကြောင့် ဖြစ်သည်။

မီးအိမ်ငါးလုံးမှ အလင်းရောင်များ ဖြာထွက်နေသဖြင့် အရိုးခေါင်းခွံငါးခုအား အတိုင်းသား တွေ့မြင်နိုင်ပေသည်။

ထိုအရာများကို မည်သူက ချထားပါသနည်း။

မည်သို့သော အဓိပ္ပါယ်ဆောင်ပါသနည်း။

♣ ♣ ♣

"ခွပ်ခွပ်... ခွပ်ခွပ်"

ကျယ်လောင်သော မြင်းခွာသံများသည် တိတ်ဆိတ်သော ညဥ့်ယံကို ထိုးဖောက်လျက် ထွက်ပေါ်လာသည်။

မြင်းများသည် နှစ်ကောင်သုံးကောင်းအထက် ဒုန်းစိုင်းနှင်လာကြခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။ မကြာပါချေ။

သစ်ချိုင်းနံဘေးမှ ဖြတ်သွားသော လမ်းပေါ်တွင် မြင်းစီးသမားငါးယောက် ထွက်ပေါ်လာလေသည်။

မြင်းများမှာ သခင်အလိုကျ ဒုန်းစိုင်းနှင်နေရသည် ဖြစ်သော်လည်း ခြေကုန်လက်ပန်းကျနေပြီ ဖြစ်လေသည်။

ပါးစပ်ကြီးများဖြကာ အမြှုပ်တစီစီ ထွက်နေသည်။

ခြေလှမ်းများလည်း မမှန်တော့ပါ။

မြင်းစီးသမားငါးယောက်သည်လည်း ဖုန်များ သဲများ ပေကျံနေသလို ဆံပင်များမှာလည်း ဖရိုဖရဲ ဖြစ်နေသည်။

ယင်းကြောင့်...

သူတို့သည် ခရီးဝေးမှ အပြင်းနှင်လာခဲ့ကြကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။



ထိုမြင်းစီးသမားငါးယောက်သည် မြင်းကို တဟုန်ထိုး စီးနင်းလာကြရင်း လမ်းလယ်ကောင်မှ မီးအိမ်များနှင့် အရိုးခေါင်းခွံများကို တွေ့မြင်သွားကြပြီးလျှင်...

"ဟေး... ဟေး"

မြင်းများကို အော်ငေါက်ကာ ရပ်တန့်လိုက်ကြ၏။

"ဟီး... ဟီး... ဟီး"

မြင်းငါးကောင်မှာ ရှည်လျားစွာ ဟီလိုက်ကြပြီး ပတပ်ရပ်လိုက်ကြသည်။

အရှိန်သပ်ကာ ရပ်တန့်သွားကြလေသည်။

မြင်းစီးသမားငါးယောက်သည် မြင်းများကို ရပ်တန့်လိုက်ကြပြီးလျှင် မီးအိမ်နှင့် အရိုးခေါင်းခွံများကို အကဲခတ်ကြည့်လိုက်ကြသည်။

ကြောက်ရွံ့ထိတ်လန့်စရာပြယုဂ်တစ်ခုကို တွေ့မြင်လိုက်ရသည့်တိုင် ကြောက်ရွံ့ထိတ်လန့်သွားခြင်းမျိုး မရှိကြပါချေ။

ပေကျံနေသော သူတို့၏မျက်နှာများမှာ ပို၍ တည်ကြည်လေးနက်သော အသွင်ဆောင်လာလေသည်။

ငါးယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

မြင်းစီးသမားငါးယောက်အနက် အသက်အကြီးဆုံး ဖြစ်ပုံရသူက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အရိုးခေါင်းခွံနဲ့ မီးအိမ်ကို ကိုယ်စားပြုတာ တမန်တော်ဂိုဏ်းနဲ့ အရိုးဖြူဂိုဏ်းတို့ပဲ၊ သည်ဂိုဏ်းနှစ်ဂိုဏ်းဟာ သိုင်းလောကမှာ ပျောက်ကွယ်နေတာ ကြာပြီ၊ အခုမှ ပြန်ပြီး ထွက်ပေါ်လာတာ

ဟာ သိုင်းရာဇာလေးဖော်နဲ့ ပတ်သက်နေလို့ပဲ ဖြစ်မယ်”

ထိုအခါ...

ထိုလူ၏ဝဲဘက်မှ မြင်းစီးသမားက ထောက်ခံလိုက်သည်။

“ဟုတ်တယ် အစ်ကိုကြီးဆားလွှေ၊ သိုင်းရာဇာလေးဖော် လုပ်ကြံခံလိုက်ရတဲ့ကိစ္စ အခုထက်ထိ မဖော်ထုတ်နိုင်သေးဘူး၊ ဒီအချိန်မှာ အရိုးဖြူဂိုဏ်းနဲ့ တမန်တော်ဂိုဏ်းဟာ သိုင်းလောကထဲ ပြန်လည်ထွက်ပေါ်လာခဲ့တယ်၊ ပန်းနီကျေးရွာမှာ သွေးနဂါးလုံကျမ်း ရှိနေတယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်နေမယ် ထင်တယ်”

ထိုလူငါးယောက်မှာ သိုင်းလောကတွင် ကျော်ကြားနေသော ကျန်းနန်သိုင်းငါးဖော်ပင် ဖြစ်ပေသည်။

ဆားလွှေ၊ ဆားထင်း၊ ဆားမု၊ ဆားယင်၊ ဆားလီတို့သည် ကျန်းနန်တွင် ကျင်လည်ကျက်စားရင်းမှ သိုင်းလောကတွင် ထင်ရှားလာခဲ့ခြင်းပင် ဖြစ်သည်။ ဆားမုက မဲ့ပြုံးပြုံးရင်း...

“ပန်းနီကျေးရွာမှာ သွေးနဂါးလုံကျမ်း ရှိနေတာ သေချာရင် သိုင်းရာဇာလေးဖော် လုပ်ကြံခံရတဲ့ ကိစ္စကို စုံစမ်းနိုင်မှာပဲ၊ ပန်းနီကျေးရွာကို သွားကြတဲ့ သိုင်းလောကသားတွေ လမ်းခုလတ်မှာ လုပ်ကြံခံရတာတော့ ထူးဆန်းတယ်၊ အခုလဲ ကျွန်တော်တို့ အရောက်သွားမှာ သူတို့က သိနေကြပုံပဲ၊ အရိုးဖြူဂိုဏ်းနဲ့ တမန်တော်ဂိုဏ်းကို ဆုံးမလိုက်ရင် ကျုပ်တို့က ဆက်ပြီး ဟန့်တားနှောင့်ယှက်မယ့်လူ ရှိတော့မှာ မဟုတ်ဘူး”

ဆားလွှေ သက်ပြင်းချလိုက်သည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ပို၍ပင် တည်ကြည်လေးနက်လာလေသည်။



“ကျုပ်ရဲ့ လက်ဝါးသိုင်းဟာ ညီလေးရဲ့ ဝိဉာဉ်ဓားသိုင်းကို မမီသေးပါဘူး၊ ညီလေးရဲ့ ဓားပညာက သိုင်းလောကမှာ ပထမတန်းစားအဆင့် ရှိတယ် မဟုတ်လား”

ဟု ပြောလာသည်။

ဆားလွှေကလည်း ထောက်ခံလိုက်သည်။

“ဟုတ်တယ်၊ ဆားထင်း ပြောတာ မှန်တယ်၊ ညီလေးဆားမုသာ ဝိဉာဉ်ဓားသိုင်းကို ထုတ်သုံးလိုက်မယ်ဆိုရင်၊ အင်း... လမ်းလယ်ခေါင်မှာ ရှိနေတဲ့ အရိုးခေါင်းတွေဟာ...”

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ဆားမု၏မျက်နှာ ပြုံးရွှင်သွားသည်။

သူ၏အစွမ်းအစကို ထုတ်ဖော်ခွင့်ရပြီ မဟုတ်ပါလား။

သူက အချိန်မဆွဲတော့ပါ။

ခါးတွင် ချိတ်ဆွဲထားသော ဓားအား ဆွဲထုတ်လိုက်၏။

သူ၏မျက်နှာ တည်ကြည်လေးနက်သွားသည် ထို့နောက်..

ဓားကိုင်လက်အား စက်ဝိုင်းပုံသဏ္ဍာန် ဝှေ့ယမ်းလိုက်လေသည်။

“ဝိုး... ဝိုး”

လေတိုးသံများ ထွက်ပေါ်လာသည်။

မရေးမနှောင်းမှာပင်...

“ခွပ်... ခွပ်”

မြည်သံများ ထွက်ပေါ်လာသည်။

လမ်းလယ်ခေါင်၌ အစီအရီ ချထားသော အရိုးခေါင်းများမှာ အလယ်တည့်တည့်မှ နေ၍ ကွဲအက်သွားလေတော့သည်။

မီးအိမ်များ ပျက်စီးသွားသည်ကိုလည်းကောင်း၊ အရိုးခေါင်းများ ထက်ခြမ်းကွဲအက်သွားသည်ကိုလည်းကောင်း ကြည့်ကာ ကျန်းနန်သိုင်းငါးဖော် ဟားတိုက်ရယ်မောလိုက်ကြလေသည်။

"ဟာ... ဟား... ဟား"

"ဟား... ဟား... ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာ၏။

သချိုင်းမြေ၏ ကြောက်စရာကောင်းမှုများသည် ကွေ့မွ ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

လမ်းပေါ်၌ ပိတ်ဆို့ထားသော မီးအိမ်များနှင့် အရိုးခေါင်းများ ဖယ်ရှားပြီးသွားပြီ ဖြစ်လေသည်။

ကျန်းနန်သိုင်းငါးဖော်က ဟားတိုက်ရယ်မောရင်း ရှေ့သို့ ခရီးနှင်ရန် ဟန်ပြင်လိုက်ကြ၏။ ထိုအချိန်မှာပင်...

"ကျန်းနန်သိုင်းငါးဖော်ဟာ တကယ်ပဲ တော်ကြပါပေတယ်၊ ဒါပေမယ့် သည်ကနေ ရှေ့ခရီးဆက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စကားသံမှာ အလွန်ပင် အေးတိအေးစက်နိုင်လှပေသည်။

ဆားလွေ မျက်မှောင်ကုပ်သွားသည်။

သို့သော် ချက်ချင်းပင် မဲ့ပြုံးပြုံးလိုက်ပြီး...

"ကောင်းပြီ၊ ကျုပ်တို့ ဘာကြောင့် ရှေ့ခရီးဆက်ဖို့ မဖြစ်နိုင်ရတော့ဘူးဆိုတာ သိချင်သေးတယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် မြင်းများကို မောင်းနှင်ခြင်း မပြုဘဲ ရပ်ထားလိုက်ကြလေသည်။

အတားအဆီးကို ဖယ်ရှားပြီး ရှေ့ဆက်သွားမည်လော...

သို့မဟုတ် ထွက်ပေါ်လာမည့် ရန်သူကို စောင့်ဆိုင်းကာ ရင်ဆိုင်ကြမည်လော...

ဆားလွေက ရန်သူကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ကျန်းနန်သိုင်းငါးဖော်သည် ရန်သူနှင့် တွေ့ဆုံပါက မည်သည့်အခါမှ ရှောင်တိမ်းသွားခဲ့ရိုး မရှိပါ။

စည်းလုံးညီညွတ်စွာဖြင့် အန္တရာယ်ဟူသမျှကို တွန်းလှန်ပစ်ခဲ့သည်ချည်းပင် ဖြစ်သည်။

ထို့ကြောင့် သူတို့အား တော်တန်ရုံ အနက်ရောင်သိုင်းသမားများက ရန်စဝံ့ကြခြင်း မရှိချေ။

သူတို့သည် တစ်ဦးချင်း သိုင်းပညာလည်း အစွမ်းထက်ကြသူများ ဖြစ်သည်။

ဆားလွေ၏လက်ဝါးသိုင်းမှာ ကျော်ကြားလှသလို ဆားထင်း၏လေခွင်းလက်ဝါးသိုင်းပညာမှာလည်း အစွမ်းထက်လှသည်။

သူ၏လက်ဝါးသိုင်းသည် ထူးခြားထက်မြက်လှသည်။

ဆားမု၏ဓားပညာလည်း အစွမ်းထက်လှသည်။

သူ၏ဝိဉာဉ်ဓားသိုင်းမှာ ကြောက်မက်ဖွယ်ကောင်းပြီး လျင်မြန်တိကျမှု ရှိလှသည်။

ဆားလီနှင့် ဆားယင်းတို့၏သိုင်းပညာမှာလည်း အစွမ်းထက်လှသည်ချည်း ဖြစ်သည်။

ကျန်းနန်သိုင်းငါးဖော်တွင် ဆားလီမှာ အထူးခြားဆုံး လူတစ်ယောက်ဆိုလျှင် မှားမည် မဟုတ်ပါ။

သူ၏လက်ဝါးသိုင်းပညာမှာ ထူးခြားလှသော်လည်း အရေးအကြောင်း မကြုံဘဲ ထုတ်ဖော်ခြင်း မပြုချေ။

သူ၏လက်ဝါးသိုင်းသည် ထူးခြားဆန်းပြားသလို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

လက်ဝါးသိုင်းကို ထုတ်ဖော်လိုက်သည်နှင့် ရန်သူများ မြေပေါ်လဲကျသွားစေခြင်းကြောင့်လည်း ဖြစ်သည်။

အလွန်ပြင်းထန်သောကြောင့် ဆားလွေက အရေးအကြောင်း မကြုံဘဲ ထုတ်ဖော်အသုံးမပြုခြင်း ဖြစ်သည်။

ကျန်းနန်သိုင်းငါးဖော်သည် လုယန်သချိုင်းမြေအနီးမှ ဖြတ်သန်းလာခဲ့ကြသည်မှာ မည်သို့သော အကြောင်းကိစ္စကြောင့်ပါနည်း။

လမ်းခရီးတစ်လျှောက်တွင် အတားအဆီးများ ကြုံတွေ့ခဲ့သည်ကို ထောက်ချင့်လျှင် ကျန်းနန်သိုင်းငါးဖော်တွင် အရေးကြီးသော ကိစ္စတစ်ခုခု ရှိနေကြောင်း ထင်ရှားပေါ်လွင်ပေသည်။

မှန်ပေသည်။

သူတို့သည် မကြာသေးမီကမှ သိုင်းရာဇာလေးဖော်၏ ကျန်ရှိနေသေးသော အဆက်အနွယ်များ သတင်းကို ရရှိခဲ့ပေသည်။

ထို့ကြောင့် သွေးနဂါးလုံကျန်းနှင့် တွေ့ဆုံရန် ပန်းနီကျေးရွာသို့ ခရီးပြင်းနှင်လာခဲ့ကြခြင်းပင်...



ယခု အရိုးဖြူဂိုဏ်းက ဟန့်တားလာပြီ မဟုတ်ပါလား။

ဆားလွေက စိန်ခေါ်လိုက်သည်နှင့်...

"ဟူး... ဟူး... ဟူး"

လေတိုးသံများ ထွက်ပေါ်လာ၏။

မကြာမီ အမှောင်ထဲမှ လူရိပ်များ လှစ်ခနဲ လှစ်ခနဲ ထွက်ပေါ်လာလေသည်။

တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသော ဝတ်စုံနက်များပင် ဖြစ်သည်။

ဝတ်စုံနက်များသည် ချက်ချင်းပင် ကျန်းနန်သိုင်းငါးဖော်အား ဝိုင်းရံထားလိုက်ကြသည်။ ဆားလွေ ပြုံးလိုက်၏။

"တမန်တော်ဂိုဏ်းက လူတွေတော့ ရောက်လာကြပြီ၊ အရိုးဖြူဂိုဏ်းက လူတွေကကော ဘာကြောင့် ထွက်မလာကြသေးတာလဲ"

ဝတ်စုံနက်များ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

သူတို့သည် နာမည်ဆိုးဖြင့် ကျော်ကြားနေသော တမန်တော်ဂိုဏ်းသားများပင် မဟုတ်ပါလော။

တမန်တော်ဂိုဏ်းသည် တစ်ချိန်က သိုင်းလောက၌ ထွက်ပေါ်လာခဲ့ပြီး မကောင်းမှုမှန်သမျှ လုပ်ခဲ့သဖြင့် သိုင်းလောကမှ ထင်ရှားသော သိုင်းသမားကြီးများ၊ အဖြူရောင်သိုင်းသမားများသည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ စုပေါင်းနှိမ်နင်းခဲ့ကြရာ တမန်တော်ဂိုဏ်း အကြီးအကျယ် အထိနာသွားပြီး သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့လေသည်။

ယခု အေးချမ်းငြိမ်သက်နေသော သိုင်းလောကတွင် သိုင်းရာဇာလေးဖော်၏ ပြဿနာ ပေါ်ပေါက်လာခြင်းဖြင့် မငြိမ်မသက်

လှုပ်ရှားလာခဲ့လေသည်။

သိုင်းရာဇာကိစ္စနှင့် ပတ်သက်ပြီး ဇာတ်မြှုပ်နေသော သိုင်းသမားများ သိုင်းလောက လူထူးဆန်းများနှင့် ဒုစရိုက်ကောင်များလည်း ထွက်ပေါ်လာကြတော့သည်။

အရိုးဖြူဂိုဏ်းသည်လည်း တမန်တော်ဂိုဏ်းကဲ့သို့ သိုင်းလောက၌ ဆိုးသွမ်းသောင်းကျန်းခဲ့သဖြင့် ဝိုင်းဝန်းချေမှုန်း နှိမ်နင်းခြင်း ခံရပြီး သိုင်းလောကမှ ပျောက်ကွယ်သွားသည်မှာ ကြာပြီဖြစ်သော လူဆိုးဂိုဏ်းပင် ဖြစ်လေသည်။

တမန်တော်ဂိုဏ်းချုပ်နှင့် အရိုးဖြူဂိုဏ်းချုပ်တို့သည် ယခင်အချိန်က သိုင်းလောက၌ ဆိုးသွမ်းစဉ်ကပင် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။

တမန်တော်ဂိုဏ်းနှင့် အရိုးဖြူဂိုဏ်းမှာ ခွဲခြားမရအောင် ဖြစ်ခဲ့ကြလေသည်။

သိုင်းလောက၌ ပျောက်ကွယ်သွားကြတော့လည်း အတူတူ ပြန်လည် ထွက်ပေါ်လာတော့လည်း အတူတူပင် ဖြစ်ပါတော့သည်။

တမန်တော်ဂိုဏ်းသားများသည် ကျန်းနန်သိုင်းငါးဖော်အား ဝိုင်းရံထားလိုက်ကြသော်လည်း တိုက်ခိုက်ခြင်း မပြုကြသေးပါချေ။

သူတို့သည် တစ်စုံတစ်ယောက်၏အမိန့်ကို စောင့်ဆိုင်းနေပုံမျိုး ရှိလေသည်။

ကျန်းနန်သိုင်းငါးဖော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။ ဆားယင်က...

"သူတို့ဟာ အရိုးဖြူဂိုဏ်းက လူတွေကို စောင့်နေတာပဲ ဖြစ်ရမယ်"



ဟု မှတ်ချက်ချလိုက်သည်။ ဆားလွေက...

"မဟုတ်ဘူး၊ အရိုးဖြူဂိုဏ်းက လူတွေ ရောက်နေကြပြီး ထွက်မလာကြသေးတာ"

ဟု ပြောလိုက်၏။ တဆက်တည်းပင်...

ဆားထင်းအား ကြည့်ကာ ပြောလိုက်သည်။

"မင်းက မီးအိမ်တွေကို ဖျက်ဆီးပစ်လိုက်တယ်ဆိုတော့ သူတို့က မင်းကို အဓိကပစ်မှတ်ထားကြလိမ့်မယ် သတိထားပါ"

ဆားထင်း ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ အစ်ကိုကြီး"

ဆားမုက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"အစ်ကိုကြီး ကျုပ်က အရိုးခေါင်းတွေကို နှစ်ခြမ်းခွဲပစ်လိုက်တယ်၊ အရိုးဖြူဂိုဏ်းက ကျုပ်ကို ပစ်မှတ်ထားမှာပေါ့ ဟုတ်လား"

ဆားလွေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ညီလေးလည်း သတိထားပါ"

ဆားမု၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"စိတ်ချ ကျုပ်က ဘယ်တော့မှ မပေါ့ဆဘူးဆိုတာ အစ်ကိုကြီး သိပါတယ်"

စကားဆုံးလျှင် မြင်းပေါ်မှ လျှပ်တပြက် ခုန်ဆင်းလိုက်၏။

"ဟူး"

လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး သူ၏ခန္ဓာကိုယ်သည် ငှက်တစ်ကောင်ပမာ လေထဲ ပျံဝဲကာ ဝိုင်းရံထားသော ဝတ်စုံ

နက်များထံသို့ ရောက်ရှိသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် လေထဲ ပျံဝဲရင်း ဝတ်စုံနက်များအား လှည့်ပတ်ပြီးသား ဖြစ်သွားလေသည်။

ငှက်တစ်ကောင် ပျံဝဲကာ အစာကို ထိုးဆိတ်လိုက်ပုံမျိုး ဖြစ်နေပါတော့သည်။ ဤတွင်…

"ဝုန်း… ဝုန်း"

"အား"

"အွန့်"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဝတ်စုံနက်များမှာ ဖရိုဖရဲ လွင့်စင်သွားကြတော့သည်။

ဆားထင်းသည် သူ့အား ပစ်မှတ်ထားမည်ဆိုသော ဝတ်စုံနက်များအား လက်ဦးအောင် ဆုံးမလိုက်ပြီ ဖြစ်သည်။

ဆားလွှေတို့က ဟန့်တားခြင်း မပြုပါ။

အေးအေးဆေးဆေးပင် လက်ပိုက်ကြည့်နေလိုက်ကြ၏။

ဆားထင်းသည် ဝတ်စုံနက်များအား ဆုံးမနေစဉ်မှာပင် လမ်းဘေးသစ်ပင်ချုံနွယ်များကြားမှ လူရိပ်တစ်ခု ရိပ်ခနဲ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"ရပ်လိုက်စမ်း"

ဟူသော အော်ငေါက်သံလည်း ထွက်ပေါ်လာလေသည်။

တဆက်တည်းပင်…

လေထဲ ပျံဝဲကာ ဆားထင်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေတော့သည်။



"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ဆားထင်းသည် လေထဲ တစ်ပတ်ကျွမ်းပစ်ကာ သူ၏မြင်းပေါ်သို့ အသာအယာ ပြန်လည် ရောက်ရှိလာလေသည်။

ထို့အတူ…

သူနှင့် ရင်ဆိုင်ခဲ့ရသော လူရိပ်သည်လည်း မြေပေါ် အသာအယာ ခုန်ဆင်းလိုက်လေသည်။ ထိုအခါမှ…

ထိုလူသည် လူသေမျက်နှာမျိုး ရှိသူမှန်း တွေ့လိုက်ရ၏။

အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး ရွှေရောင်ခါးစည်းကြိုးတစ်ခု စည်းနှောင်ထားသည်။

သူက မြေပေါ် ခြေချပြီး မရွေးမနှောင်းမှာပင်…

"ဟူး"

အဝတ်အစား လေတိုးသံနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားပြီး ငွေရောင်ခါးစည်းကြိုး စည်းနှောင်ထားသူ နှစ်ယောက် ရောက်ရှိလာသည်။

သူတို့နှစ်ယောက်၏မျက်နှာသည်လည်း သွေးရောင်ကင်းမဲ့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏.

ထိုလူနှစ်ယောက်မှာကား တမန်တော်ဂိုဏ်းချုပ်၏ လက်ဝဲရံနှင့် လက်ယာရံ ကိုယ်ရံတော်နှစ်ယောက်ပင် ဖြစ်ကြပေသည်။

ရွှေရောင်ခါးစည်းကြိုး စည်းနှောင်ထားသူမှာကား တမန်တော်ဂိုဏ်းချုပ် နန်းယုစိမ်းပင် ဖြစ်ပေတော့သည်။

အခြားသော တမန်တော်ဂိုဏ်းသားများလည်း ထွက်ပေါ်လာကြပြီး ဆားထင်း၏လက်ချက်ကြောင့် လဲကျသွားသော ဂိုဏ်း

သားများအား သယ်ထုတ်သွားကြလေသည်။

တခဏအတွင်းမှာပင် လမ်းပေါ်၌ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

"ဟား… ဟား… ဟား"

ဆားထင်းက ရယ်မောလိုက်သည်။

တစ်ဖန် ဆားလွေဘက် လှည့်လိုက်ပြီး…

"အစ်ကိုကြီး၊ အခုလိုကျတော့လဲ တမန်တော်ဂိုဏ်းချုပ်ကိုယ်တိုင် မနေနိုင်တော့ဘူးဗျ"

ဟု ပြောလိုက်၏။ ဆားလွေ ရယ်မောလိုက်သည်။

"ကောင်းတယ် ညီလေး၊ အခုအချိန်မှာ သူက ခေါင်းဝှက်နေရင်တော့ လိပ်တစ်ကောင် ဖြစ်သွားလိမ့်မယ်"

သူတို့သည် အကြောက်အလန့် လုံးဝမရှိသည့်အပြင် တမန်တော်ဂိုဏ်းချုပ် နန်းယုစိမ်းအား လှောင်ပြောင်ပြောဆိုကြလေတော့သည်။

နန်းယုစိမ်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

ကျန်းနန်သိုင်းငါးဖော်အား မျက်တောင့်နီကြီးဖြင့် စိုက်ကြည့်လိုက်ပြီး…

"ကျန်းနန်သိုင်းငါးဖော်ဟာ နာမည်ကျော်ပါတယ်၊ ဒါပေမယ့် သည်ကနေ့အဖို့ကတော့ သည်သင်္ချိုင်းမှာပဲ ဇာတ်မြှုပ်ကြရလိမ့်မယ်"

ဟု အေးစက်သော လေသံဖြင့် ပြောလိုက်၏။

ဆားလွေ ရယ်မောလိုက်သည်။

"နန်းယုစိမ်း၊ ခင်ဗျား တစ်ခါက ခွေးပြေးဝက်ပြေး ထွက်



ပြေးခဲ့ရဖူးတာကို မမှတ်မိသေးဘူးလား၊ သိုင်းလောကထဲ ပြန်ထွက်လာတာဟာ ဘယ်လို ဖြစ်ချင်လို့လဲဆိုတာ ကိုယ့်ဘာသာ စဉ်းစားကြည့်စမ်းပါ"

"ဘာပြောတယ်"

နန်းယုစိမ်း၏အသံ ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

ဆားလွေက…

"သိုင်းလောကထဲကို ပြန်ထွက်လာမှတော့ ဆုံးမခံရမယ်ဆိုတာ မသိဘူးလား၊ တော်တော် ဉာဏ်နည်းပါလား"

"ဟား… ဟား… ဟား"

နန်းယုစိမ်း ကောက်ကာငင်ကာ ရယ်မောလိုက်၏။

ဆားလွေက မျက်မှောင်ကုပ်ကာ ကြည့်နေလိုက်သည်။

နန်းယုစိမ်းက…

"ကျုပ်က ဘယ်သူ့ကိုမှ မကြောက်လို့ သိုင်းလောကထဲ ပြန်ထွက်လာခဲ့တယ်ဆိုတာ သိသင့်တာပေါ့၊ ဒါတောင် မသိဘူးဆိုတော့ ကျန်းနန်သိုင်းငါးဖော်ဟာ ပိုပြီးတော့တောင် ဉာဏ်နည်းသေးတယ်၊ သည်ကနေ့ ခင်ဗျားတို့ရဲ့ အသက်တွေကို ဟောသည် သင်္ချိုင်းမှာ ထားခဲ့ဖို့ ပြင်ထားပေတော့"

"သည်လောက်လဲ ဒေါသမကြီးစမ်းပါနဲ့လေ ခဏလောက် နေစမ်းပါဦး၊ ခင်ဗျားကို မေးစရာရှိသေးတယ်"

"ဘာလဲ ခင်ဗျားတို့ကို ဘာကြောင့် ဟန့်တားရသလဲဆိုတာ မေးမလို့ မဟုတ်လား"

"ဒါ အမှန်ပါပဲဗျာ"

"ကျန်းနန်သိုင်းငါးဖော်ဟာ မဆိုင်တဲ့ ကိစ္စတွေမှာ နေရာတ

ကာ ဝင်ရှုပ်ချင်တယ်လေ၊ ဒါကို ကျုပ်က မကြည့်ချင်တော့လို့ပေါ့ ရှင်းနေတဲ့ကိစ္စပဲ"

"ခင်ဗျား သည်လို ပြီးစလွယ်ပြောလို့ မဖြစ်ဘူး၊ ကျုပ်တို့ကို ဟန့်တားတာဟာ သိုင်းရာဇာလေးဖော်နဲ့ ပတ်သက်နေတယ် မဟုတ်လား"

"ခင်ဗျား သည်လိုထင်ရင်လဲ ရပါတယ်လေ"

"ခင်ဗျား ဝန်ခံရမယ်"

"ကျုပ် ဘာမှ ဝန်ခံစရာ မလိုဘူး"

သူ၏ပြတ်သားသော စကားကြောင့် မိမိတို့အား အပြီးတိုင် သုတ်သင်ရှင်းလင်းရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ဆားလွှနားလည်လိုက်လေသည်။

နန်းယုစိမ်း သိုင်းလောကသို့ ပြန်ထွက်လာရသည်မှာ သူ၏ အစွမ်းအစကြောင့် မဟုတ်ဘဲ တစ်စုံတစ်ယောက်က နောက်ကွယ်မှ နေ၍ ကူညီပံ့ပိုးနေခြင်းကြောင့် ဖြစ်ရမည်ဟု ဆားလွှ ယူဆထား လေသည်။

သိုင်းလောကတွင် အလွန်ပင် အစွမ်းထက်မြက်သော သိုင်းထိပ်သီးလေးယောက် ရှိသည်။

သူတို့အား သိုင်းလောကသားများက သိုင်းရာဇာလေးဖော်ဟု ခေါ်ကြသည်။

သိုင်းရာဇာလေးဖော်သည် ပြိုင်စံရှားသော သိုင်းပညာများ ရှိကြသဖြင့် လက်မထောင်နိုင်ကြပြီး သူတို့လေးယောက်သာ ပူးပေါင်းလိုက်လျှင် သိုင်းလောကတစ်ခုလုံးကိုပင်လျှင် လွှမ်းမိုးနိုင်သည်ဟု ဆိုကြလေသည်။



သို့တိုင်...

မကြာသေးမီ လွန်ခဲ့သော ငါးနှစ်ခန့်က သိုင်းရာဇာလေးဖော်မှာ ရန်သူ၏လုပ်ကြံမှုကြောင့် သေဆုံးသွားခဲ့သည်။

ဂေဟာများမှာလည်း ရန်သူများ၏လက်ချက်ဖြင့် ပျက်စီးသွားခဲ့ရလေသည်။

ဂေဟာများ ပျက်စီးသွားခဲ့ရသည်မှာ အဘယ်ကြောင့်ဆိုသည်ကိုလည်းကောင်း....

သိုင်းရာဇာလေးဖော်အား မည်သူက ဖျက်ဆီးလုပ်ကြံခဲ့သည်ဆိုခြင်းကိုလည်းကောင်း...

ယနေ့တိုင်အောင် အဖြေဖော်မရဘဲ ပဟေဠိများ ရှိခဲ့လေသည်။

သိုင်းရာဇာလေးဖော်အား ဖျက်ဆီးပစ်နိုင်သည့် ရန်သူသည် သိုင်းလောကကိုပါ ဖျက်ဆီးပစ်နိုင်လိမ့်မည် ဖြစ်ပါသည်။

ထိုအချက် ထင်ရှားလာသောအခါ သိုင်းလောကတစ်ခုလုံး လှုပ်ရှားလာရလေတော့သည်။

သိုင်းလောကအား ဖျက်ဆီးပစ်နိုင်သည့်ရန်သူ မည်သူမည်ဝါဆိုသည်ကို သိလိုလာကြသည်။

ထို့ပြင် သိုင်းလောကသားများသည် အဖြစ်မှန်ကိုဖော်ထုတ်ရန် ကြိုးစားလာကြတော့သည်။

ထိုသို့ ကြိုးစားလာကြသော သိုင်းလောကသားများအနက် ကျန်းနန်သိုင်းငါးဖော်လည်း ပါဝင်လာရတော့သည်။

ထိုစဉ် အတောအတွင်းမှ သွေးနဂါးလုံကျန်း၏သတင်း ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ကျန်းနန်သိုင်းငါးဖော်သည် လုယန်မြို့မှ ဖြတ်သန်းလာခဲ့ကြသည်မှာ ထူးခြားသော သတင်းတစ်ခုကြောင့် ဖြစ်သည်။

ခရေခြံဝင်းနှင့် နေဝန်းဂေဟာမှ ပတ်သက်သူများ၏ သတင်းအား စုံစမ်းခဲ့မိသည် မဟုတ်ပါလား။

အကျိုးအကြောင်း ခိုင်လုံစွာ သိရှိနိုင်ရန်အတွက် ပန်းနီကျေးရွာတွင် ရှိနေသော သွေးနဂါးလုံကျန်းအား တွေ့ဆုံရန် ထွက်လာခဲ့ကြခြင်းပင် ဖြစ်သည်။

သူတို့ လိုရာခရီးသို့ မရောက်မီ လမ်းတစ်လျှောက်တွင် ဝိတ်ဆို့ဟန့်တားသည့်လူများနှင့် ကြုံတွေ့ရလေသည်။

ထို့ကြောင့်လည်း သူတို့ ရထားသည့်သတင်း မှန်ကန်နေပြီဟု ယုံကြည်လာကြသည်။

သိုင်းလောကမှ ပျောက်ကွယ်သွားပြီ ဖြစ်သော တမန်တော်ဂိုဏ်းကဲ့သို့ အနက်ရောင်ဂိုဏ်းတစ်ခု ပြန်လည် လှုပ်ရှားလာသောအခါ သူတို့၏ယူဆချက်မှာ ပို၍ ခိုင်မာလာသည်။

တမန်တော်ဂိုဏ်းနှင့် အရိုးဖြူဂိုဏ်းတို့အား အသက်သွင်းပေးသူ၊ ကျားကန်ပေးသူသည် သိုင်းရာဇာလေးဖော်အား လုပ်ကြံခဲ့သူပင် ဖြစ်ရပေလိမ့်မည်။

ဆားလွေသည် နန်းယုစိမ်းထံမှ သတင်းရအောင် ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

"ဟိတ်"

ဆားလွေက ညာသံပေးကာ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လျှင် မြင်းပေါ်မှ နေ၍ လေထဲသို့ ကြွတက်သွားပြီး နန်းယုစိမ်းရှေ့သို့ ရောက်ရှိသွားလေသည်။



ဆားလွေ လှုပ်ရှားလာသည်နှင့် နန်းယုစိမ်း၏လက်ရုံးနှစ်ဖော် ဖြစ်ကြသော လက်ဝဲရံနှင့် လက်ယာရံတို့လည်း ချက်ချင်း ရှေ့တိုးလာကြလေသည်။

"ဘေးဖယ်လိုက်စမ်း"

နန်းယုစိမ်းက လက်ဝှေ့ယမ်းပြလိုက်သည်။

လက်ဝဲရံနှင့် လက်ယာရံတို့ ချက်ချင်း နောက်သို့ ပြန်ဆုတ်လိုက်ကြသည်။ သူတို့က စောဒက မတက်ကြပါ။

နန်းယုစိမ်း၏စကားကို မြေဝယ်မကျ နားထောင်ကြသူများဖြစ်ပေတော့သည်။

နန်းယုစိမ်းသည် ဆားလွေနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ဆားလွေ၊ ခင်ဗျားကို နောက်ဆုံးအနေနဲ့ ကျုပ်က အခွင့်အရေးနှစ်ခု ပေးလိုက်မယ်"

"ဘာလဲ မြေခွေးက ယုန်သူငယ်ကို ပေးတဲ့ အခွင့်အရေးမျိုးလား"

"မင်း ကြိုက်သလို ယူဆနိုင်တယ်"

"ဆိုစမ်းပါဦး၊ နားထောင်ကြည့်ရတာပေါ့"

"ပထမ အခွင့်အရေးက သိုင်းရာဇာလေးဖော်ကိစ္စမှာ ဝင်မပါဘဲ နေမယ်ဆိုရင် ကျုပ်တို့နဲ့ မိတ်ဆွေဖွဲ့ခွင့် ပြုမယ်"

သူ၏စကားအဆုံးတွင် ဆားလွေက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

နန်းယုစိမ်းက ဆက်ပြောလိုက်သည်။

"ဒုတိယ အခွင့်အရေးကတော့ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ဖို့ပါပဲ"

ဆားလွေ ပခုံးတွန့်လိုက်၏။

"ကျုပ်က ခင်ဗျားပေးတဲ့ အခွင့်အရေး နှစ်ခုစလုံးကို ဂရုမစိုက်ဘူးဆိုရင်ကော"

ဆားလွေအား ကြည့်ကာ နန်းယုစိမ်း မဲ့ပြုံးပြုံးလိုက်၏။

"ဒါထက် ပိုပြီး ရွေးစရာလမ်း မရှိတော့ပါဘူးလေ"

"ခင်ဗျား သေချာလို့လား"

နန်းယုစိမ်း ခေါင်းညိတ်လိုက်၏။

"သိပ်သေချာတာပေါ့"

"ကောင်းပြီ"

ဆားလွေက စကားဆုံးသည်နှင့် ရှေ့သို့ လျှပ်တပြက်တိုးကာ စတင်တိုက်ခိုက်လိုက်လေသည်။

နန်းယုစိမ်းကလည်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ဤတွင်...

လက်ဝဲရံ၊ လက်ယာရံနှင့် တမန်တော်ဂိုဏ်းသားများကလည်း ကျန်းနန်သိုင်းငါးဖော်မှ ကျန်ရစ်ခဲ့သော လေးယောက်ထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

♣ ♣ ♣



## သေလမ်းရှင်လမ်း

"ဝုန်း"

"အား"

ကျယ်လောင်စူးရှသော အသံများ ထွက်ပေါ်လာသည်။

သံချိုင်းမြေနံဘေးရှိ လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

ဆားယင်နှင့် ဆားလီမှာ တမန်တော်ဂိုဏ်းသားများနှင့် ရင်ဆိုင်တိုက်ခိုက်နေကြသလို ဆားထင်းနှင့် ဆားမုတို့မှာ လက်ဝဲရံနှင့် လက်ယာရံတို့အား ရင်ဆိုင် တိုက်ခိုက်နေပေသည်။ ထို့အတူ...

ဆားလွေနှင့် နန်းယုစိမ်းတို့လည်း ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

နန်းယုစိမ်း၏လက်ထဲ၌ ပေါက်ချွန်သဏ္ဌာန် ပြုလုပ်ထားသော လက်နက်တစ်ခုကို အသုံးပြုကာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ဆားလွေကမူ မည်သည့်လက်နက်မှ ကိုင်ဆောင်ခြင်း မပြုဘဲ လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်နေ၏။

နန်းယုစိမ်းထံမှ သတင်းစုံစမ်းလိုသဖြင့် သူ၏နာမည်ကျော် ဝိဉာဉ်မဲ့လက်ဝါးသိုင်းကွက်ကို အသုံးမပြုဘဲ အခြားသော လက်ဝါးသိုင်းကွက်များကို အသုံးပြုနေရကား ရုတ်တရက် အနိုင်မရဘဲ လက်ရည်ညီမျှ နေပါတော့သည်။

လက်ဝဲရံက ဆားထင်းနှင့် ရင်ဆိုင်နေသလို လက်ယာရံက ဆားမုနှင့် ရင်ဆိုင်နေသည်။

သူတို့သည် နှစ်ယောက်တစ်တွဲ တိုက်ခိုက်နေကြသည်။

လက်ဝဲရံက ဓားတစ်လက် အသုံးပြုကာ ဝှေ့ယမ်းတိုက်ခိုက်နေ၏။ တစ်ချိန်က မရဏဓားသမားဟု ထင်ရှားခဲ့သည့် လက်ဝဲရံ၏ဓားကွက်များသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

အရိပ်များသည် လျှပ်ပြက်သလို တဝှစ်ဝှစ် ထွက်ပေါ်ကာ ဆားထင်း၏တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်၏။

ဆားထင်း တစ်ချက်ကလေး မှားလိုက်သည်နှင့် အသက်ပျောက်သွားရမည် ဖြစ်လေသည်။

ဆားထင်းသည်လည်း ခေသူမဟုတ်ပါချေ။

သူ၏လက်ဝါးသိုင်းကွက်များ ထုတ်ဖော်ကာ ပေါ့ပါးသွက်လက်စွာ ပြန်လည် ရင်ဆိုင်ရင်း တစ်ချက်တစ်ချက် သူ၏ကျော်ကြားသော လေခွင်းလက်ဝါးသိုင်းကွက်ကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား လက်ရည်ညီမျှနေပြီး ရုတ်တရက် မည်သူအသာရမည်ကို ဝေခွဲမရ ဖြစ်နေ၏။ ဆားမုနှင့် လက်ယာရံတို့လည်း ထိုနည်းနှင်နှင်ပင် ဖြစ်လေသည်။



လက်ယာရံသည် ဆူးချွန်သုံးချောင်းပါသော သံခက်ရင်းခွလက်နက်ကို အသုံးပြုကာ တိုက်ခိုက်နေ၏။

သံခက်ရင်းခွကို ဝှေ့ယမ်းလိုက်လေတိုင်း တဗွီးဗွီး မြည်သံများ ထွက်ပေါ်နေသည်။

ချွန်မြလှသော သံခက်ရင်းခွသည် ဆားမု၏တစ်ကိုယ်လုံး ဆန်ကာပေါက် ဖြစ်သွားအောင် ထိုးနှက်နေ၏။

ဆားမုက မပေါ့ဆရဲဘဲ ဓားကို အဆက်မပြတ် ဝှေ့ယမ်းကာ တိုက်ခိုက်နေရလေသည်။

တဘက်မှ ဆားလီနှင့် ဆားယင်တို့ကလည်း ဆယ်ယောက်ခန့်ရှိသော တမန်တော်ဂိုဏ်းသားများနှင့် အကြိတ်အနယ်ယှဉ်ပြိုင်တိုက်ခိုက်နေကြ၏။

တိုက်ပွဲသည် အချိန်ကြာလာသည်နှင့်အမျှ ပို၍ ပြင်းထန်လာလေသည်။

♣ ♣ ♣

"ယား"

လက်ဝဲရံသည် ဓားကို ဝှေ့ယမ်းကာ ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ဆားထင်းက နောက်ဆုတ်ပေးလိုက်သဖြင့် အသာစီးရမည်ဟုလည်း ထင်မှတ်လိုက်ပြီး တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်ပေသည်။

အမှန်တော့....

ဆားထင်းသည် လက်ဝဲရံအား ပြွတ်ပြွတ် သားသား အနိုင်

ယူနိုင်ရန် အကွက်ဆင်လိုက်ခြင်းပင် ဖြစ်ပါတော့သည်။

လက်ဝဲရံ၏တိုက်ခိုက်မှုကို မခံနိုင်တော့သည့် သဘောဖြင့် နောက်ဆုတ်လိုက်ရာ လက်ဝဲရံက ညာသံပေးပြီး တရကြမ်း ခုန်ဝင်လာသည်နှင့် ခြေလှမ်းတုန့်ခနဲ ရပ်လိုက်လေသည်။

ဝဲဘက်လက်ဖြင့် လက်ဝဲရံ၏ဓားကို လှစ်ခနဲ ပုတ်ထုတ်ကာ ယာဘက်လက်ဖြင့် လေခွင်းလက်ဝါးသိုင်းကွက်ကို အသုံးပြုလိုက်လေသည်။

သူ၏လက်ဝါးသိုင်းကွက်သည် လက်ဝဲရံထံသို့ လျှပ်တပြက် တိုးဝင်သွားသည်။ လက်ဝဲရံမှာ အမှုမဲ့ အမှတ်မဲ့ ဖြစ်နေ၏။

ဆားထင်းကို အမှန်ပင် အနိုင်ရတော့မည်ဟု ယုံကြည်နေလေသည်။ ထို့ကြောင့်လည်း...

ဆားထင်းက လေခွင်းလက်ဝါးသိုင်းကွက်ကို အသုံးပြုလိုက်သောအခါ သတိမမူမိတော့ဘဲ မရှူမလှ ခံလိုက်ရလေတော့သည်။

ရုတ်တရက် ထွက်ပေါ်လာသော ပြင်းထန်သည့် လေလှိုင်းတစ်ခုသည် လက်ဝဲရံ၏ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားလေသည်။

"ဟာ"

လက်ဝဲရံ အထိတ်တလန့် ရေရွတ်လိုက်၏။ သို့သော်...

သူ သတိပြုမိလိုက်သောအခါ နောက်ကျသွားပြီ ဖြစ်၏။

သူ၏ရင်ဝကို ပြင်းထန်စွာ ထုနှက်ခြင်း ခံရသည်ဟု ခံစားလိုက်ရသည်။

ရူးရှစွာ အော်ဟစ်လိုက်သော်လည်း အော်သံ ထွက်ပေါ်မလာဘဲ ပါးစပ်ထဲမှ သွေးများသာ အန်ထုတ်မိသည်။



"ဝုန်း"

လက်ဝဲရံသည် အရုပ်လေးတစ်ရုပ်ပမာ အနောက်ဘက်သို့ လွင့်စဉ်သွားပြီး သစ်ပင်တစ်ပင်နှင့် ဝင်ဆောင့်မိကာ မြေပေါ်သို့ ပြုတ်ကျသွားသည်။ ထို့နောက်...

တုတ်တုတ်မျှ မလှုပ်တော့ဘဲ ငြိမ်သက်သွားလေတော့၏။

ထိုအချိန်မှာပင် ဆားမုနှင့် တိုက်ခိုက်နေသော လက်ယာရံမှာလည်း အခြေအနေ မကောင်းတော့ချေ။

ဆားမုသည် တစ်စထက်တစ်စ အသာစီးရပြီးလျှင်...

"ယား"

ညာသံပေးကာ လျှပ်တပြက် ခုန်ဝင်ပြီး လက်ယာရံ၏လက်ထဲမှ သံခက်ရင်းခွကို လုယူလိုက်လေသည်။

လက်ယာရံ ရင်ထိတ်သွားသည်။

"လွှတ်လိုက်စမ်း"

အော်ငေါက်ရင်း ပြန်လည်လုယူလိုက်၏။

သို့သော် မရတော့ပါချေ။

ဆားမု၏လက်တစ်ဖက်က သံခက်ရင်းခွကို ဆုတ်ကိုင်ဆွဲယူထားပြီး ကျန်လက်တစ်ဖက်က ဓားဝှေ့ယမ်းကာ ခုတ်ချလိုက်လေ၏။

လက်ယာရံသည် ဝိဥာဉ်ဓားသိုင်း၏အစွမ်းထက်ပုံကို သိထားရကား ဆက်လက်ရင်မဆိုင်ဝံ့တော့ပါ။

ချက်ချင်းပင် သံခက်ရင်းခွကို လက်လွှတ်ကာ နောက်ဆုတ်လိုက်လေသည်။ ဆားမု မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျား ပြေးလို့ လွတ်မလား"

အော်ငေါက်ရင်း လက်ထဲရောက်နေသော သံခက်ရင်းခွနှင့်

ပစ်ပေါက်လိုက်သည်။

"ဗိုး"

သံခက်ရင်းခွသည် မြားတစ်စင်းအလား လက်ယာရဲ့ နောက်ဆုတ်ရှောင်တိမ်းသွားရာဘက်သို့ လိုက်ပါသွားလေသည်။

"ဟင်"

လက်ယာရဲ့ မျက်လုံးပြူးသွားသည်။

ရှောင်တိမ်းရန် ကြိုးစားလိုက်သည့်တိုင် မလွတ်နိုင်တော့မှန်း ရိပ်မိရကား အသံနက်ကြီးဖြင့် အော်လိုက်လေသည်။

"အား"

"ဒုတ်"

လက်ယာရဲသည် သစ်ပင်တစ်ပင်၌ ကျောကပ်သွား၏။

အရှိန်ပြင်းစွာ ပစ်လွှင့်လာသော ခက်ရင်းခွသည် သူ၏ရင်ဝမှသည် နောက်ကျောဘက်သို့တိုင် ထိုးဖောက်သွားကာ သစ်ပင်၌ စိုက်ဝင်သွားလေသည်။

လက်ယာရဲမှာ ခက်ရင်းခွတန်းလန်းဖြင့် ခေါင်းငိုက်စိုက်ကျသွားပေတော့သည်။

♣ ♣ ♣

လက်ဝဲရဲနှင့် လက်ယာရဲတို့သည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူများ ဖြစ်သည်။

တစ်ချိန်က သိုင်းသမားများ၏လက်ချက်မှ ရှောင်တိမ်းသွားနိုင်ခဲ့သော်လည်း ယခု ပြန်လည် ထွက်ပေါ်လာတော့မှ ကံဆိုးစွာ



အမိုက်ဓာတ်သိမ်းသွားကြပြီ ဖြစ်လေသည်။

ဆားထင်းနှင့် ဆားမုတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်လေသည်။

ဆားမု လက်မထောင်ပြလိုက်သည်။ တစ်ဖန်...

ဆားယင်တို့ဘက်သို့ မျက်စပစ်ပြလိုက်သည်။

တမန်တော်ဂိုဏ်းသားများအား ပိုင်းဝန်းဆုံးမကြမည်ဆိုသည့် သဘောဖြစ်လေသည်။

ဆားထင်း ခေါင်းညိတ်သဘောတူလိုက်သည်။

နှစ်ယောက်သား ဆားယင်တို့ ရှိရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင်...

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။ တမန်တော်ဂိုဏ်းသားများအား တိုက်ခိုက်နေသော ဆားယင်နှင့် ဆားလီတို့မှာ...

"အား"

"အွန့်"

ရုတ်တရက် ရှုံ့မဲ့စွာ အော်ဟစ်ရင်း လဲကျသွားလေသည်။

"ဟင်"

"ဟာ"

ဆားထင်းနှင့် ဆားမုတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကာ ကြက်သေသေသွားကြ၏။ ထိုစဉ်...

"ဟူး"

အေးစိမ့်သော လေအချို့ ဝှေ့ယမ်းတိုက်ခိုက်လာလေ၏။

အဖြူရောင်လူရိပ်တစ်ခုသည် ဆားထင်းနှင့် ဆားမုတို့နှစ်

ယောက်ကြားသို့ ရိပ်ခနဲ ရောက်လာလေသည်။

"ဟင်"

ဆားထင်းတို့ ရင်ထိတ်သွားကြသည်။

လမ်းဘေးမှောင်ရိပ်ထဲ၌ ရန်သူများ ရှိနေနိုင်သေးကြောင်း မူလက သတိမူမိခဲ့ကြသော်လည်း တစ်ချက်ကလေး သတိလစ်သွားသည်နှင့် ရန်သူ၏တိုက်ခိုက်ခြင်း ခံလိုက်ရလေသည်။

"သတိထား"

ဆားထင်းက အော်ပြောရင်း ဝဲဘက်သို့ ခုန်ထွက်ကာ ရှောင်တိမ်းလိုက်လေသည်။ သို့သော်...

"မင်း ပြေးလို့ လွတ်မလား"

အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

အဖြူရောင်လူရိပ်သည် ဆားမုကို အမှုမထားဘဲ ဆားထင်းနောက်သို့ ထက်ကြပ်မကွာ လိုက်သွားကာ တိုက်ခိုက်လိုက်လေသည်။

ဆားထင်းသည် ဆက်လက်ရှောင်တိမ်းရန် မဖြစ်နိုင်တော့မှန်း ရိပ်မိလိုက်သဖြင့်...

"သည်လို အလစ်တိုက်လို့ ရမလား"

ကြုံးဝါးရင်း ချာခနဲလှည့်ကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

လေခွင်းလက်ဝါးသိုင်းကွက်ကိုပင် အသုံးချလိုက်ခြင်း ဖြစ်လေသည်။

သူ၏လေခွင်းလက်ဝါးသိုင်းကွက်ကြောင့် ရန်သူကို ဟန့်တားကာ ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။



အဖြူရောင်လူရိပ်သည် သူ မျှော်လင့်ထားသည်ထက်ပင် ပို၍ လျင်မြန်သော အရှိန်အဟုန်ဖြင့် အနီးသို့ ရောက်ရှိလာပြီး ဆားထင်း၏ယာဘက် လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်လေသည်။

"ဟင်"

ဆားထင်း မျက်နှာ ပျက်သွားသည်။

ရှောင်တိမ်းရန် ကြိုးစားသည့်တိုင် မည်သို့မျှ ရှောင်မလွတ်တော့ဘဲ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ခံလိုက်ရကာ ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရလေသည်။

"ဖျောက်"

အရိုးကျိုးသံများလည်း ထွက်ပေါ်လာလေသည်။

ဆားထင်းသည် နာကျင်သွားသော်လည်း လုံးဝအော်ဟစ်ခြင်း မပြုဘဲ အံကြိတ်ခံရင်း ကျန်လက်တစ်ဖက်ဖြင့် ထပ်မံတိုက်ခိုက်ရန် ကြိုးစားလိုက်စဉ်မှာပင် တစ်ကိုယ်လုံး မီးစဖြင့် ထိုးလိုက်သလို ပူလောင်လာသည်ဟု ခံစားလိုက်ရ၏။

ထိုပူလောင်မှုသည် မီးပုံထဲ ကျရောက်သွားကာ မီးရှို့ခံလိုက်ရသလို တစ်ကိုယ်လုံးပင် မခံမရပ်နိုင်အောင် ပူလောင်လာလေသည်။

"အဆိပ်"

သူ၏လက်တစ်ဖက် ကျိုးသွားပြီ ဖြစ်သလို အလွန်ပြင်းထန်သော အဆိပ်မိသွားပြီဖြစ်ကြောင်းလည်း နားလည်လိုက်၏။

ဆားထင်းသည် မခံမရပ်နိုင်အောင် ဖြစ်လာသည့်အဆုံး အော်ဟစ်ရန် ကြိုးစားလိုက်သော်လည်း သူ၏အသံ ထွက်ပေါ်လာခြင်း မရှိတော့ပါ။

ပါးစပ်၊ နှာခေါင်းနှင့် နားထဲမှ သွေးမည်းများ ယိုစီးကျလာလေသည်။

"ဝုန်း"

အသက်ဝိဉာဉ်ကင်းမဲ့သွားသော ခန္ဓာကိုယ်ကြီးသည်လည်း လမ်းပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားလေတော့သည်။

ဆားထင်း၏အဖြစ်ဆိုးကို တွေ့ရလျှင် ဆားမှု၏မျက်လုံးများ ပြာဝေသွားလေသည်။

"ဆားထင်း"

စူးရှစွာ အော်ဟစ်ရင်း အဖြူရောင်အရိပ်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

တမန်တော်ဂိုဏ်းသားများနှင့် တိုက်ခိုက်နေသော ဆားယင်နှင့် ဆားလီတို့မှာ အဖြူရောင်လူရိပ်၏လက်ချက်ကြောင့် မြေပေါ်လဲကျသွားပြီ ဖြစ်သည်။

ယခု ဆားထင်းလည်း သေဆုံးသွားပြီ ဖြစ်သည်။

ဆားမုက ဒေါသတကြီးဖြင့် ခုန်ဝင် တိုက်ခိုက်လိုက်လေ၏။

"ဟူး"

အဖြူရောင်လူရိပ်က လျှင်မြန်စွာဖြင့် နောက်သို့ ဆုတ်သွားလေသည်။

"ပြေးလို့ လွတ်မလား"

ဆားမုက အော်ငေါက်ရင်း ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။ သူ၏ဓားချက်များသည် ကြောက်မက်ဖွယ်ရာကောင်းအောင်ထက်မြက်နေ၏။ အဖြူရောင်လူရိပ်က ပေါ့ပါးသွက်လက်စွာဖြင့် ရှောင်တိမ်းနေသည်။



ယခုထက်တိုင် မိမိ၏တိုက်ခိုက်မှုများက အရာမထင် ဖြစ်နေရကား ဆားမုမှာ ပို၍ ဒေါသထွက်လာလေတော့သည်။

"သေပေတော့"

အော်ငေါက်ရင်း ရှေ့သို့ လျှပ်တပြက် ခုန်ဝင်ကာ ဓားဖြင့်ခုတ်ချလိုက်သည်။

အဖြူရောင်လူရိပ်က လက်တစ်ဖက် သွက်လက်စွာ လှုပ်ရှားလိုက်သည်။

"ဗုစ်... ဗုစ်... ဗုစ်"

လေတိုးသံနှင့်အတူ ဝင်းလက်သော အလင်းရောင်တန်းများ ထွက်ပေါ်လာသည်။

"ဟင်"

ဆားမု ရင်ထိတ်သွားသည်။

တိုက်ခိုက်မှုကို ကပျာကယာ ရပ်သိမ်းကာ တိုးဝင်လာသော လက်နက်ပုန်းများအား ဓားဖြင့် ရိုက်ထုတ်လိုက်လေသည်။

"တောက်... တောက်"

လက်နက်ပုန်းများမှာ မြေပေါ်၌ တဖြုတ်ဖြုတ်ဖြင့် လွင့်စင်သွားသည်။ ဆားမုက လက်နက်ပုန်းများအား ရိုက်ဖယ်လိုက်သည့် တဒင်္ဂအချိန်ကလေးမှာပင်...

"ဟူး"

အဖြူရောင်လူရိပ်က မီးခိုးတန်းသဖွယ် ပြေးဝင်လာလေတော့သည်။ တဆက်တည်းပင်...

လက်ငါးချောင်းဖြင့် ဆားမု၏ရင်ဝအား ကုပ်ဆွဲချလိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်လျင်မြန်ပြီး ရက်စက်ကြမ်းကြုတ်လှပေသည်။

ဆားမှ ကပျာကယာ နောက်ဆုတ်လိုက်သော်လည်း မလွတ်မြောက်တော့ပါ။

အဖြူရောင်လူရိပ်၏လက်ငါးချောင်းက သူ၏ရင်ဝအား ကုပ်ဆွဲချမိသွားသည်။

"အား"

ဆားမှ နာကျင်စွာ အော်ဟစ်လိုက်ပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏ရင်ဝတွင် အကျီမျိုး စုတ်ပြဲကာ သွေးချင်းချင်း နီရဲနေ၏။ အဖြူရောင်လူရိပ်အား မယုံကြည်နိုင်စွာဖြင့်ကြည့်ကာ...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

♣ ♣ ♣

"ယား"

"ဟိုင်း"

ညာသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

ဆားလွေနှင့် နန်းယုစိမ်းတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

ဆားလွေသည် နန်းယုစိမ်းအား လက်ရဖမ်းဆီးရန် ရည်ရွယ်ကာ သူ၏ဝိဉာဉ်မဲ့လက်ဝါးသိုင်းကွက်ကို အသုံးမပြုဘဲ အသာလျှိုထားခဲ့သည်။ သို့သော်...



အတန်ကြာအောင် ယှဉ်ပြိုင်ပြီးသောအခါ မဖြစ်နိုင်တော့မှန်း သဘောပေါက်လာလေတော့သည်။

သူက ဝိဉာဉ်မဲ့လက်ဝါးသိုင်းကွက်ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်သောအခါ နောက်ကျနေပြီ ဖြစ်ပါသည်။

နန်းယုစိမ်းအား စိတ်တိုင်းကျ တိုက်ခိုက်ခွင့် မရခဲ့ခြင်းမှာ အမှောင်ရိပ်ထဲမှ တစ်စုံတစ်ယောက်က လက်နက်ပုန်းများဖြင့် တိတ်တဆိတ် ချောင်းမြောင်း ပစ်ခတ်နေခြင်းကြောင့် ဖြစ်ပါသည်။

ဆားလွေ အခက်ကြုံနေစဉ်မှာပင် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး ဆားထင်းတို့လေးယောက် မရှုမလှ ခံလိုက်ရသည်ကို တွေ့ရသောအခါ စိတ်ထိခိုက်သွားလေတော့သည်။

အခြေအနေ မဟန်တော့မှန်းလည်း သဘောပေါက်လိုက်မိသည်။ မည်သို့ဆိုစေ နောက်ဆုတ်ဖို့ အချိန် မရတော့ပါချေ။

" ဟား... ဟား... ဟား"

နန်းယုစိမ်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ဆားလွေ၊ ကျုပ် ပြောတဲ့စကားကို ခင်ဗျား နားမထောင်ခဲ့တဲ့အတွက် အခုမှပဲ မှားပြီလို့ နောင်တရနေပြီ မဟုတ်လား"

ဆားလွေ မဲ့ပြုံးပြုံးလိုက်၏။

နန်းယုစိမ်းအား စေ့စေ့ကြည့်ကာ...

"ကျုပ် ဘယ်တော့မှ နောင်တမရဘူးဆိုတာ မှတ်ထားပါ၊ ကျုပ် ဘဝမှာ သည်ထက်မကတဲ့ အခက်အခဲ အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးတာပဲ၊ ကျုပ် ကြောက်နေရမှာလား"

ဟု လေသံမာမာဖြင့် ပြောလိုက်၏။

ထို့နောက်လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ဝိဉာဉ်မဲ့လက်ဝါး သိုင်းကွက်ကို ထုတ်ဖော်အသုံးပြုရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင်...

"ဝှစ်"

လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အပူရှိန်တစ်ခုသည် နောက်ကျောသို့ တိုးဝင်လာသည်ဟု ခံစားလိုက်ရလေသည်။

အလွန်အဆိပ်ပြင်းထန်ပြီး လောင်မီးကဲ့သို့ ပူလောင်သောလက်နက်ပုန်းဖြင့် တိုက်ခိုက်ခံလိုက်ရပြီဟု ဆားလွှေ ရိပ်မိလိုက်လေသည်။

အန္တရာယ် ကြုံနေရပြီ ဖြစ်ရကား နန်းကုန်းစိမ်းအား တိုက်ခိုက်နိုင်ခြင်း မပြုနိုင်တော့ဘဲ...

"ယား"

ညာဆံပေးကာ မြေပေါ်ခြေဆောင့်၍ အပေါ်ခုန်တက်ကာရှောင်တိမ်းလိုက်ရသည်။

အဖြူရောင်လူရိပ်သည် အနီးသို့ ရောက်ရှိလာပြီး လေထဲခုန်တက်လိုက်သည်။

နန်းယုစိမ်းကလည်း လေထဲ ခုန်တက်လိုက်၏။

သူတို့သည် ဆားလွှေအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

သုံးယောက်သား လေထဲမှာပင် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။



လောင်မီးလက်နက်ပုန်းအား ရှောင်လိုက်ရသဖြင့် ဆားလွှေ၏သိုင်းကွက် ပျက်ယွင်းသွားပါသည်။

လေထဲ ရောက်သွားသောအခါ နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ပိုပြီး အခက်ကြုံသွားရလေသည်။

နန်းယုစိမ်းနှင့် အဖြူရောင်လူရိပ်တို့ကလည်း အခွင့်အရေးရသည်နှင့် လုံးဝလက်လွှတ်မခံတော့ဘဲ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေသည်။

"ယား"

ဆားလွှေက ညာသံပေးကာ လေထဲ၌ပင် ခန္ဓာကိုယ် တွန့်လိမ်ကာ ရှောင်တိမ်းလိုက်သည်။

ဝိဉာဉ်မဲ့လက်ဝါးကိုလည်း အသုံးပြုကာ ဝဲယာလက်ဝါးနှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် တိုက်ခိုက်လိုက်လေသည်။

သုံးယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်လျှင်...

"ဝုန်း"

"ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်...

သုံးယောက်သား မြေပေါ်သို့ ပြန်လည် ခုန်ဆင်းပြီးသားဖြစ်သွားလေတော့သည်။

♣ ♣ ♣

ဆားလွေ၊ နန်းယုစိမ်းနှင့် အဖြူရောင်လူရိပ်တို့သည် မြေပေါ်ပြန်လည် ရောက်ရှိသွားကြပြီ ဖြစ်လေသည်။

အဖြူရောင်လူရိပ်မှာ အမျိုးသမီးတစ်ယောက် ဖြစ်ပါ၏။

ထိုအမျိုးသမီးသည် ချောမောလှပပြီး မင်းသမီးတစ်ပါးကဲ့သို့ ဝတ်စားဆင်ယင်ထားလေသည်။

သူမသည် သက်ပြင်းတစ်ချက်ချရင်း...

"ကျန်းနန်သိုင်းငါးဖော်ဟာ တကယ်လဲ အစွမ်းထက်မြက်ကြပါတယ်၊ ဒါပေမယ့် သက်ဆိုးမရှည်တာတော့ ဝမ်းနည်းစရာပဲ"

ဆားလွေကို ကြည့်ကာ ပြောလိုက်လေသည်။

ဆားလွေ၏မျက်နှာ တင်းမာခက်ထန်နေသည်။

စူးရဲသော မျက်လုံးအစုံဖြင့် အမျိုးသမီးအား စိုက်ကြည့်နေပေသည်။

အမျိုးသမီးမှာ အရိုးဖြူဂိုဏ်းချုပ်ပင် ဖြစ်သည် မဟုတ်ပါလား။ ဆားလွေက မြေပေါ် တံတွေးတစ်ချက်ထွေးရင်း...

"မင်းတို့က ထွက်ပြေးကောင်းလို့ အသက်ရှင်နေသေးတာ၊ အခုတစ်ခါ ထွက်လာတာတော့ သေချင်လို့ပဲ ဖြစ်ရမယ်"

အရိုးဖြူဂိုဏ်းချုပ် ရယ်မောလိုက်ပြီး...

"ရှင်ဟာ အခုထက်ထိတောင် ကိုယ့်အခြေအနေကိုယ် မသိသေးဘဲနဲ့ကိုး"

ဆားလွေက...

"မင်းတို့က အားကိုးရှိလို့ ဘယ်သူ့ကိုမှ မှုစရာမလိုဘူးထင်ရင် မှားသွားမှာပေါ့"

စကားဆုံးလျှင် တဟုန်တိုး ပြေးဝင် တိုက်ခိုက်လာ၏။



သူ၏နာမည်ကျော် ဝိဉာဉ်မဲ့လက်ဝါးသိုင်းကွက်ကို ထုတ်ဖော်အသုံးပြုကာ တိုက်ခိုက်လာခြင်းပင် ဖြစ်လေသည်။

အရိုးဖြူဂိုဏ်းချုပ်မှာ ဝိဉာဉ်မဲ့လက်ဝါးသိုင်းကွက်၏အစွမ်းထက်ပုံကို သိထားပေသည်။ ထို့ကြောင့်...

ထိပ်တိုက်ရင်မဆိုင်ဘဲ နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

"မင်း ပြေးလို့ ရမလား"

ဆားလွေက အော်ငေါက်ရင်း လိုက်လံ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ 'ထိုအချိန်မှာပင်...

"ယား"

နန်းယုစိမ်းက ညာသံပေးကာ ကြားဖြတ်တိုက်ခိုက်လာ၏။

ဆားလွေမှာ နန်းယုစိမ်းအား ပြန်လည်ရင်ဆိုင်လိုက်ရလေသည်။ နှစ်ယောက်သား ရင်ဆိုင်မိလျှင်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး နှစ်ဦးစလုံး ပြိုင်တူပင် နောက်ဆုတ်သွားကြရသည်။

ခပ်လှမ်းလှမ်းသို့ ရောက်သွားသော အရိုးဖြူဂိုဏ်းချုပ်က သက်ပြင်းတစ်ချက်ချရင်း...

"အင်း... အချိန်ကုန်လှပြီ၊ မြန်မြန် ပွဲသိမ်းတာပဲ ကောင်းမယ်"

ရေရွတ်ရင်း တဟုန်တိုး ပြေးဝင်တိုက်ခိုက်လာ၏။

ဆားလွေက ပြန်လည် တိုက်ခိုက်လိုက်သည်။

နန်းယုစိမ်းကလည်း ပြင်းထန်စွာ တိုက်ခိုက်လာ၏။

ဆားလွေ အံတင်းတင်း ကြိတ်လိုက်၏။ နှစ်ယောက် တစ်ယောက်မို့ သူ၏အခြေအနေမှာ ဆိုး ရွားသွားသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ဆားလွေမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေ၏။

အရိုးဖြူဂိုဏ်းချုပ်က အလွတ်မပေးပါ။

"သေပေတော့"

အော်ငေါက်ရင်း လိုက်လံ တိုက်ခိုက်လာ၏။

သူမက လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်လာသလို အဆိပ်အပ်များဖြင့်လည်း အသုံးပြု တိုက်ခိုက်လာခြင်း ဖြစ်သည်။

ဆားလွေက ကမန်းကတန်း ပြန်လည် ခုခံလိုက်ရသည်။

"ဝုန်း"

"အင့်"

ကျယ်လောင်သော အသံနှင့်အတူ ဆားလွေမှာ မသဲမကွဲ ညည်းညူရင်း ထပ်မံ နောက်ဆုတ်သွားရသည်။ ယခုတစ်ကြိမ်...

အရိုးဖြူဂိုဏ်းချုပ်က လိုက်လံတိုက်ခိုက်ခြင်း မပြုတော့ပါချေ။ နေရာတွင်ရပ်ကာ ဆားလွေအား ပြုံးစေ့စေ့ဖြင့် ကြည့်နေ၏။

ဆားလွေ နောက်ဆုတ်သွားရာမှ ကိုယ်ရှိန်သပ်ကာ ရပ်တန့်လိုက်၏။ သူ၏ခန္ဓာကိုယ်မှာ မသိမသာ တုန်ယင်နေ၏။

မျက်စိမျက်နှာလည်း ပျက်နေသည်။

ထူးခြားသည်ကား သူ၏အသားအရည်များသည် မီးကျည်မီးခဲပမာ နီရဲနေခြင်း ဖြစ်သည်။

ဆားလွေမှာ အရိုးဖြူဂိုဏ်းချုပ်၏ လောင်မီးအဆိပ် မိသွား



ပြီ ဖြစ်လေသည်။ နန်းယုစိမ်း သက်ပြင်းချလိုက်၏။

ဆားလွေအား စေ့စေ့ကြည့်ကာ...

"ကျန်းနန်သိုင်းငါးဖော်သာ ကျုပ်တို့နဲ့ မိတ်ဆွေဖွဲ့လိုက်မယ်ဆိုရင် သိုင်းလောကကို အုပ်စိုးပြီးချိန်ကျရင် ရာထူးကြီးကြီးနဲ့ နေရာကောင်းတစ်ခုရမှာတော့ သေချာတယ်၊ အခုတော့ ငရဲပြည်ကိုပဲ သွားရတော့မယ် စိတ်မကောင်းစရာပဲ"

ဟု ပြောလေသည်။ ဆားလွေ အံတင်းတင်း ကြိတ်လိုက်၏။

"ကျုပ်က ငရဲပြည်ကို သွားရမယ်ဆိုရင် မင်းတို့ကိုလည်း အဖော်ခေါ်သွားမယ်"

စကားဆုံးလျှင် တိုက်ခိုက်ရန် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းလိုက်လေသည်။

အတွင်းအား ထုတ်လိုက်တော့မှ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနေသော အဆိပ်များ ပို၍ လျင်မြန်စွာ ပျံ့နှံ့သွားရလေတော့သည်။

ဆားလွေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သွေးမည်းများသည် ပါးစပ်၊ နှာခေါင်းနှင့် နားထဲမှ စီးကျလာ၏။

မားမားမတ်မတ် မရပ်နိုင်တော့ဘဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။ နန်းယုစိမ်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ကို တိုက်ခိုက်ဖို့ ကြိုးစားတာ သိပ်မှားတယ်"

အရိုးဖြူဂိုဏ်းချုပ်က အရေးမထားဟန်ဖြင့်...

"ကျန်းနန်သိုင်းငါးဖော်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို လျှော့တွက်ခဲ့ကြတယ်၊ အခြေအနေတွေ ပြောင်းလဲနေပြီဆိုတာကို သဘောမပေါက်လို့ အခုလို စောစောစီးစီး သေသွားတာ

ပဲ အေးပါတယ်၊ ဒါမှမဟုတ်ရင်လဲ မကြာခင် သေရမှာပဲ မဟုတ်လား"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဝုန်း"

ဆားလွေ မြေပေါ် လဲကျသွားတော့သည်။

အရိုးဖြူဂိုဏ်းချုပ်သည် ငြိမ်သက်နေသော ဆားလွေအား အကဲခတ်ကြည့်ပြီးမှ နန်းယုစိမ်းဘက် လှည့်ကာ...

"ကဲ... ကျွန်မတို့ တာဝန်တစ်ခုတော့ ပြီးသွားပြီ သွားကြစို့"

ဟု ပြောလိုက်လေသည်။

"ကောင်းပြီ"

နန်းယုစိမ်း သဘောတူလိုက်သည်။

ထို့နောက်...

နှစ်ယောက်သား လမ်းဘေးအမှောင်ရိပ်ထဲသို့ ရိပ်ခနဲ ခုန်ဝင်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

♣ ♣ ♣



## မိတ်ဆွေ

စုကြူးမြို့...

စုကြူးမြို့သည် အလွန်ပင် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

စုကြူးမြို့၏လမ်းများသည် ညီညာဖြောင့်ဖြူးနေလေ၏။

လမ်းဘေးတစ်ဘက်တစ်ချက်ရှိ အိမ်ကလေးများမှာလည်း အိမ်ပုံစံခြင်း များစွာမကွာခြားလှဘဲ အစီအရီ တည်ရှိနေ၏။

စားသောက်ဆိုင်၊ ဈေးဆိုင်၊ အာမခံအပေါင်ဆိုင်၊ အရက်ဆိုင် စသည့်ဆိုင်များသည်လည်း မြို့အင်္ဂါရပ်နှင့်အညီ တည်ရှိနေလေသည်။

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများလည်း ဥဒဟို သွားလာနေကြလေသည်။

မင်းလမ်းမကြီးအတိုင်း လူရွယ်တစ်ယောက်နှင့် အဘိုးအိုတစ်ယောက် လျှောက်လှမ်းလာနေသည်။

လူရွယ်အနေဖြင့် မြင်တွေ့နေရသော အရာများအားလုံးမှာ အထူးအဆန်းများသာ ဖြစ်နေပုံရသည်။

စုကြူးမြို့၏စည်ကားသိုက်မြိုက်ပုံကို ငေးမှောကြည့်ရင်း တတွတ်တွတ် ရေရွတ်နေ၏။

"စည်ကားလိုက်တာ၊ စည်ကားလိုက်တာ"

အဘိုးအို ပြုံးလိုက်သည်။

"စုကြူးမြို့ဟာ အရင်က ဘုရင်တွေ နန်းစိုက်ခဲ့တဲ့ မြို့တော်ကြီးတစ်ခုပေါ့၊ မြို့ရဲ့ အဝန်းအဝိုင်းက ကျယ်ဝန်းတယ်၊ ရှေးဟောင်းအဆောက်အအုံတွေ နေရာအနှံ့ မြင်တွေ့နိုင်တယ်၊ နွေရာသီ ကျန်းနန်ရဲ့ အလှကို ဘယ်သူကမှ လိုက်မမီသလို မိုးအကုန် ဆောင်းအကူး စုကြူးရဲ့ အလှကို ဘယ်သူကမှ လိုက်မမီဘူး"

စုကြူးမြို့အကြောင်း တစ်စွန်းတစ ပြောပြလိုက်သည်။

"လာသား ဟိုရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ တို့ ဝင်နားပြီး စားသောက်ကြမယ်"

လူငယ်၏လက်ကို ဆွဲကာ ခေါ်သွားလေသည်။

အဘိုးအိုတို့သားအဖသည် လူစည်ကားနေသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားကြသည်။

ဆိုင်လုလင်များ သည် ပျူပျူငှာငှာ ကြိုဆိုရင်း နေရာထိုင်ခင်းပေးကြသည်။ လက်ဖက်ရည်နှင့်မုန့်များ ချက်ခြင်း လာချပေးကြလေသည်။

အဘိုးအိုသည် ရှေးဦးစွာ လက်ဖက်ရည်တခွက်ငှဲ့ကာ တစ်ငုံလောက် သောက်လိုက်လေသည်။

ချက်ခြင်းပင် သူ၏မျက်နှာပေါ်တွင် အားရကျေနပ်သည့် အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

"ကောင်းလိုက်တဲ့ ရေနွေးကြမ်း၊ ဒါဟာ ချယ်ရီပန်းခြောက်



နဲ့ ရောထားတဲ့ ရေနွေးကြမ်းပဲ"

ရေနွေးကြမ်း၌ ခတ်ထားသော လက်ဖက်ခြောက်ကို ချီးကျူးလိုက်လေသည်။

လူငယ်ကမူ ရေနွေးကြမ်းကို စိတ်မဝင်စားဘဲ ပေါက်စီတစ်လုံးကို လှမ်းယူစားသောက်လိုက်လေသည်။

မန်ထို(ခေါ်)အသား လွတ်ပေါက်စီတစ်လုံးမျိုး ဖြစ်သည်။

အသားမပါသော်လည်း စားရသည်မှာ အရသာ ရှိလှပေသည်။

"ကောင်းလိုက်တဲ့ပေါက်စီ"

လူငယ်ကလည်း ချီးကျူးလိုက်လေသည်။ တစ်ဖန်...

"ဖေဖေ ပေါက်စီစားကြည့်ပါ၊ ကျွန်တော်လည်း ရေနွေးကြမ်း သောက်ကြည့်လိုက်အုံးမယ်"

ရေနွေးကြမ်းအိုးကို မယူကာ အကြမ်းပန်းကန်လုံးအတွင်းသို့ ငှဲ့ထည့်လိုက်လေသည်။

ရေနွေးကြမ်းသည် ပန်းကန်လုံးတစ်လုံး ပြည့်လျှင် အိုးထဲ၌ ကုန်သွားလေတော့သည်။ လူငယ် အံ့အားသင့်သွားလေသည်။

"ဘယ်လို ဖြစ်တာလဲ၊ ရေနွေးကြမ်းအိုးကြီးချပြီး ရေနွေးကြမ်းက နှစ်ခွက်စာပဲ ရှိပါလား"

အဘိုးအို ပြုံးလိုက်သည်။

"သားယို့ချီ မုန့်တွေလဲ ကြည့်ပါအုံး"

"ဗျာ ဘာဖြစ်လို့လဲ အဖေ"

"ကြည့်ပါအုံး"

အဘိုးအိုက ထပ်ပြောလိုက်သဖြင့် ယို့ချီဆိုသော လူငယ်

လေးက ကြည့်လိုက်လေသည်။

ထိုအခါမှ စားပွဲပေါ်တွင် ချထားသော မုန့်ပန်းကန်များအနက် တစ်ပန်းကန်လျှင် မုန့်နှစ်ခုစီသာ ရှိနေသည်ကိုလည်းကောင်း၊ ပေါက်စီတစ်လုံး စားထားသဖြင့် ပေါက်စီပန်းကန်၌ ပေါက်စီပန်းကန် တစ်လုံးသာ ရှိနေသည်ကို တွေ့ရလေသည်။

လူငယ်(ဝါ)ယို့ချီသည် အဘိုးအိုဘက်သို့ ပြန်လှည့်လိုက်လေသည်။ အဘိုးအိုက မုန့်ပွဲများ ကြည့်ခိုင်းသည့် အဓိပ္ပါယ်ကို နားလည်သည့်သဘော ဖြစ်လေသည်။

အဘိုးအိုသည်လည်း ယို့ချီ၏အကြည့်ကို နားလည်သည့် အလားပြုံးလိုက်လေသည်။

"တခြားစားပွဲတွေက မုန့်ပန်းကန်တွေလည်း ကြည့်လိုက်ပါဦး"

ယို့ချီသည် အခြားစားပွဲများဆီသို့ လှမ်း၍ ကြည့်လိုက်ပြီးမှ

"ဖေဖေ ဘာများထူးခြားလို့လဲ"

အဘိုးအိုက သက်ပြင်းချလိုက်လေသည်။

"ဘာထူးခြားတယ်ဆိုတာ သား မသိဘူးလား၊ ဘယ်အရာကိုမဆို အသေးအဖွဲ့ကစပြီး ဂရုစိုက်ရတယ်၊ သတိထားတတ်ရတယ်လို့ ဖေဖေဆုံးမထားတယ် မဟုတ်လား"

ယို့ချီ မျက်နှာမကောင်း ဖြစ်သွားလေသည်။

မိမိတို့ စားပွဲကိုလည်းကောင်း၊ အခြားသော စားပွဲများကိုလည်းကောင်း ထပ်မံအကဲခတ်ကြည့်လိုက်သည်။

ဖခင်အဘိုးအို ဆိုလိုသည့် သဘောအဓိပ္ပါယ်ကို နားလည်အောင် ကြိုးစားလိုက်၏။



မကြာပါချေ။

ယို့ချီ မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေတော့သည်။

"ကျွန်တော် သဘောပေါက်ပြီ ဖေဖေ"

အဘိုးအို ကျေနပ်သွားသည်။

စိတ်ထဲမှ ဆေးတံတစ်ချောင်း ထုတ်ယူကာ မီးညှိရှိုက်ပြီးမှ မေးလိုက်လေသည်။

"ကဲ... သဘောပေါက်ပြီဆိုရင် ဖေဖေကို ရှင်းပြစမ်းပါအုံး"

"ဒီလိုပါ ဖေဖေ၊ ဆိုင်ထဲမှာရှိတဲ့ စားပွဲတွေကို ကြည့်ရင် လူတစ်ယောက် ရှိတဲ့ စားပွဲမှာ လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်မျိုးကို တစ်ခုစီနှင့် ရေနွေးကြမ်းတစ်ခွက်စာပဲ ရှိပါတယ်၊ လူနှစ်ယောက်ဆို နှစ်ခွက်၊ နှစ်ခု၊ သုံးယောက်ဆို သုံးခွက်၊ သုံးခု၊ လက်ဖက်ရည်တစ်ခွက်၊ ရေနွေးကြမ်းတစ်ခွက်၊ ကြိုက်ရာမုန့်လဲ တစ်ခုပဲ ရရှိနိုင်ပါတယ်၊ လူတစ်ယောက်တည်း မုန့်တစ်မျိုးကို နှစ်ခုစားလို့ မရနိုင်ပါဘူး၊ ရေနွေးကြမ်းနှစ်ခွက်လည်း သောက်လို့မရပါဘူး"

"ကျွန်တော်တို့သားအဖနှစ်ယောက်ရဲ့ စားပွဲမှာ ဖေဖေဟာ ရေနွေးကြမ်းနှစ်ခွက် သောက်လိုက်မယ်ဆိုရင် ကျွန်တော် သောက်ရတော့မှာ မဟုတ်ပါဘူး၊ ကျွန်တော်က ပေါက်စီနှစ်လုံး စားလိုက်မယ် ဆိုရင် ဖေဖေ စားစရာ ရှိတော့မှာ မဟုတ်ဘူး၊ လူတစ်ယောက်စာအတွက် တိုင်းတာသတ်မှတ်ပြီး စီစဉ်ထားတာပါ"

"ဒီလိုမှပေါ့ သားရဲ့ အတွေးအခေါ်နဲ့ သိမြင်နိုင်မှုစွမ်းအားအတော့်ကို တိုးတက်လာပြီ ဖေဖေ ကျေနပ်ပါတယ်၊ သား ပြောတာမှန်ပါတယ်၊ တခြားဆိုင်တွေမှာ စီစဉ်ကားပုံနဲ့ ဒီဆိုင်မှာ စီစဉ်ထားပုံဘယ်လိုမှ တူနိုင်မှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် ဒီဆိုင်ဟာ

စာရင်းကိုင် သံပေသီးရှမ်းစုရဲ့ဆိုင် ဖြစ်နေလို့ပဲ"

"ဟင်"

"ဖေဖေ ဒါ ဦးလေးရှမ်းစုရဲ့ဆိုင် ဟုတ်လားဟင်၊ ဒါ တကယ်ပဲနော်"

"ဟုတ်တယ် သား"

"ဒါဖြင့် ဦးလေးရှမ်းစုကို ကျွန်တော် တွေ့ချင်လိုက်တာ"

"တွေ့ရမှာပေါ့၊ ရေနွေးကြမ်းကို ဖေဖေ သောက်လိုက်မယ်နော်"

"ဟုတ်ကဲ့ ဖေဖေ"

အဘိုးအိုသည် ငှဲ့ထားသော ရေနွေးကြမ်းပန်းကန်ကို ယူကာ ဖြည်းဖြည်းချင်း အရသာခံကာ သောက်လိုက်လေသည်။

ရေနွေးကြမ်းကုန်လျှင် ခွက်ကို စားပွဲပေါ်ကို မချဘဲ ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်လေသည်။

"ခွမ်း"

ကြမ်းပြင်ပေါ် ကျသွားသော ရေနွေးကြမ်းပန်းကန်မှာ အစိတ်စိတ်အမွှာမွှာ ကွဲအက်ကြေမွသွားလေတော့သည်။

ဆိုင်ထဲ၌ စကားပြောသံ၊ ရယ်သံ၊ ဝင်ထွက်သွားလာကြသူများ၏ ခြေသံများဖြင့် ဆူညံနေပါ၏။

ရေနွေးကြမ်းပန်းကန်ကို ဖခင်ဖြစ်သူ အဘယ်ကြောင့် တမင် လွှတ်ချလိုက်သည်ကို ယို့ချီ နားမလည်နိုင်အောင် ဖြစ်နေပါ၏။

ဖခင်ဖြစ်သူအား ကြည့်လိုက်သောအခါ ပြုံးနေသည်ကို တွေ့ရလေသည်။

"ဖေဖေ ဘာကြောင့် ရေနွေးကြမ်းပန်းကန်ကို ချခွဲပစ်လိုက်



ရတာလဲ"

အဘိုးအို၏အပြုံးသည် ပို၍ ဝိပြင်လာလေသည်။

ယို့ချီ၏အမေး မဖြေပါ။

ထိုစဉ် ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

ဆိုင်လုလင်များနှင့် အဘိုးအိုတစ်ယောက် ရောက်ရှိလာ၏။

ထိုအဘိုးအိုမှာ ဆိုင်ရှင် ဖြစ်လေသည်။

ဆိုင်ရှင်အဘိုးအိုသည် တစ်စုံတစ်ခုအား စိတ်ဆိုးဒေါသထွက်နေသည့်အလား မျက်နှာကြီး နီမြန်းနေ၏။

"ကျုပ်ဆိုင်က ဧည့်ဝတ်မကျေရင် ပြောကြပါ၊ ဒါပေမယ့် ကျုပ်ဆိုင်က ပန်းကန်တစ်ခုခု ပျက်စီးခဲ့ရင်လဲ ဧည့်သည်က တာဝန်မကျေတဲ့အတွက် ပန်းကန်တန်ဖိုးကို နှစ်ဆလျော်ရလိမ့်မယ်"

ဟု ကျယ်လောင်သော လေသံဖြင့် ပြောလေသည်။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ရပါတယ်ဗျာ၊ မတော်တဆ လွတ်ကျပြီး ကွဲသွားတာ ဆိုပေမယ့် ကျုပ်က တန်းဖိုးနှစ်ဆ ပေးလျော်ပါ့မယ်၊ ကဲ... ဘယ်လောက်ကျသလဲ တွက်လိုက်ပါဗျာ"

"ကောင်းပြီ"

ဆိုင်ရှင်အဘိုးအိုက မျက်နှာထားတင်းတင်းဖြင့်ပင် အသင့်ယူဆောင်လာသော သံပေသီးတံတစ်ခုကို ထုတ်ကာ တစ်ချောက်ချောက်မြည်အောင် တွက်လိုက်လေသည်။

ယို့ချီက အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

သူ့ဖခင် ပြုလုပ်သမျှ ထူးခြားသော အကြောင်းကိစ္စများ ရှိနေသည်ဟု ယုံကြည်မိသဖြင့် ငြိမ်နေလိုက်ခြင်းလည်း ဖြစ်ပေ၏။

ယို့ချီ၏ဖခင် အဘိုးအို၏အမည်မှာ ယို့ဖုံး ဖြစ်သည်။ ယို့ချီက ငွေတုံးလေတစ်တုံးကို ကြို့တင်နှိုက်ယူထားလိုက်စဉ်မှာပင် ဆိုင်ရှင်အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်။

"ရေနွေးကြမ်းပန်းကန် ကွဲသွားတဲ့အတွက် စုစုပေါင်း ငွေခြောက်ဆယ်ကျော် ကျတယ်"

ယို့ချီ မျက်လုံးပြူးသွားသည်။

ငွေခြောက်ဆယ်သည် သူတို့သားအဖ ညမနက်စာ ကောင်းကောင်း ဝယ်စားနိုင်သည့် ငွေကြေးပမာဏ မဟုတ်ပါလား။

ဆိုင်ရှင်က ငွေကို မတရားယူသည်ဟု ဝင်ပြောရန် ဟန်ပြင်လိုက်စဉ် ဖခင်ဖြစ်သူ ယို့ဖုံးက ကျေကျေနပ်နပ် ပေးလိုက်သည်ကို တွေ့ရလေသည်။

"ကောင်းပါပြီဗျာ၊ ဟောဒီမှာ ငွေခြောက်ဆယ်ပါ မိတ်ဆွေဟာ စာရင်းတွက်တဲ့ နေရာမှာ တယ်တော်ပါလား"

ဆိုင်ရှင်က ငွေခြောက်ဆယ်ကို ယူလိုက်သည်။

"လူအများနဲ့ အလုပ်လုပ်တာ စာရင်းဇယားမနိုင်လို့ ဘယ်ဖြစ်ပါ့လဲ၊ ရင်းနှီးထားသမျှ တစ်ပြားမှ မကျန်ဘဲ ရှုံးသွားမှာပေါ့၊ ကျုပ်ကတော့ စာရင်းဇယားကို ဂရုစိုက်တယ်၊ ငွေတစ်ပြားတစ်ချပ်မှ မကွာစေရဘူး"

သူ၏စာရင်းကိုင်ပညာကို ဂုဏ်ယူဝံ့ကြွားသည့်သဘောဖြင့် ပြောလေသည်။ ယို့ဖုံး ရယ်မောလိုက်သည်။

"မိတ်ဆွေဟာ ဘာမဟုတ်တဲ့ လက်ဖက်ရည်ဆိုင်ကလေး ထောင်မနေဘဲ ကြီးကျယ်ခမ်းနားတဲ့ နေရာတစ်ခုခုမှာ အိမ်တော်ထိန်းလုပ်လိုက်ရင် ပိုကောင်းမယ်၊ အသေးအဖွဲ့ ကိစ္စလေးတွေနဲ့



အလုပ်မရှုပ်တော့ဘူးပေါ့"

"ဟင်"

ဆိုင်ရှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယို့ဖုံးကိုလည်း မျက်လုံးကျွတ်မတတ် စိုက်ကြည့်လိုက်လေသည်။ ယို့ဖုံး အမှုမထားဘဲ ယို့ချီအား ခေါင်းညိတ်ပြလိုက်သည်။

"သား သွားကြစို့"

"ကောင်းပါပြီ ဖေဖေ"

ယို့ချီလည်း အလိုက်သိစွာဖြင့် ထိုင်ရာမှ ထလိုက်သည်။

"လာသား"

ယို့ဖုံးသည် ဆိုင်ရှင်ကို တချက်ကလေးပင် မကြည့်ဘဲ ယို့ချီ၏လက်ကို ဆွဲကာ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

ဆိုင်ရှင်က မိမိတို့အား မျက်စိတစ်ဆုံး ကြည့်နေမည်ဖြစ်ကြောင်း ယို့ဖုံး နားလည်ထားလေတော့သည်။

♣ ♣ ♣

## မိတ်ဆွေဟောင်း

လမ်းပေါ်၌ လူစည်ကားလျက် ရှိမြဲရှိနေဆဲ။

ယို့ဖုံးနှင့် ယို့ချီတို့သားအဖသည် မင်းလမ်းမကြီးအတိုင်း မြို့အနောက်ဘက်သို့ လျှောက်လာခဲ့ကြလေသည်။

လက်ဖက်ရည် ဆိုင်လေးနှင့် အတော်ဝေးဝေးသို့ ရောက်သောအခါ ယို့ချီသည် မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"ဖေဖေ ဆိုင်ရှင်ဟာ ဦးလေးရှမ်းစုလား"

သူ၏အမေးစကားကြောင့် ယို့ဖုံး ခြေလှမ်းရပ်သွားသည်။ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်သည်။

တဖန် မလုံမလဲ လေသံဖြင့် ပြောလေသည်။

"သား ဒီနေရာမှာ လူများတယ်၊ မြို့ပြင်ကို ရောက်မှ ပြောပြမယ်၊ ကဲ... လာ"

"ဟုတ်ကဲ့ ဖေဖေ"

ယို့ချီလည်း ထပ်မံမမေးတော့ဘဲ အသာအယာပင် လိုက်ပါသွား၏။

ဈေးဆိုင်များ၊ အဆောက်အဦးများကို ကျော်သွားကြပြီး အတန်ကြာလျှင် လမ်းတစ်လျှောက် လူရှင်းလာကာ မြို့ပြင်သို့



ရောက်မှန်းမသိ ရောက်လာသည်။

ယို့ဖုံးသည် အရွက်ဖားဖားကျကာ စိုပြည်စိမ်းလန်းနေသော သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေလှမ်းရပ်လိုက်သည်။

သစ်ပင်ရင်းမှ သစ်မြစ်ဆုံပေါ်၌ ထိုင်ချလိုက်ရာ ယို့ချီ ဖခင်နှင့် မလှမ်းမကမ်းတွင် ထိုင်ချလိုက်ရလေသည်။

ယခု ယို့ဖုံး၏မျက်နှာ တည်ကြည်လေးနက်နေပါ၏။

မိမိအား အကျိုးအကြောင်း ပြောပြတော့မည်ဟု ယို့ချီ ထင်မှတ်နေစဉ်မှာပင် အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်တစ်ခု လျင်မြန်စွာ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ယို့ချီ အံ့ဩသွားသည်။

"ဘယ်သူပါလိမ့်"

သူ တွေးတောနေစဉ်မှာပင် လူရိပ်သည် အနီးသို့ ရောက်လာပြီ ဖြစ်လေသည်။

ထိုအခါမှ လက်ဖက်ရည်ပိုင်ရှင် အဘိုးအို ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုမှာ သိုင်းပညာတတ်မြောက်ထားကြောင်း အထင်းသားပေါ်လွင်နေပါတော့သည်။

အဘိုးအိုသည် ယို့ချီတို့နှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်လိုက်လေသည်။

ယို့ချီတို့သားအဖနှစ်ယောက်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးမှ လက်ဝှေ့ယမ်းပြလိုက်လေသည်။

သူ၏လှုပ်ရှားပုံမှာ ပင်လယ်ရေပြင်ထဲမှ ရေလှိုင်းများ ဖြစ်ပေါ်နေပုံမျိုး ရှိလေသည်။

ယို့ဖုံးကလည်း ပြန်လည်၍ လက်ဝှေ့ယမ်းပြလိုက်သည်။

ဘူ၏လက်ဝှေ့ယမ်းပြပုံမှာ မိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် မိုးကြိုးပစ်ချလိုက်သည့် ပုံသဏ္ဍာန်မျိုး ရှိနေပါသည်။

ယို့ချီက အခြေအနေကို အကဲခတ်ကြည့်နေ၏။

သူသိထားသော အကြောင်းအရာများ ရှိသကဲ့သို့ မသိသေးသော အကြောင်းကိစ္စများစွာ ရှိနေသေးကြောင်း ကောင်းကောင်းကြီး သဘောပေါက်ထားသည် မဟုတ်ပါလား။

အဘိုးအိုနှင့် ယို့ဖုံးတို့သည် ထူးခြားသော သင်္ကေတ အမှတ်အသားများ ပြုလုပ်ပြလိုက်သည်နှင့်...

"ဟား... ဟား... ဟား"

ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

သူတို့၏ရယ်မောသံများ ထွက်ပေါ်လာလျှင် ယို့ချီ၏ရင်ထဲ အလိုလို ပျော်ရွှင်လာကာ ရယ်မောလိုစိတ်များပင် ဖြစ်ပေါ်လာရလေသည်။

အဘိုးအိုသည် ရယ်မောပြီး မျက်နှာကို လက်ဝါးဖြင့် ပွတ်လိုက်ရာ မျက်နှာဖုံးတုတစ်ခု ကွာကျပြီး တည်ကြည်ခန့်ညားသော အဘိုးအိုတစ်ယောက်၏ရုပ်သွင် ဖြစ်ပေါ်လာလေသည်။

ယို့ဖုံးကလည်း အားကျမခံ မျက်နှာပေါ်မှ မျက်နှာဖုံးတုကို ချွတ်ချလိုက်လေသည်။

ယို့ချီကလည်း သူ၏မျက်နှာပေါ်တွင် စွတ်ထားသော မျက်နှာဖုံးတုကို ချွတ်ရန် ဟန်ပြင်လိုက်သောအခါ ယို့ဖုံးက လက်ကာပြသဖြင့် မချွတ်ဘဲနေလိုက်ရ၏။

သူတို့သုံးယောက်စလုံး အလွန်ပီရိ သေသပ်သော မျက်နှာ



ဖုံးများတပ်ဆင်ကာ ရုပ်ဖျက်ထားကြသည်တကား။

"ယို့ဖုံး"

"ရှမ်းစု"

ယို့ဖုံးနှင့် ဆိုင်ရှင်အဘိုးအို(ဝါ)ရှမ်းစုတို့သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကာ နှုတ်ဆက်လိုက်ကြလေသည်။

ယို့ဖုံးက စကားစလိုက်သည်။

"ရှမ်းစု ကျုပ်ကို အရေးတကြီး တွေ့ချင်တယ်ဆိုလို့ တကူးတကလာခဲ့ရတာ လမ်းခရီးမှာ အခက်အခဲ အမျိုးမျိုး တွေ့ခဲ့ရတယ်၊ ဒါပေမယ့် ကျုပ်တို့က ရုပ်ဖျက်လာတာကတစ်ကြောင်း တော်ရုံတန်ရုံ ကိစ္စတွေမှာ ပရိယာယ်သုံးနိုင်တာကတစ်ကြောင်းမို့ ဒီအထိ ချောချောမောမော ရောက်လာခဲ့တယ်"

"လွန်ခဲ့တဲ့ငါးနှစ်က ဖြစ်ပေါ်ခဲ့တဲ့ ကံဆိုးမှုတွေ ခုထိ မပြီးနိုင်သေးပါလား"

"ခုမှ ပိုပြီး ပြိုင်ပြိုင်ဆိုင်ဆိုင် ဖြစ်လာတာဗျ"

"ဟုတ်တယ်"

"သိုင်းလောက ပျောက်ကွယ်သွားခဲ့တဲ့ အနက်ရောင်သိုင်းဂိုဏ်းတွေဟာ ပြန်ပြီး ပေါ်လာကြတယ်၊ အဖြူရောင်သိုင်းဂိုဏ်းနဲ့ သိုင်းသမားတွေကို လိုက်ပြီး တိုက်ခိုက်နေကြတယ်၊ စည်းရုံးသိမ်းသွင်းနေကြတယ်"

"သိုင်းလောကကြီး ခုလို လှုပ်ရှားလာတာဟာ နောက်ကွယ်ကနေ တစ်စုံတစ်ယောက်က မြှောက်ပင့်ပေးနေလို့ပဲ၊ အနက်ရောင်သိုင်းဂိုဏ်းတွေကို ကူညီထောက်ပံ့ပေးနေလို့ပဲ၊ ဒီကိစ္စဟာ သိုင်းရာဇာလေးဖော်နဲ့လဲ ပတ်သက်နေလိမ့်မယ်"

"သိုင်းရာဇာလေးဖော်"

ရှမ်းစု ရေရွတ်လိုက်လေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်နေသည့်အပြင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များလည်း ဖြစ်ပေါ်လာလေသည်။

ယို့ချီက ငေးကြည့်နေ၏ သိုင်းရာဇာလေးဖော်ဆိုသည်ကား တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားလေးဦးပင် ဖြစ်လေသည်။

နေမင်းရာဇာ (ယို့မုပင်း)

သွေးနဂါး(လုံက ၂န်း)

ဓားသခင် (ကျင်းတိမိန်)

သံမဏိလက်ညှိုး (စုမာဖုံး)

ထိုသိုင်းရာဇာလေးဖော်သာ ပူးပေါင်းလိုက်မည်ဆိုပါက သိုင်းလောကတစ်ခုလုံးအား လွှမ်းမိုးနိုင်သည်ဟု အဆိုရှိလေသည်။

သိုင်းရာဇာလေးဖော်ဟူသော အမည်ကြောင့် အားလုံးတိတ်ဆိတ်ငြိမ်သက်ပြီး အတော်လေးကြာမှ ယို့ဖုံးက စကားစလိုက်လေသည်။

"ကျုပ်ကို အရေးတကြီး ခေါ်ရတဲ့ အကြောင်းအရင်းကို ပြောပါအုံးဗျာ"

ရှမ်းစု ခေါင်းညိတ်လိုက်သည်။

"ပြောတာပေါ့ဗျာ၊ ခဏနေပါဦး"

သူသည် ယို့ချီထံသို့ လှမ်းသွားလိုက်လေသည်။

လက်နှစ်ဖက်ဆုပ်ကာ ယို့ချီကို ဦးညွှတ်လိုက်လေသည်။

"သခင်လေးကို ဂါရဝပြုပါတယ်"



ယို့ဖုံးက မေးလိုက်သည်။

"သခင်မလေးကျင်းကျင်းဟာ ယင်စန်းသီလရှင်ကျောင်းမှာ ပုန်းအောင်းနေတယ်၊ သီလရှင်ကူးလျှံက သူ့ကို စောင့်ရှောက်ထားတယ်"

ရှမ်းစု စကားကြောင့် ယို့ဖုံးမှာ ယခုချက်ချင်းပင် ယင်စန်းသီလရှင်ကျောင်းသို့ သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

"ကျုပ်တို့ အခု သွားတွေ့ကြရင် မကောင်းဘူးလား"

"ဒီထက် ပိုပြီး အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်"

"ဘာများလဲဗျ"

"နဂါးစံအိမ်သခင်ကို တွေ့ထားလို့ပါ"

"ဟာ"

ယို့ဖုံးမှာ မယုံနိုင်အောင် ဖြစ်သွားလေသည်။

သိုင်းရာဇာလေးဖော်၏စံအိမ်များ ပျက်စီးသွားပြီး စံအိမ်ပိုင်ရှင်များ သေဆုံးသွားခဲ့ရသည်။ ယခုတော့ နဂါးစံအိမ်ပိုင်ရှင်အသက်ရှင်လျက် ရှိနေ ကြောင်း သိလိုက်ရပြီ ဖြစ်သည်။

"စံအိမ်အားလုံး ပျက်စီးသွားခဲ့တယ်၊ ပိုင်ရှင်တွေအားလုံး သေဆုံးသွားခဲ့ကြတယ်၊ ဒါပေမယ့် နဂါးစံအိမ်ပိုင်ရှင် အသက်ရှင်လျက် ရှိနေတယ်ဆိုတာ သိလိုက်ရတာ အတော့်ကို ထူးဆန်းနေပါပြီဗျာ"

"ဟုတ်တယ်၊ သူ့အကြောင်းကိုသိကြားရတာ မကြာသေးဘူး၊ စံအိမ်ပိုင်ရှင်ကြီးဟာ အတွင်းဒဏ်ရာရထားလို့ တိတ်တဆိတ်ဆေးဝါးကုသနေရတယ်လို့ သိရတယ်"

ယို့ဖုံးနှင့် ယို့ချီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်

လိုက်မိကြလေသည်။ သူတို့၏ရင်ထဲ၌ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်နေလေသည်။

ဂေဟာလေးခု ပျက်စီးသွားရသည့်ကိစ္စနှင့် ပတ်သက်ပြီး သူတို့၏အယူအဆမှာ တစ်မျိုးဖြစ်သည်။

ထိုအယူအဆကို သူတို့၏ ရင်ထဲမှာပင် သိမ်းဆည်းထားလေသည်။ ရှမ်းစု ဆက်ပြောလိုက်သည်။

"နဂါးစံအိမ်ပိုင်ရှင်ဟာ ပန်းနီကျေးရွာမှာ ခိုလှုံနေပါတယ်၊ သူ့ရဲ့ ဝေဒနာကို ပန်းနီကျေးရွာက သမားတော်တွေ ကုသပေးမယ့် မသက်သာလို့ သိုင်းလောက သမားတော်တွေကို ဖိတ်ကုသဖို့ ကြိုးစားခဲ့တယ်၊ ဒါကြောင့်လဲ နဂါးစံအိမ်ပိုင်ရှင်ရဲ့သတင်း ပေါ်ပေါက်လာတာပါ၊ ခုတလော သိုင်းသမား တော်တော်များများ လုပ်ကြံခံနေရတာဟာလဲ ဒီကိစ္စနဲ့ ပတ်သက်လို့ပါပဲ"

"ကျုပ်တို့ လာခဲ့တဲ့ လမ်းခရီးတလျှောက်မှာ သိုင်းလောကက ပျောက်ကွယ်သွားခဲ့ကြတဲ့ လူဆိုးဂိုဏ်းတွေ ပြန်ပေါ်လာတာကို တွေ့ခဲ့ရတယ်၊ သူတို့ဟာ နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေကြတယ်၊ ကျုပ်တို့တောင် မနည်းရှောင်ကွင်းပြီး လာခဲ့ကြတာ"

"အမှန်တော့ ပန်းနီကျေးရွာကို သွားမယ့် သိုင်းသမားတွေနဲ့ သမားတော်တွေကို ဟန့်တားနေကြတာပါ၊ နဂါးစံအိမ်ပိုင်ရှင်ကို ဆေးကုသပေးမယ့် သမားတော်တွေ လုပ်ကြံခံရတာ သုံးလေးယောက်မကတော့ဘူး"

နဂါးစံအိမ်ပိုင်ရှင် အသက်ရှင်နေသည်ဆိုလျှင် ဂေဟာလေးခုအား ဖျက်ဆီးခဲ့သည့် တရားခံကို ဖော်ထုတ်နိုင်ဖို့ အခွင့်အလမ်းရှိနေပြီ ဖြစ်လေသည်။ ယို့ဖုံးသည် ရှမ်းစုအား စိုက်ကြည့်လိုက်သည်။



"ကျုပ်တို့ ပန်းနီကျေးရွာကို သွားကြရင် မကောင်းဘူးလား"

ရှမ်းစု သက်ပြင်းချလိုက်သည်။

"ပန်းနီကျေးရွာအကြောင်းကို ခင်ဗျားလည်း သိပါတယ်၊ သူတို့ သဘောမတူဘူးဆိုရင် ပန်းနီကျေးရွာနဲ့ ဆယ်မိုင်ပတ်လည်ကို ဘယ်သူမှ ထိလို့မရဘူး"

"ကျုပ်တို့ဟာ ဂေဟာလေးခုက လူတွေမဲ၊ နဂါးစံအိမ်ပိုင်ရှင်ကိုသွားပြီး ဂါရဝပြုမှာကို ဘာကြောင့် လက်မခံနိုင်ရမလဲ"

"အခြေအနေတွေက အတော့်ကို ရှုပ်ထွေးနေတယ်၊ ကျုပ်တို့ သွားတွေ့လဲ၊ သူတို့က မရှိဘူးလို့ ငြင်းမှာပဲ"

"ဘာပဲဖြစ်ဖြစ် သွားတွေ့တာ မမှားဘူး၊ ဒါမှ မိုးထိတောင်ကိစ္စ အဖြေရှာလို့ရမယ်"

မိုးထိတောင်သည် သိုင်းလောက၏ အထင်ကရ တောင်တစ်လုံး ဖြစ်ပါသည်။

ထိပ်သီးသိုင်းသမားကြီးများ သိုင်းပညာ ယှဉ်ပြိုင်ရာနေရာဖြစ်သလို အရေးကြီးသော ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်လေ့ရှိသော နေရာလည်း ဖြစ်သည်။

သိုင်းရာဇာလေးဖော်နှင့် မိုးထိတောင်မှာလည်း ခွဲခြား၍မရ ဖြစ်ခဲ့ရလေသည်။ သိုင်းရာဇာလေးဖော်သည် အရေးကြီးသောကိစ္စတစ်ခု ဆွေးနွေးရန် မိုးထိတောင်၌ ဆုံခဲ့ကြသည်။

မိုးထိတောင်မှ အပြန်တွင် မမျှော်လင့်ဘဲ လုပ်ကြံခံခဲ့ရသည်။ ထို့နောက်...

ဂေဟာလေးခုစလုံး ဆက်လက် ဖျက်ဆီးခံခဲ့ရလေသည်။

သိုင်းရာဇာလေးဖော်မှ အရှင်သခင်များတွင် နဂါးစံအိမ်ပိုင်ရှင်မှာ အသက်ရှင်နေသဖြင့် ရန်သူ၏အကြောင်းကို သိနေရမည်ဟု ယို့ဖုံးတို့ ယုံကြည်လိုက်ကြခြင်း ဖြစ်လေသည်။

ယို့ဖုံးသည် ရှမ်းစုအား မေးလိုက်သည်။

"ကျုပ်တို့ သွားကြမယ် မဟုတ်လား"

"ခုတော့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲဗျ"

"ပန်းနီကျေးရွာကို သွားဖို့ထက် ယင်စန်းသီရှင်ကျောင်းကို သွားဖို့က ပိုပြီးအရေးကြီးတယ်"

ယို့ဖုံး မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်လို့လဲဗျ"

"သခင်မလေးကျင်းကျင်းကို ရန်သူတွေက ခြေရာခံမိသွားကြပြီ၊ သူ့ အချိန်မရွေး ဒုက္ခရောက်သွားနိုင်တယ်၊ ကျုပ်တစ်ယောက်တည်း သွားပြီး ကူညီဖို့ထက် ခင်ဗျား ပါလာမှ ရန်သူကို ရင်ဆိုင်နိုင်မယ်လို့ ယုံကြည်လို့ ခင်ဗျားကို အရေးတကြီး ဆက်သွယ်လိုက်တာပဲ"

ယို့ဖုံး အနည်းငယ် စဉ်းစားလိုက်လေသည်။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ယို့ချီက ဝင်ပြောလိုက်သည်။

"ဟုတ်တယ် အဘ၊ ကျွန်တော်တို့ ကျင်းကျင်းဆီကို အရင်သွားတာ ပိုကောင်းလိမ့်မယ်"

ယို့ချီတို့ နေဝန်းဂေဟာနှင့် ကျင်းကျင်းတို့ သံမဏိရဲတိုက်သည် ခင်မင်ရင်းနှီးမှု ရှိခဲ့လေသည်။



ယို့ချီနှင့် ကျင်းကျင်းတို့သည် သက်တူရွယ်တူ ဖြစ်ကြပြီး မိဘများ ရင်းနှီးကြသလို လူငယ်ခြင်းလည်း ရင်းနှီးမှု ရှိလေသည်။

ကျင်းကျင်းအား သီလရှင်ကူးလျှံက စောင့်ရှောက်ထားသည့်တိုင် လုံးဝစိတ်ချရမည်ဟု ယို့ချီ မထင်မှတ်ပေ။

ရန်သူများကား အင်အားကောင်းလှပေသည်။

သီလရှင်ကူးလျှံမှာ ထိပ်သီးသိုင်းသမား ဖြစ်သော်လည်း ဉာဏ်များလှသည့် ရန်သူများအား ရင်ဆိုင်ဖို့ လွယ်မည်မဟုတ်ချေ။

နဂါးစံအိမ်ပိုင်ရှင်ကိုမူ ပန်းနီကျေးရွာက အင်နှင့်အားနှင့် ကာကွယ်စောင့်ရှောက်ထားလေသည်။

နဂါးစံအိမ်ပိုင်ရှင်နှင့်စာလျှင် ကျင်းကျင်းမှာ ပို၍ အန္တရာယ်ရှိသည်ဟု ယို့ချီ ယုံကြည်ထားသည်မှာ မှားမည်မဟုတ်ပါချေ။

ယို့ဖုံး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ သီလရှင်ကူးလျှံဆီကို သွားကြတာပေါ့"

ရှမ်းစု ဝမ်းသာသွားသည်။

"ကဲ... ကျုပ်နောက် လိုက်ခဲ့ပါ"

သူတို့ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်...

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရိပ်များ ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

♣ ♣ ♣

## ကျွန်ရစ်ခဲ့သူ

အနက်ရောင်ဝတ်ဆင်ထားသော မျက်နှာဖုံးစွပ်ထားသော သူများ ပြေးလွှားရောက်ရှိလာကြသည်။

ထိုလူများသည် ယို့ဖုံးတို့အား ချက်ခြင်း ဝိုင်းရံထားလိုက်ကြလေသည်။ ယို့ဖုံး သက်ပြင်းချလိုက်သည်။

ယို့ချီကလည်း တီးတိုးရေရွတ်လိုက်လေသည်။

"တမန်တော်ဂိုဏ်းက လူတွေပါလား"

မှန်ပေသည်။ ထိုလူများမှာ တမန်တော်ဂိုဏ်းသား ဖြစ်ကြလေသည်။သူတို့အား ဦးဆောင်လာသူမှာ နန်းယုစိမ်း ဖြစ်သည်။

နန်းယုစိမ်းသည် ယို့ချီတို့အား ကြည့်ကာ တဟားဟား ရယ်မောလိုက်သည်။

"ယို့ဖုံး၊ ခင်ဗျား ကျုပ်လက်က ပြေးမလွတ်ပါဘူး"

ယို့ဖုံး သက်ပြင်းချလိုက်သည်။

"တမန်တော်ဂိုဏ်း သိုင်းလောကကို ပြန်ထွက်လာခဲ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး"

"ဟား... ဟား... ဟား"

နန်းယုစိမ်းသည် ရယ်မောရင်း ရှေ့တိုးလာသည်။



"ခင်ဗျား အထင်သေးရင် မှားမယ်၊ တမန်တော်ဂိုဏ်းဟာ အရင်ကလို မဟုတ်တော့ဘူး"

"ဒါပေမဲ့လေ ခင်ဗျားတို့ကို နောက်ကွယ်ကနေ ကူညီပံ့ပိုးနေတဲ့လူ ရှိနေတယ် မဟုတ်လား၊ အဲဒီလူဟာ ဂေဟာလေးခုကို ဖျက်ဆီးပစ်ခဲ့တဲ့လူပဲ"

နန်းယုစိမ်း လက်ဖော့ယမ်းလိုက်သည်။

"အပိုတွေ ပြောမနေနဲ့ သေဖို့သာ ပြင်ထား"

စကားဆုံးလျှင် စတင် တိုက်ခိုက်လိုက်လေသည်။

ကျန်တမန်တော် သိုင်းသမားများသည်လည်း ယို့ချီနှင့် ရှမ်းစုတို့အား တိုက်ခိုက်လိုက်ကြသည်။

ရှမ်းစု၊ ယို့ချီနှင့် ယို့ဖုံးတို့သည်လည်း ချက်ခြင်း ပြန်လည် တိုက်ခိုက်လိုက်ကြလေသည်။ တိုက်ပွဲ ပြင်းထန်လှသည်။

"ဝုန်း"

"အုန်း"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ယို့ချီတို့ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် တမန်တော်ဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ယို့ဖုံးနှင့် နန်းယုစိမ်းတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြသော အခါ...

"ဝုန်း"

နန်းယုစိမ်း ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

ယို့ဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"နန်းယုစိမ်း ကျုပ် ပြောတယ် မဟုတ်လား၊ သိုင်းလောက

ထဲကို ပြန်ပြီး ထွက်လာတာ ခင်ဗျား မှားနေပြီ"

နန်းယုစိမ်း နောက်ဆုတ်လိုက်သည်။

သူ၏လူများ အခြေအနေ မဟန်တော့သဖြင့်...

"ကျုပ်တို့ ပြန်ပြီး တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ရိပ်ခနဲ ခုန်ထွက်သွားလေတော့သည်။

"မပြေးနဲ့"

ယို့ဖုံးက အော်ငေါက်ရင်း ပြေးလိုက်သွားရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ယို့ဖုံးက အော်ငေါက်ရင်း ပြေးလိုက်သော်လည်း နန်းယုစိမ်းသည် သစ်ပင်များနောက်ကွယ်သို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ထို့အတူ တမန်တော်ဂိုဏ်းသားများသည်လည်း အလျှိုလျှို ထွက်ပြေးပျောက်ကွယ်သွားကြလေသည်။

ယို့ဖုံး သက်ပြင်းချလိုက်လေသည်။

"ကျုပ်တို့အကြောင်းကို သူ သိသွားပြီ"

ရှမ်းစုက လက်ကာပြလိုက်သည်။

"ခုမှတော့ မထူးဘူး၊ ကျုပ်တို့ဘဝ အမှန်အတိုင်း ဆက်ပြီး လှုပ်ရှားဖို့ပဲ ရှိတော့တာပေါ့"

ယို့ဖုံးက ယို့ချီဘက်သို့ လှည့်လိုက်သောအခါ ယို့ချီသည် မျက်နှာဖုံးစွပ်ထားသည်ကို ချွတ်ထားလိုက်ပြီ ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ယခုမှ ယောကျ်ားပီသစွာ ချောမောခန့်ညားသော လုလင်တစ်ယောက်၏ရုပ်သွင် ပေါ်လွင်လာလေသည်။



နေဝန်းဂေဟာမှ သခင်လေးယို့ချီသည် သိုင်းပညာတော်သည့်အပြင် ချောမောခန့်ညားသော လုလင်တစ်ယောက်လည်း ဖြစ်ပါတော့သည်။

ပန်းဝါလမ်းဆုံသည် အရှေ့နှင့်အနောက် ဆက်သွယ်ဖောက်လုပ်ထားသော ခရီးသွားလမ်းမကြီး၏ ဝဲဘက်တစ်နေရာတွင် တည်ရှိလေသည်။

ပန်းဝါလမ်းဆုံတွင် ခရီးသည်များ နားခိုနိုင်ရန် ဆောက်လုပ်ထားသော သာလာယံဇရပ်ကြီးများ ရှိလေသည်။

ထိုဇရပ်ကြီးများအနီးတွင် စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ရှိလေသည်။

ယို့ချီတို့သည် ယင်စန်းသီလရှင်ကျောင်းသို့ ဦးတည်လာခဲ့ကြရင်း ပန်းဝါလမ်းဆုံသို့ ရောက်သောအခါ ခေတ္တအနားယူ စားသောက်ရန် ဆုံးဖြတ်လိုက်သည်။

အစစအရာရာ စေ့စပ်သေချာသော ရှမ်းစုက မည်သည့်ဆိုင်တွင် စားသောက်မည်ဆိုတာကို ရွေးချယ်ခဲ့လေသည်။

"အရှေ့ဘက် အစွန်ဆုံးက စားသောက်ဆိုင်လေးဟာ သန့်ရှင်းတယ်၊ သပ်ရပ်တယ်၊ လူလည်းရှင်းတယ်၊ အဲဒီဆိုင်မှာ သွားပြီး စားမယ်"

"ကောင်းပြီ"

ယို့ဖုံးက သဘောတူလိုက်သည်။

သူတို့သည် ရှမ်းစု ရွေးချယ်သော စားသောက်ဆိုင်လေးသို့ သွားရောက်စားသောက်ကြလေသည်။

ရှမ်းစု ပြောသည့်အတိုင်း ဆိုင်လေးသည် အရသာပြည့်စုံ

သော စားသောက်ဖွယ်ရာများနှင့် လူရှင်းပြီး သပ်သပ်ရပ်ရပ် ရှိပေသည်။ သုံးယောက်သား ခပ်သွက်သွက် စားသောက်လိုက်ကြ၏။

သီလရှင်ကူးလှျံထံသို့ အမြန်ဆုံး အရောက်သွားရဦးမည်မဟုတ်ပါလား။

လမ်းပေါ်တွင် ခရီးသည်များ လှုပ်ရှားသွားလာနေကြလေသည်။ မြင်းစီးသမားများ မြင်းလှည်းများလည်း ဖြတ်သွား၏။

ယို့ဖုံးက သွားလာနေကြသူများကို လှမ်းကြည့်လိုက်၏။

"တမန်တော်ဂိုဏ်းက ကျုပ်တို့ကို ခြေရာခံမိသွားတယ်၊ အတော့်ကို ထူးဆန်းတာပဲ"

သူ၏ရေရွတ်သံကြောင့် ယို့ချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဘဘ၊ ကျွန်တော်တို့က ရုပ်ဖျက်ပြီး လာခဲ့ကြတာကို သူတို့ ဘယ်လိုလုပ်ပြီး ရိပ်မိသွားလဲ မသိဘူး"

သူတို့သည် ရှမ်းစုအား ကြည့်လိုက်ကြလေသည်။

ရှမ်းစု၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

"လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ဂေဟာလေးခု ပျက်စီးသွားခဲ့ကြတယ်၊ နေရာတကာမှာ သစ္စာဖောက်တွေ ရှိနေကြလို့ပဲ"

မည်သူက သစ္စာဖောက် ဖြစ်ပါသနည်း။

ရှမ်းစုက ဆက်ပြောလိုက်သည်။

"ကျုပ်တို့ ရုပ်ဖျက်ပြီး ပိပိရိရိ နေခဲ့ကြတာတောင် စိတ်မချရဘူး၊ အင်းလေ... ငါးနှစ်ဆိုတဲ့ အချိန်အတွင်းမှာ သဲကြီးမဲကြီး ရှိနေမှတော့ သိသွားလောက်ပြီပေါ့၊ ကျုပ်တို့ ခုလို ထွက်လာနိုင်တာပဲ ကံကောင်းပြီလို့ ဆိုရမှာပေါ့"

ငါးနှစ်ဆိုသော အချိန်အထိ သူတို့အန္တရာယ်ကင်းစွာ ဇာတ်



မြှုပ်နေနိုင်ခဲ့ကြပါသည်။ ထိုသို့ နေနိုင်ခဲ့သည်မှာပင် ကံကောင်းလှသည်မဟုတ်ပါလား။

"ကျုပ်တို့ သွားရအောင်"

ရှမ်းစုက ပြောသည်။

သုံးယောက်သား စားသောက်ပြီးစီးသွားပြီ ဖြစ် ၂၃ ရှေ့ခရီးဆက်ဖို့သာ ရှိပါတော့သည်။

ဆိုင်လုလင်တစ်ယောက်အား ခေါ်၍ ကျသင့်ငွေ ပေးချေလိုက်သည်။ ထွက်သွားဖို့ ထိုင်ရာမှ ထလိုက်စဉ်မှာပင်...

"ခွပ်ခွပ်... ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားများ ဆိုင်ရှေ့သို့ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမြင်းစီးသမားများသည် မြင်းပေါ်မှ လွှားခနဲလွှားခနဲ ခုန်ဆင်းလာကြပြီး ဆိုင်ထဲသို့ ဝင်လာကြသည်။

ရှမ်းစုတို့ ထွက်မသွားဖြစ်တော့ပါ။

ဆိုင်ထဲသို့ ဝင်လာကြသော မြင်းစီးသမားများမှာ သိုင်းသမားများဖြစ်ကြောင်း တွေ့မြင်လိုက်ရသဖြင့် ပြန်ထိုင်နေလိုက်ကြ၏။

မြင်းစီးသမားများသည် ယို့ချီတို့နှင့် မလှမ်းမကမ်း စားပွဲတစ်လုံး၌ နေရာယူလိုက်ကြလေသည်။

"ဟေ့... အရက်နဲ့ စားစရာတွေ မြန်မြန်ယူခဲ့စမ်း"

တစ်ယောက်က ကျယ်လောင်သော အသံဖြင့် မှာကြားလိုက်သည်။

ဆိုင်လုလင်များသည် ပျာပျာသလဲ ဖြစ်သွားပြီး အရက်နှင့် စားသောက်ဖွယ်ရာများကို ယူပေးလိုက်သည်။

ထိုလူများလည်း ခပ်သုတ်သုတ်ပင် စားသောက်လိုက်ကြသည်။ သူတို့အား အကဲခတ်ကြည့်ပြီး ရှမ်းစုက အသံတိုးတိုးဖြင့် ပြောလေသည်။

"သူတို့ကို ကြည့်ရတာ အရေးကြီးတဲ့ကိစ္စ ရှိနေတယ် ထင်တယ်"

ယို့ဖုံး ခေါင်းညိတ်လိုက်သည်။

"သူတို့ကို ကျုပ်သိတယ်"

"ဟုတ်လား၊ ဘယ်သူတွေလဲ ပြောစမ်းပါဦး"

ယို့ချီကလည်း ယို့ဖုံး ပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေလေသည်။

"သူတို့ဟာ ဓားငါးဖော်ပဲ"

"ဟင်"

ရှမ်းစု အံ့သြသွားသည်။

"ဟုတ်ရဲ့လားဗျာ၊ ဓားငါးဖော် သေဆုံးသွားကြပြီ မဟုတ်လား"

သိုင်းလောကတွင် မြောက်ပိုင်းဒေသမှ လာသော ဓားငါးဖော်ဆိုသည့် သိုင်းသမားငါးယောက် နာမည်ကြီးခဲ့ဖူးသည်။

သူတို့သည် အဖြူရောင်သိုင်းသမားဟု ပြော၍ မရသလို အနက်ရောင်သိုင်းသမားဟုလည်း ပြော၍ မရချေ။

သူတို့သည် စိတ်ထင်ရာ ပြုလုပ်တတ်သူများ ဖြစ်ကြလေသည်။ အဖြူရောင်လည်းမကျ အနက်ရောက်လည်းမကျသဖြင့် ထူးခြားသူများဟု ဆိုနိုင်ပါသည်။

သူတို့၏အချို့သော လုပ်ရပ်များကို သိုင်းလောကသား



များက လက်ခံကြ၏။ အချို့သော လုပ်ရပ်များကိုမူ လက်မခံကြပါ။

ထို့ကြောင့်လည်း မြစ်ဝါမြစ်ကမ်းဘေး တစ်နေရာတွင် မြေလတ်ပိုင်းမှ သိုင်းသမားအချို့နှင့် ပြဿနာ ဖြစ်ပေါ်ခဲ့ရလေသည်။

မြေလတ်ပိုင်းမှ သိုင်းသမားများ ဝိုင်းရံတိုက်ခိုက်ကြသဖြင့် ဓားငါးဖော် သေဆုံးသွားခဲ့သည့် သတင်းများ ထွက်ပေါ်လာခဲ့လေ၏။

ရှမ်းစုသည် သံမဏိရဲတိုက်၏အိမ်ထိန်းကြီးဖြစ်သည့် အားလျော်စွာ သံမဏိရဲတိုက်တွင် အနေများပြီး သိုင်းလောကသို့ ထွက်ခဲလှသည်။

ထို့ကြောင့် ဓားငါးဖော်ဟူသော အမည်ကို ကြားဖူးသော်လည်း မတွေ့ခဲ့ဘူးခြင်း ဖြစ်သည်။

ယို့ဖုံးမှာမူ နေဝန်းဂေဟာ၏ညာလက်ရုံးကြီးဖြစ်သည့် အားလျော်စွာ သိုင်းလောကတွင် အကြောင်းကိစ္စအမျိုးမျိုးဖြင့် ကျင်လည်ခဲ့ရသည်ဖြစ၍ သိုင်းလောကသား အများအပြားနှင့် ဆက်ဆံခဲ့ဖူးလေသည်။ အတွေ့အကြုံများသဖြင့် ဓားငါးဖော်အား တွေ့မြင်ခဲ့ဖူးခြင်းဖြစ်လေသည်။

အမှန်တော့ ရှမ်းစုကော ယို့ဖုံးပါ ဓားငါးဖော်အား သဘောမကျကြပါချေ။

သူတို့တွင် အရေးကြီးသော ကိစ္စများ ရှိနေ၍ ဓားငါးဖော်ကို တွေ့ရသောအခါ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာရ၏။

သူတို့ အကဲခတ်ကြည့်နေစဉ်မှာပင် ဓားငါးဖော်ထံမှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကဲ... မြန်မြန်စားကြဟေ့၊ တော်ကြာ ယင်စန်းဘုံကျောင်းကို အချိန်မီ မရောက်ဘဲနေဦးမယ်"

ထိုစကားကြားလျှင် ရှမ်းစုတို့ ရင်ထိတ်သွားကြလေသည်။

"သူတို့လည်း ယင်စန်းဘုံကျောင်းကို သွားကြမလို့ပါလား"

"ဒါဆိုရင် ခရေခြံဝင်းက သခင်မလေးကျင်းကျင်းရဲ့ အကြောင်းကို သိသွားကြပြီထင်တယ်"

ဓားငါးဖော်သည် ယင်စန်းဘုံကျောင်းကို အဘယ်ကြောင့် သွားမည်နည်း။ သခင်မလေးကျင်းကျင်းနှင့် ပတ်သက်နေသည်လော။ ပတ်သက်နေသည်ဆိုပါလျှင် ကောင်းသော ပတ်သက်ခြင်းမျိုးမဖြစ်နိုင်ဟု တွေးမိလိုက်ကြသည်။

ယို့ဖုံး အံတင်းတင်း ကြိတ်လိုက်သည်။

"သူတို့ ဘာကြောင့် သွားချင်ကြတယ်ဆိုတာ မေးကြည့်လိုက်ရင် ကောင်းမယ် ထင်တယ်"

ရှမ်းစု သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ သူတို့ကသာ သခင်မလေးကျင်းကျင်းကို ဒုက္ခပေးမယ်ဆိုရင် ခုချိန်ထဲက ဆုံးမထားလိုက်တာ အကောင်းဆုံးပဲ"

နေဝန်းဂေဟာ ဖျက်ဆီးခံရပြီးသည့် အချိန်မှစ၍ ငါးနှစ်လုံးလုံး ဓာတ်မြှုပ်ပုန်း အောင်းနေခဲ့ရပါသည်။

ယခုတော့ သိုင်းလောက၌ ပြန်လည်ကျင်လည်ကျက်စား နိုင်တော့မည် ဖြစ်လေသည်။

ရှမ်းစုနှင့် ယို့ဖုံးတို့သည် ဓာတ်မြှုပ်ပုန်းအောင်းနေခြင်း ထက်ဖြောင့်ကျကျ ထွက်လိုက်ခြင်းဖြင့် ရန်သူများက သူတို့အားသတိပြုမိသွားမည်ဖြစ်ပြီး သုတ်သင်ရှင်းလင်းပစ်ရန် နည်းအမျိုးမျိုးဖြင့်ကြိုးစားလာကြမည် ဖြစ်လေသည်။

ရန်သူများကို ရင်ဆိုင်သွားခြင်းဖြင့် ဂေဟာလေးခုအား



ဖျက်ဆီးခဲ့သည့် တရားခံအစစ်ကို ဖော်ထုတ်နိုင်မည် ဖြစ်လေသည်။

ထိုသို့ ဆောင်ရွက်ခြင်းမှာ အန္တရာယ်ကြီးမားလှပေသည်။

သခင်မလေးကျင်းကျင်းနှင့် နဂါးစံအိမ်သခင်တို့၏သတင်းများ ထွက်ပေါ်လာပြီးနောက် ပုန်းအောင်းနေစရာ မလိုတော့ဘဲ ဖြောင့်ကျကျ ရင်ဆိုင်သွားရတော့မည် ဖြစ်သည်။

သူတို့က ပုန်းအောင်းနေကြမည်ဆိုလျှင်လည်း အကြောင်းထူးတော့မည် မဟုတ်ပါ။

သူတို့၏သတင်းများကို ရန်သူက သိနေကြပြီ မဟုတ်ပါလား။ ထိုစဉ် ဓားငါးဖော်သည် ကျသင့်ငွေ ပေးချေပြီး ဆိုင်ထဲမှ ထွက်သွားရန် ဟန်ပြင်နေသည်ကို တွေ့ရလေသည်။

ရှမ်းစုက ထလိုက်သည်။

"မိတ်ဆွေတို့ ခဏနေပါအုံး"

သူ၏ဟန့်တားသံကြောင့် ဓားသိုင်းငါးဖော်က လှည့်ကြည့်ကြလေသည်။

စုဖုံးသည် သူတို့၏အနီးသို့ လှမ်းသွားလိုက်သည်။

ဓားသိုင်းငါးဖော်က သူ့အား မျက်မှောင်ကြုတ်ကြည့်လိုက်ကြသည်။ ဓားသိုင်းငါးဖော်တွင် ခေါင်းဆောင်လည်းဖြစ် အကြီးဆုံးလည်းဖြစ်သော အမှတ်တစ်က...

"ခင်ဗျား ဘယ်သူလဲ ဘာကိစ္စလည်း ပြောပါအုံး"

ရှမ်းစု လက်ကာပြလိုက်သည်။

"ကျုပ် ဘယ်သူလဲ မေးစရာ မလိုဘူး၊ မင်းတို့အတွက် အရေးမကြီးဘူး၊ မင်းတို့ ယင်စန်းဘုံကျောင်းကို ဘာသွားလုပ်မလို့လဲ ပြောပါ"

"ဘာ"

"မင်းတို့ ဘာသွားလုပ်မလို့လဲ ပြောပါ"

"နေပါဦး၊ ခင်ဗျားက ကျုပ်တို့ကို မေးလားမြန်းလားနဲ့ ဘာသဘောလဲ"

အခြေအနေမှာ ချက်ချင်းတင်းမာသွားလေသည်။

ယို့ချီနှင့် ယို့ဖုံးတို့က အခြေအနေကို စောင့်ကြည့်ကြလေသည်။ ရှမ်းစု ပြုံးလိုက်သည်။

"မင်းတို့ ဘယ်သူတွေပဲဖြစ်ဖြစ် ကျုပ် မေးတာကို ဖြေရလိမ့်မယ်"

"ကျုပ်က မဖြေဘူးဆိုရင်ကော"

"မင်း နေနိုင်လို့လား"

"ဟား... ဟား... ဟား"

အမှတ်တစ်က ဟားတိုက်ရယ်မောလိုက်သည်။

ချက်ချင်းပင် ထိုင်ရာမှ ဟားတိုက်ရယ်မောရင်း ဝုန်းခနဲ ထလိုက်သည်။

"ချွမ်း"

ခါး၌ ချိတ်ထားသော ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ပြီးသား ဖြစ်သွားလေသည်။ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ပြင်းထန်သော ဓားခုတ်ချက်သည် ရှမ်းစုထံသို့ တိုးဝင်သွားလေသည်။

သူ၏ဓားချက်ကြောင့် ရှမ်းစု ဒုက္ခရောက်သွားမည်ဟု ထင်မှတ်ရလေသည်။



သို့သော် ရှမ်းစုက ရိပ်ခနဲ လှုပ်ရှားလိုက်သည်နှင့် ဓားချက်ကို ရှောင်တိမ်းပြီးသည့်အပြင် ဆိုင်အပြင်ဘက်သို့ ခုန်ထွက်ပြီးသား ဖြစ်သွားလေသည်။ အမှတ်တစ် ဒေါပွသွားသည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

အမှတ်တစ်သည် အော်ငေါက်ရင်း ပြေးလိုက်သွားလေ၏။

သူ၏အဖော်လေးယောက် ချက်ချင်း ပြေးလိုက်သွားလေသည်။

ယို့ချီနှင့် ယို့ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့လည်း လိုက်သွားရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ် ဆိုင်ထဲသို့ ဝင်လာသူသုံးယောက်အား တွေ့မြင်လိုက်ရသဖြင့် သူတို့လိုက်မသွားဖြစ်တော့ပါချေ။

ထိုသူသုံးယောက်သည် သူတို့ထံသို့ ဦးတည်လာနေသည် မဟုတ်ပါလား။ အဘိုးအိုတစ်ယောက်၊ အဘွားအိုတစ်ယောက်နှင့် အနက် ရောင်ဝတ်ဆင်ထားသူတစ်ယောက်တို့ ဖြစ်လေသည်။

အဘိုးအိုနှင့် အဘွားအိုတို့ကို ယို့ချီ မသိပါ။

အနက်ရောင်ဝတ်ဆင်ထားသူကို ယို့ချီ သိထားလေသည်။

ထိုလူမှာ တမန်တော်ဂိုဏ်းမှ နန်းယုစိမ်း ဖြစ်ပါသည်။

နန်းယုစိမ်းအား တွေ့လိုက်ရသဖြင့် ရန်သူများသည် မိမိတို့နောက်သို့ တစ်ကောက်ကောက်လိုက်လျက် ရှိကြောင်းလည်း ထင်ရှားပေါ်လွင်နေပါတော့သည်။ ယို့ဖုံး စကားသံ ထွက်ပေါ်လာသည်။

"ငါ့တူယို့ချီ သတိထားပါ၊ တမန်တော်ဂိုဏ်းချုပ် နန်းယုစိမ်းကို မှုစရာမလိုပေမယ့် ကျန်တဲ့နှစ်ယောက်က အတော့်ကို ကြောက်ဖို့ကောင်းတယ်"

"သူတို့နှစ်ယောက်က ဘယ်သူတွေလဲဟင်"

ယို့ချီ မေးလိုက်သောအခါ ယို့ဖုံးက ရှင်းပြလိုက်လေသည်။

"အဘိုးအိုက သံလက်ဝါးကျောက်ရီ ဖြစ်တယ်၊ အဘွားအိုကတော့ မရဏာဘွားဘွား ဖြစ်တယ်"

ထိုစကားကြားလျှင် ယို့ချီ ဟာခနဲ အော်လိုက်လေသည်။

ငါးနှစ်တာ ဇာတ်မြှုပ်နေခဲ့သည့် ကာလအတွင်း ယို့ဖုံး၏ ပြောပြချက်အရ သိုင်းလောကသားများ၏အကြောင်းကိုလည်းကောင်း၊ အခြားအတွေ့အကြုံ ဗဟုသုတများကိုလည်းကောင်း သိရှိရခဲ့သည်။

ထို့ကြောင့်လည်း ယို့ချီသည် သံလက်ဝါးကျောက်ရီနှင့် မရဏာဘွားဘွား၏အကြောင်းကိုလည်းကောင်း သိရှိခဲ့ရလေသည်။

သံလက်ဝါးကျောက်ရီတို့သည်လည်း အများအကျိုးဆောင်ရွက်သော အဖြူရောင်သိုင်းသမားများ ဖြစ်ခဲ့ကြလေသည်။

သိုင်းလောကတစ်ခုလုံး၏ ချီးကျူးခံခဲ့ရလေသည်။

ယခုတော့ သူတို့သည် တမန်တော်ဂိုဏ်းချုပ် နန်းယုစိမ်းနှင့် အတူတကွ ရှိနေကြသည်။

ထိုအချင်းအရာမှာ အလွန်အံ့သြစရာ ကောင်းနေသည် မဟုတ်ပါလား။ငါးနှစ်ဟူသော အချိန်အတွင်း သိုင်းလောက၏အခြေအနေ အရပ်ရပ်မှာ ပေါ်လွင်နေပါတော့သည်။

ယို့ဖုံး၏တီးတိုး သတိပေးသံ ထွက်ပေါ်လာလေသည်။

"ယို့ချီ မင်း ဆိုင်ထဲမှာပဲ နေခဲ့ပါ"

စကားဆုံးလျှင် နန်းယုစိမ်းတို့သုံးယောက်ထံသို့ လှမ်းသွားလိုက်လေသည်။



နန်းယုစိမ်း ခြေလှမ်းရပ်သွားသည်။

သူတို့ထံ လျှင်မြန်စွာ လှမ်းလာနေသော ယို့ဖုံးအား မျက်မှောင်ကြုပ်ကာ ကြည့်လိုက်စဉ်မှာပင်...

"ယား"

ယို့ဖုံးက နှစ်လက်ဘက်ကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ နန်းယုစိမ်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ချက်ခြင်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

"သတ္တိရှိရင် လိုက်ခဲ့"

ယို့ဖုံးက အော်ပြောပြီး ဆိုင်အပြင်သို့ ခုန်ထွက်သွားလေသည်။

"မပြေးနဲ့"

နန်းယုစိမ်းကလည်း တစ်ဟုန်တိုး ပြေးလိုက်သွားကြလေ၏။

ဤတွင် ယို့ချီတစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေတော့၏။

♣ ♣ ♣

ရှမ်းစုသည်လည်းကောင်း၊ ယို့ဖုံးသည်လည်းကောင်း ဆိုင်အပြင်ဘက်သို့ ထွက်သွားကြလေပြီ ဖြစ်သည်။

ဓားငါးဖော်နှင့် နန်းယုစိမ်းတို့ကလည်း လိုက်သွားကြလေသည်။ ဆိုင်ထဲ၌ ယို့ချီတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေ၏။

ယို့ချီသည် ယို့ဖုံးအတွက် စိုးရိမ်ပူပန်လာလေသည်။

သူက ဆိုင်အပြင်ဘက်သို့ လိုက်သွားလိုသော်လည်း ဆိုင်ထဲ၌ နေရန် ယို့ဖုံးက မှာကြားသွားသဖြင့် ဆိုင်ထဲမှာပင်နေရ၏။

မကြပါချေ။ အခြားစားသောက်မည့် ခရီးသည်များ ရောက်ရှိလာကြလေတော့သည်။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များလည်း အလုပ်ရှုပ်သွားကြ၏။

ယို့ဖုံးနှင့် ရှမ်းစုတို့ ပြန်ရောက်မလာကြပါ။

ရန်သူများကိုလည်း အရိပ်အရောင်ပင် မတွေ့ရပါ။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေသူများဖြင့် စည်ကားနေလေသည်။ ပန်းဝါလမ်းဆုံ၌ အခြေအနေ အရပ်ရပ်မှာ အေးစက်ငြိမ်သက်လျက် ရှိပါသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ယို့ချီ မနေနိုင်တော့ပါ။ ဆိုင်လုလင်တစ်ယောက်ကလည်း သူ၏အနီးသို့ ရောက်လာပြီး...

"အစ်ကိုလေး ဘာများ လိုသေးသလဲဗျာ"

ဟူ၍ မေးလာလေသည်။ ယို့ချီ လက်ကာပြလိုက်၏။

"ဘာမှ မလိုတော့ပါဘူး"

ယို့ဖုံးမှာ ကြာသော် မနေနိုင်သဖြင့် ဆိုင်ထဲမှထွက် လာခဲ့လေသည်။ ဆိုင်အပြင်ဘက်သို့ ရောက်လျှင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ယို့ဖုံးတို့အား မတွေ့ရသလို တိုက်ပွဲဖြစ်ပွားခဲ့သည့် အရိပ်အရောင်လည်း မတွေ့ရပါ။

"သူတို့ ဘယ်ရောက်သွားကြပါလိမ့်"

ယို့ချီသည် ယို့ဖုံးတို့အား ရှာဖွေရန် ထွက်လာခဲ့လေသည်။

သို့ဖြင့် ဇရပ်ကြီးများသည်လည်းကောင်း၊ စားသောက်ဆိုင်များနှင့် အခြားသော အဆောက်အဦးများသည်လည်းကောင်း တ



ဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့လေသည်။

ယို့ချီ တောလမ်းတစ်နေရာသို့ ရောက်ရှိခဲ့သောအခါ...

"ခဏနေပါအုံးရှင်"

ချိုလွင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယို့ချီ ခြေလှမ်းရပ်သွားပြီး လှည့်ကြည့်လိုက်သောအခါ ခရမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။ ထိုမိန်းကလေးမှာ ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်လေသည်။

မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ကျစ်ဆံမြီးရှည်နှစ်ချောင်းကို ပခုံးဝဲယာတစ်ဖက်တစ်ချက်၌ ချထားသည်မှာ ချစ်စရာကောင်းလှသည်။

ယို့ချီသည် ထိုမိန်းကလေးအား ငေးကြည့်နေပြီး ရုတ်တရက် စကားမပြောနိုင်ပါချေ။ မိန်းကလေးက ရှေ့တိုးလာလေသည်။

"ကျွန်မကို ကစ်ခုလောက် ကူညီပါလားရှင်"

ချိုလွင်စွာ ပြောလာတော့မှ ယို့ချီ သတိဝင်လာလေသည်။

"ဩော်... ကျုပ်က ဘာကူညီရမလဲ ပြောပါဗျာ"

မိန်းကလေးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

"ကျွန်မနာမည် ပန်းကလေးလို့ ခေါ်ပါတယ်၊ လူတစ်ယောက်ကို လိုက်ရှာနေတာပါရှင်"

"ဩော် ကျုပ်က ယို့ချီပါ၊ ဘာများ ကူညီရမလဲဗျာ"

"ရှင်က ယို့ချီဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ကျွန်မကို ကူညီစရာမလိုတော့ပါဘူး"

"ဟင်… ဘာဖြစ်လို့လဲ"

"ကျွန်မ လိုက်ရှာနေတာ ရှင် ဖြစ်နေလို့ပါပဲ"

"ဗျာ"

မမျှော်လင့်သော စကား ကြားလိုက်ရသောအခါ ယို့ချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

"မင်းက ကျုပ်ကို လိုက်ရှာနေတာ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကျုပ်လည်း မင်းကို မသိရပါလား၊ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့လဲ ပြောပါဦး"

ပန်းကလေးက ရယ်မောလိုက်သည်။

"ရှင့်ကို လိုက်ရှာနေတာ ရှင့်ကို သုတ်သင်ပစ်ချင်လို့ပေါ့"

စကားဆုံးလျှင် လက်ဖဝါးယမ်းလိုက်လေသည်။ ဤတွင်…

"ဟူး… ဟူး… ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ ခရမ်းရောင်လူရိပ်များရောက်ရှိလာလေသည်။ ခရမ်းဝတ်ထားသော မိန်းကလေးများ..ထိုမိန်းမချောလေးများသည် ယို့ချီအား ချက်ချင်းဝိုင်းရံထားလိုက်ကြသည်။

"သူ့ကို သတ်ပစ်လိုက်"

"ယား"

ချက်ချင်း အမိန့်ပေးလိုက်သည်နှင့်…

"ယား"



ညာသံပေးကာ တိုက်ခိုက်လာကြလေသည်။

ပန်းကလေးသည် မိမိအား ဒုက္ခပေးမည့်လူဖြစ်ကြောင်း ယို့ချီ သိလိုက်သောအခါ နောက်ကျနေပြီ ဖြစ်ပါသည်။

ကျောချမှဓားပြမှန်း သိလိုက်ရလေတော့သည်။

မည်သို့မှ မတတ်သာတော့ဘဲ လက်နှစ်ဖက် ဖဝါးယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

ခရမ်းရောင်မိန်းကလေးများသည် ကိုးလက်မခန့်ရှိသော ဓားမြှောင်နှစ်လက်ကိုင်၍ တိုက်ခိုက်လိုက်ကြသည်။

သူတို့၏ဓားမြှောင်များမှာလည်း ခရမ်းရောင်သမ်းနေသဖြင့် အဆိပ်သုတ်ထားကြောင်း ထင်ရှားနေပါတော့သည်။

ဓားတစ်ချက်ထိလျှင် အဆိပ်မိသွားမည်ဖြစ်သောကြောင့် အသက်အန္တရာယ် ထိခိုက်နိုင်ပေသည်။

ယို့ချီမှာ သတိကြီးစွာထားကာ ပြန်လည်ရင်ဆိုင်တိုက်ခိုက်လိုက်ရခြင်း ဖြစ်လေသည်။

ခရမ်းရောင်မိန်းကလေးများသည် အဆိပ်ဓားမြှောင်ကို အသုံးပြုခြင်းလည်းကောင်း၊ လူအင်အားဖြင့် ဝိုင်းရံထားခြင်းဖြင့်လည်းကောင်း အသာစီးယူကာ တိုက်ခိုက်နိုင်ခဲ့ကြရလေသည်။

အချိန်ကြာလာလျှင် မိမိအတွက် အခက်ကြုံလာရမည်ဖြစ်ကြောင်း ရိပ်မိသဖြင့် ယို့ချီ ဘာမှ မတတ်နိုင်တော့ဘဲ နေစကြာလက်ဝါးသိုင်းကို ထုတ်ဖော်၍ ပြန်လည်ရင်ဆိုင်လိုက်ရလေသည်။

နေဝန်းဂေဟာ၏နေစကြာလက်ဝါးသိုင်းမှာ နာမည်ကျော်လေသည်။

ယို့ချီသည် နေစကြာလက်ဝါးသိုင်း၏နောက်ဆုံးသိုင်းကွက်

မှ လွဲ၍ ကျန်သိုင်းကွက်အားလုံးကို ဖခင်ထံမှ ပညာအမွေဆက်ခံနိုင်ခဲ့သလို လေ့ကျင့်အောင်မြင်ခဲ့သည်။

နောက်ဆုံး ကျန်သေးသော သိုင်းသုံးကွက်အား ဇာတ်မြှုပ်ပုန်းအောင်းနေခဲ့ရသည့် ငါးနှစ်တာကာလအတွင်း လေ့ကျင့်ခဲ့သဖြင့် လုံးဝအောင်မြင်ခြင်း မရသေးသော်လည်း တီးမိခေါက်မိရနေပြီ ဖြစ်ပါသည်။

အကယ်၍ အချိန်အနည်းငယ်ယူပြီး အေးအေးဆေးဆေး လေ့ကျင့်နိုင်မည်ဆိုပါက နေစကြာလက်ဝါးသိုင်းတစ်ခုလုံးအား လေ့ကျင့်အောင်မြင်သွားမည်သာ ဖြစ်လေသည်။

ယို့ချီက နေစကြာလက်ဝါးသိုင်းကို ထုတ်ဖော်လိုက်သည်နှင့်...

"ဟူး... ဟူး... ဟူး"

ပြင်းထန်သော လေပွေလှိုင်းများ ဖြစ်ပေါ်လာပြီး...

"ဝုန်း... ဝုန်း... ဝုန်း"

ခရမ်းရောင်မိန်းကလေးများမှာ အဝေးသို့ လွင့်စင်သွားကြလေသည်။ ပန်းကလေး မျက်နှာပျက်သွားသည်။

"နေစကြာလက်ဝါးသိုင်းဟာ နာမည်ကြီးသလောက် အစွမ်းထက်လှပါလား"

သူမ ချီးကျူးစကားဆိုလိုက်ပြီး...

"ကျွန်မရဲ့ အဆိပ်ဓားကိုလည်း မြည်းကြည့်ပါဦး"

ကြုံးဝါးရင်း ဓားမြှောင်နှစ်လက်ကို ဝှေ့ယမ်းကာ ခုန်ဝင်လာလေသည်။

ယို့ချီသည် မိန်းကလေးများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မ



ပြုလိုပါချေ။ သူ၏အသက်အန္တရာယ် ပြုလာခြင်းကြောင့်သာလျှင် ရင်ဆိုင်နေရခြင်း ဖြစ်လေသည်။

ပန်းကလေးသည် ယို့ချီအား လွယ်လင့်တကူ အနိုင်မရနိုင်မှန်း ရိပ်မိလိုက်သဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ခရမ်းရောင်ဓားရိပ်များသည် ယို့ချီ၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။

ယို့ချီ တစ်ချက်ကလေး မှားသည်နှင့် အဆိပ်ဓားထိကာ ဒုက္ခရောက်သွားရမည် ဖြစ်လေသည်။ ယို့ချီ မပေါ့ဆဝံ့ပါချေ။

လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ နေစကြာလက်ဝါးသိုင်းကိုပင် အသုံးပြုကာ ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော လေတိုးသံများ ထွက်ပေါ်လာလေသည်။

"ဝုန်း"

ချက်ချင်းပင် ပန်းကလေးမှာ နေစကြာလက်ဝါးသိုင်း ထိသွားသဖြင့် လူတခြား ဓားတစ်ခြား ဖြစ်ကာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

ပန်းကလေးမှာ နေစကြာလက်ဝါးသိုင်းကွက်မိကာ လွင့်စင်သွားလေသည်။ သူမ ခံလိုက်ရသည်ကို မြင်သည်နှင့် အခြားခရမ်းရောင်မိန်းကလေးများမှာ ထွက်ပြေးသွားကြလေတော့သည်။

ယို့ချီ သက်ပြင်းချလိုက်သည်။

အန္တရာယ်တစ်ခုမှ လွတ်မြောက်သွားရပြန်ပြီ ဖြစ်သည်။

မိမိကို အဆိပ်ဂိုဏ်းမှ ရန်မူလာသဖြင့် ယို့ဖုံးနှင့် ရှမ်းစုတို့ကိုလည်း ရန်သူများက ရန်ရှာမည်မှာ ကျိန်းသေနေပါ၏။

"မဖြစ်ဘူး ဘဘယို့ဖုံးတို့လည်း အန္တရာယ်နဲ့ ရင်ဆိုင်နေရ

လိမ့်မယ်၊ လိုက်သွားမှ ဖြစ်မယ်”

ယို့ချီ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်...

“အင်း... အင်း”

ညည်းညူသံများ ထွက်ပေါ်လာကာ မြေပေါ်လဲကျနေသော ပန်းကလေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ပန်းကလေးသည် ဒယီးဒယိုင်ဖြင့် ထရပ်လာသည်။

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေ၏။

သူမသည် ယို့ချီအား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

“ရှင့်ကို သတ်ပစ်ရမှ ကျေနပ်မယ်”

သူမသည် အံတင်းတင်းကြိတ်ပြီး ယို့ချီထံသို့ လှမ်းသွားလိုက်လေသည်။ ယို့ချီ သက်ပြင်းချလိုက်သည်။

“မင်း ဘာမှမတတ်နိုင်ပါဘူး”

ပန်းကလေးမှာ မပြောဘဲ ရှိသမျှခွန်အားကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်လေသည်။

ယို့ချီက အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။

“ဝုန်း”

ပန်းကလေးမှာ အားလွန်ကာ မြေပေါ်လဲကျသွားလေ၏။

သူမ ဆက်လက်တိုက်ခိုက်ခြင်း မပြုနိုင်တော့ ခွေခွေလဲကာ ညည်းတွားနေ၏။ ထိုမျှမကသေး။ ယို့ချီအား အမျိုးမျိုး ကျိန်ဆဲနေ၏။ ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

သူမအား လုံးဝအမှုမထားတော့ဘဲ ခက်သွက်သွက် ထွက်လာခဲ့လေတော့သည်။



ယင်စန်းမြို့သည် အလွန်စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ယို့ချီမှာ ယို့ဖုံးနှင့် ရှမ်းစုတို့အား လိုက်ရှာရင်း ယင်စန်းမြို့သို့ ရောက်ရှိလာလေသည်။

ယင်စန်းဘုံကျောင်းမှ ကူးလျှံသီလရှင်သည် ခရေခြံဝင်းမှ သခင်မလေးကျင်းကျင်းအား စောင့်ရှောက်ထားလျက် ရှိသည်။

ယို့ဖုံးတို့သည် ကူးလျှံသီလရှင်ထံသို့ ရောက်လာကြမည်ဟု ယူဆကာ ယို့ချီ လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

ယင်စန်းမြို့သို့ ရောက်လာသည်အထိ ယို့ဖုံးတို့၏အရိပ်အရောင်ကိုပင် မတွေ့ရပါချေ။

ယို့ချီသည် ယင်စန်းမြို့ထဲသို့ ရောက်သောအခါ လမ်းပေါ်၌ လှုပ်ရှားသွားလာနေသူများအနက် သိုင်းလောကသားများလည်း ပါဝင်နေကြသည်ကို တွေ့ရလေ၏။

သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်မှာ သေချာလှပေ၏။

ယို့ချီက ယင်စန်းဘုံကျောင်းထဲသို့ သွားရောက်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

ယို့ချီက ယင်စန်းဘုံကျောင်းဆီသို့ ဦးတည်လိုက်စဉ်မှာပင် အနီးမှ ဖြတ်သွားသော လူနှစ်ယောက်၏စကားသံကို ကြားလိုက်ရလေ၏။

“သီလရှင်ကူးလျှံ ခရီးထွက်သွားတယ်ဆိုတော့၊ ကျုပ်တို့လာခဲ့ရတာ ပင်ပန်းရကျိုး မနပ်တော့ဘူးပေါ့”

“ဟုတ်တယ်၊ ခရေခြံဝင်းဟာ ကျုပ်တို့အပေါ် ကျေးဇူးရှိ

တယ်၊ ခရေခြံဝင်း ပျက်စီးသွားပြီးတဲ့နောက် သခင်မလေးကျင်းကျင်း လွတ်မြောက်သွားတယ်ဆိုတာ အခုမှ သိရတယ်၊ သခင်မလေးကျင်းကျင်းကို ကူညီဖို့ ကျုပ်တို့ လိုက်လာခဲ့ပေမယ့် နောက်ကျသွားတာ စိတ်မကောင်းစရာဘဲ"

ထိုစကားသံကြားလျှင် ယို့ချီ ခြေလှမ်းရပ်သွားလေသည်။

သူ၏မျှော်လင့်ချက်များလည်း ပြိုကွဲသွားရလေသည်။

ကူးလျှံသီရှင်မှာ သခင်မလေးကျင်းကျင်းအား ခေါ်၍ ခရီးထွက်သွားပြီ ဖြစ်သည်။

သူမထံတွင် သခင်မလေးကျင်းကျင်း ရှိနေသည့်သတင်း ပေါက်ကြားသွားသဖြင့် ဒုက္ခပေးမည့်သူများ ရောက်မလာခင် ကြိုတင်ရှောင်တိမ်းသွားခြင်း ဖြစ်ပုံရလေသည်။

"ဒုက္ခပါပဲ ငါ ဘယ်လိုလုပ်ရမလဲ"

ယို့ဖုံးနှင့် ရှမ်းစုတို့ကိုလည်း ရှာမတွေ့ပါ။

ကူးလျှံသီလရှင်ကိုလည်း ရှာတွေ့ဖို့ မလွယ်တော့ပါ။

ဆက်သွားရမည်လော၊ နောက်ကြောင်းပြန်ရမည်လော။

ဝေခွဲမရနိုင်တော့ဘဲ ငူငူကြီး ရပ်နေမိလေတော့သည်။

အချိန်မည်မျှ ကြာသွားသည်မသိ။

"မိတ်ဆွေလေး ဘာတွေများ စဉ်းစားနေတာလဲဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာတော့မှ သတိဝင်လာလေသည်။

လှည့်ကြည့်လိုက်သောအခါ အဖြူရောင်အဝတ်အစားများအား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသူတစ်ယောက်ကို တွေ့မြင်ရလေသည်။



ထိုသူမှာ အသက်သုံးဆယ်ကျော်ခန့် ရှိသည်။

ပြုံးရွှင်ချိုသာသော မျက်နှာပိုင်ရှင်လည်း ဖြစ်သည်။

"ညီလေး အခက်အခဲ ရှိနေလား၊ ကျုပ် ဘာများ ကူညီရမလဲ ပြောပါ"

ယို့ချီ သက်ပြင်းချလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်မှာ ဘာအခက်အခဲမှ မရှိပါဘူး"

"ကျုပ်ဟာ စာပေသမားတစ်ယောက်ဆိုပေမယ့် လူကဲခတ်ပညာ မညံ့ပါဘူး၊ ညီလေး ငူငူကြီး ရပ်နေတာ ကြာပြီ၊ အခက်အခဲတစ်ခုခု ရှိနေတယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်၊ ကျုပ် ကူညီနိုင်ရင် ကူညီပါရစေ"

ယို့ချီ အားတုံ့အားနာ ဖြစ်သွားလေသည်။

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်မှာ ဘာအခက်အခဲမှ မရှိပါဘူး"

"ဒီလိုဆိုရင်လဲ ပြီးတာပဲ၊ ကဲ... ကျုပ်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

စာပေသမားသည် ယို့ချီအား နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ်...

"စာပေသမားဝမ်အင်း၊ မင်း ထွက်သွားလို့ ရမလား"

အော်ငေါက်သံနှင့်အတူ လူတစ်စု ပြေးလွှားရောက်ရှိလာကြပြီး ဝိုင်းရံထားလိုက်ကြလေသည်။ ယို့ချီ ရင်ထိတ်သွားလေသည်။

သူက ထွက်သွားရန် ကြိုးစားလိုက်သော်လည်း ဝိုင်းထားသူများက သူ့အား အလွတ်မပေးကြတော့ပါချေ။

ထိုလူများသည် အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အင်္ကျီရင်ဘတ်တွင် အနီရောင်ဓားပုံ ရေးထိုးထားလေ၏။

သိုင်းလောက၌ ပြန်လည်သောင်းကျန်းလာနေသော သွေးဓားဂိုဏ်းသားများဖြစ်ကြောင်း ယို့ချီ သတိပြုမိလိုက်လေသည်။

သွေးဓားဂိုဏ်းသည် အနက်ရောင်သိုင်းအဖွဲ့တစ်ခုဖြစ်ပြီး သိုင်းလောကသားများက လက်မခံကြသဖြင့် တိမ်မြုပ်ပျောက်ကွယ်သွားသည်မှာ ကြာပြီဖြစ်သည်။

ယခုတော့ အခြားသော အနက်ရောင်သိုင်းဂိုဏ်းများကဲ့သို့ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

သွေးဓားဂိုဏ်းအား ကျောထောက်နောက်ခံ ပြုထားသည့် လူများ မလွဲမသွေ ရှိရပေမည်။

စာပေသမားဝမ်အင်း တဟားဟား ရယ်လိုက်သည်။

"သွေးဓားဂိုဏ်းက အတော့်ကို အတင့်ရဲနေပါလား"

သူသည် ယို့ချီအနီးသို့ ချဉ်းကပ်သွားပြီး ပခုံးပုတ်လိုက်၏။

"ညီလေး မင်းသွားတော့"

ယို့ချီ စိတ်မကောင်း ဖြစ်သွားသည်။

ဝမ်အင်းမှာ အနီရောင်သွေးဓားဂိုဏ်းသားများကြောင့် ဒုက္ခရောက်မည်ကို စိုးရိမ်နေသည် မဟုတ်ပါလား။

"ကျေးဇူးပါပဲ အစ်ကိုကြီး"

"ရပ်လိုက်"

သွေးဓားဂိုဏ်းသားများသည် အော်ငေါက်ကာ လမ်းပိတ်ထားလိုက်ကြလေသည်။ ယို့ချီ ထွက်သွားရန် မဖြစ်နိုင်တော့ပါချေ။

စာပေသမားဝမ်အင်း အော်ပြောလိုက်သည်။



"သူဟာ ကျုပ်နဲ့ ဘာမှမပတ်သက်ဘူး၊ ဒါကြောင့် သူ့ကို လွှတ်ပေးလိုက်ရင် ကောင်းမယ်"

သွေးဓားဂိုဏ်းသားများက လက်မခံကြပါချေ။

"ဝမ်အင်း အပိုတွေ ပြောမနေနဲ့၊ မင်းဟာ သိုင်းလောကသားတွေကို လိုက်ပြီး စည်းရုံးနေတာ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ မင်းကော မင်းရဲ့မိတ်ဆွေကိုပါ မှတ်လောက်သားလောက်အောင် ဆုံးမရလိမ့်မယ်"

ချက်ချင်းပင် ရှေ့တိုးလာကြလေသည်။

ဝမ်အင်းသည် ယို့ချီအား ပြုံးပြလိုက်သည်။

"ညီလေး ဘာမှမပူနဲ့၊ သူတို့ကို ကျုပ် မောင်းထုတ်လိုက်မယ်"

စကားဆုံးလျှင် လက်တစ်ဘက်ဆန့်ထုတ်ကာ ခန္ဓာကိုယ်တစ်ဘက် လှည့်လိုက်လေသည်။ ဤတွင်...

"ဝုန်း... ဝုန်း... ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီး သွေးဓားဂိုဏ်းသားများ အဝေးသို့ လွင့်စင်သွားကြလေတော့သည်။

"ဘယ်လိုလဲ ကျုပ်ကို ဟန့်တားချင်ကြသေးသလား"

ဝမ်အင်းက ကြုံးဝါးလိုက်သည်။

သွေးဓားဂိုဏ်းသားများသည် ဒေါသတကြီး ဖြစ်နေကြသော်လည်း ဝမ်အင်းအား ရင်ဆိုင်နိုင်စွမ်း မရှိသဖြင့် နောက်ဆုတ်လိုက်ရလေသည်။ ဝမ်အင်းက ယို့ချီ၏ပခုံးကို အသာအယာဖက်ရင်း

"လာ ညီလေး တို့သွားကြစို့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

သူတို့နှစ်ယောက် ထွက်သွားကြသောအခါ သွေးဆားဂိုဏ်းသားများ လက်ပိုက်ကြည့်နေကြရလေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်ရှိလာလေသည်။

ယို့ချီနှင့် ဝမ်အင်းတို့မှာ ယင်စန်းမြို့လေး၏အရှေ့ဘက် စားသောက်ဆိုင်၌ ရောက်ရှိနေကြလေသည်။

ဝမ်အင်းက အတင်းဖိတ်ခေါ်ခဲ့သလို ယို့ချီမှာလည်း ရတ်တရက် စားစရာမရှိတော့သဖြင့် လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ဝမ်အင်းက စားသောက်ဖွယ်ရာများ မှာယူကျွေးမွေးလေသည်။ တဖန်…

"ညီလေးဟာ ယင်စန်းဘုံကျောင်းကို လာခဲ့တာ မဟုတ်လား"

ထိုအမေးစကားကြောင့် ယို့ချီ ရင်ထိတ်သွားလေသည်။

ဝမ်အင်းက ဆက်ပြောလိုက်လေသည်။

"ညီလေးလည်း သိုင်းပညာတတ်ထားတယ် မဟုတ်လား"

ယို့ချီက အဖြေမပေးဘဲ ဝမ်အင်းကို အကဲခတ်ကြည့်လိုက်သည်။ ဝမ်အင်းက ပြုံးလိုက်သည်။

"ညီလေးကို ကြည့်ရတာ ကျုပ်ကို မယုံသင်္ကာ ဖြစ်နေပုံရတယ်"

"ကျွန်တော်…"

"ခုတလော သိုင်းလောကမှာ ထူးခြားတဲ့ သတင်းတစ်ခု ဖြစ်ပေါ်လာတယ်၊ ခရေခြံဝင်းက သခင်မလေးဟာ ယင်စန်းဘုံကျောင်းမှာ ခိုလှုံနေတယ်ဆိုတာပဲ၊ ဒီသတင်းကြောင့် သိုင်းလောကသားတွေ စုရုံးရောက်ရှိလာကြတယ်၊ တချို့က ကူညီဖို့၊ တချို့ကတော့ ဒုက္ခပေးဖို့ပေါ့"



"ကျုပ်ကတော့ ခရေခြံဝင်းသမခင်မလေးကို ကူညီဖို့ပါ၊ ညီလေးဟာလည်း ဒုက္ခပေးမယ့် လူတစ်ယောက် မဟုတ်ဘူးလို့ ထင်မိပါတယ်"

"ဟာ… မဟုတ်ပါဘူး"

"ကျုပ် ယုံပါတယ်၊ ညီလေးဟာ လူငယ်တစ်ယောက် ဖြစ်ပေမယ့် ထိပ်တန်းသိုင်းပညာတွေ တတ်မြောက်ထားတယ်ဆိုတာ ကျုပ် ယုံကြည်ထားပါတယ်"

"ကျွန်တော်…"

"ကူးလျှံသီလရှင်ဟာ ခရီးထွက်သွားတယ်ဆိုတာ သိရတယ်၊ ဒါပေမယ့် ကျုပ် စိတ်ထဲမှာတော့ တစ်နေရာရာမှာ ပုန်းအောင်းနေတယ်လို့ ယူဆမိတယ်၊ သူ့ကို မတွေ့ရလို့ သိုင်းလောကသားတွေ စိတ်ပျက်ပြီး ပြန်သွားကြမှ ပုန်းအောင်းနေရာက ထွက်လာလိမ့်မယ်လို့လဲ ယုံကြည်မိပါတယ်၊ ဒါကြောင့် အခြေအနေ စောင့်ကြည့်နေရင် ကောင်းမယ်ထင်တယ်၊ ညီလေးကော ဘယ်လိုသဘောရလဲ"

"ကျွန်တော် ဘာမှ မပြောတတ်ပါဘူးဗျာ"

"ညီလေးဟာ အတော့်ကို လျှို့ဝှက်တဲ့ လူငယ်လေးတစ်ယောက်ပဲကိုး"

ထိုစဉ်မှာပင် ဆိုင်ထဲသို့ လှမ်းဝင်လာသော မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထိုမိန်းကလေးကို မြင်လျှင်ယို့ချီ မျက်နှာပျက်သွားလေသည်။

ထိုမိန်းကလေးမှာ အဆိပ်ဂိုဏ်းမှ ပန်းကလေးပင် ဖြစ်နေသည် မဟုတ်ပါလား။

ပန်းကလေးသည်လည်း ယို့ချီအား တွေ့မြင်သွားလေ၏။

"ရှင် ဘယ်ပြေးမလဲ"

သူမသည် ယို့ချီအနီးသို့ ရိပ်ခနဲ ရောက်ရှိလာလေသည်။

ဝမ်အင်း မျက်မှောင်ကြုတ်သွားသည်။

"ညီလေး မင်း သူ့ကို သိလား"

"သူဟာ အဆိပ်ဂိုဏ်းကပါ"

ယို့ချီ၏အဖြေစကားကြားလျှင် ဝမ်အင်းက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

"အဆိပ်ဂိုဏ်းက လူတွေ တော်တော် သတ္တိကောင်းနေပါလား"

ပန်းကလေး တုန့်ခနဲ ရပ်သွားသည်။

သူမသည် ဝမ်အင်းအား မကျေမနပ် စိုက်ကြည့်လိုက်သည်။

"ရှင် ဘယ်သူလဲ၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ဘဲ ဘေးဖယ်နေရင် ကောင်းမယ်"

"သိုင်းလောကရဲ့ ဒုစရိုက်ဂိုဏ်းသားတွေကို တွေ့မှတော့ ကျုပ်နဲ့ မဆိုင်ဘူးဆိုတာ မရှိဘူး"

"ဩော်... ရှင် သေချင်နေပြီ ထင်တယ်"

သူမသည် အဆိပ်ဓားမြှောင်ကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။



ယို့ချီ ဟန့်တားလိုက်သည်။

"မင်းက လက်ဝါးတစ်ချက် ထိသွားတာတောင် ဘာမှ မဖြစ်ဘူး ဟုတ်လား"

ပန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က အတွင်းအားကို အကုန်မသုံးဘဲ အားပါတယ်ဆိုရုံ တိုက်ခိုက်ခဲ့တာကိုး၊ ရှင့်ရဲ့ အတွင်းအားတစ်ဝက်လောက်သာ ထုတ်သုံးလိုက်ရင် ကျွန်မ သေသွားပြီပေါ့"

သူမ အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်လေသည်။

ယို့ချီက သူမအား ညှာတာခဲ့ခြင်း ဖြစ်သည်။

သူက ညှာတာထောက်ထားခဲ့ပါလျက် သူမ အဘယ်ကြောင့် မကျေနိုင်မချမ်းနိုင် ဖြစ်နေရပါသည်။

ပန်းကလေးသည် ယို့ချီ၏အတွေးကို သိထားသည့်အလား အံကြိတ်ကာ ပြောလိုက်သည်။

"ကျွန်မကို ညှာတာထောက်ထားတာမျိုး မလိုလားဘူး၊ ကျွန်မကို သတ်ပစ်လိုက်ပါ၊ ကျွန်မလည်း ရှင့်ကို သတ်ပစ်မှာပဲ"

သူမသည် အဆိပ်ဓားနှစ်လက်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

"ညီလေး သတိထား"

ဝမ်အင်းက အော်ပြောလိုက်သည်။

ယို့ချီသည် ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက် ခုန်ထွက်သွားလေသည်။

"မပြေးနဲ့"

ပန်းကလေးက အော်ဟစ်ရင်း ပြေးလိုက်သွားလေသည်။

သူတို့နှစ်ယောက် တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ယို့ချီက တဟုန်ထိုး ပြေးထွက်သွားသည်။

သူဟာ မိန်းကလေးတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုလိုသဖြင့် ရှောင်တိမ်းသွားခြင်း ဖြစ်ပါသည်။

တခဏအတွင်းမှာပင် မြို့ပြင်သို့ ရောက်ရှိသွားပြီး တောင်ကုန်းလေးတစ်ခုကို တွေ့ရသောအခါ တောင်ကုန်းလေးဆီသို့ ပြေးတက်သွားလေသည်။ ထိုတောင်ကုန်းလေးမှာ ယင်စန်းဘုံကျောင်းတည်ရှိသော တောင်ကုန်းလေး ဖြစ်သည်ကို သူမသိပါချေ။

"မပြေးနဲ့"

ပန်းကလေးက အော်ငေါက်ရင်း သဲကြီးမဲကြီး ပြေးလိုက်လာလေသည်။ ယို့ချီက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။ အရှေ့ဘက်တစ်နေရာတွင် မီးရောင်ထိန်ထိန် လင်းနေ သောအဆောက်အဦးတစ်ခု ရှိနေသည်။

နာမည်ကျော် ယင်စန်းဘုံကျောင်း ဖြစ်လေသည်။

ဝဲယာတဘက်တစ်ချက်၌မူ ပန်းဥယျာဉ်များ ရှိနေပါသည်။

အလွန်သာယာလှပသော တောင်ကုန်းလေးတစ်ခု ဖြစ်ပါသည်။

ယို့ချီသည် ကျောက်တုံးကြီးတစ်တုံးနောက်သို့ ခုန်ဝင်ကာ ပုန်းအောင်းနေလိုက်လေသည်။ သူ၏လှုပ်ရှားမှု လျှင်မြန်လှသဖြင့် ပြေးလွှားသွားနေရာမှ ရုပ်ခနဲ ပျောက်ကွယ်သွားခြင်းမျိုး ဖြစ်လေသည်။ မရှေးမနှောင်းမှာပင်...

"ဟူး"



ပန်းကလေး ပြေးလွှားရောက်ရှိလာလေသည်။

သူမသည် ယို့ချီ မြင်ကွင်းမှ ပျောက်ကွယ်သွားသဖြင့် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူမသည် ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လေသည်။

ယို့ချီက ကျောက်တုံးကြီးနောက်ကွယ်မှ နေပြီး တိတ်တဆိတ် အကဲခတ်ကြည့်နေလိုက်၏။

ပန်းကလေးသည် ယို့ချီအား ရှာမတွေ့သည့်နောက်ဆုံး မီးရောင်များ ထွက်ပေါ်နေသော ယင်စန်းဘုံကျောင်းဆီသို့ ဦးတည်ပြေးလွှားလိုက်လေသည်။ ယို့ချီ သက်ပြင်းချလိုက်သည်။

"ကျုပ်ကို တွေ့အောင်သာ ရှာပေတော့"

ရေရွတ်ပြီး ကျောက်တုံးကြီးနောက်မှ ခုန်ထွက်လိုက်၏။

တစ်ဖန် လာလမ်းအတိုင်း ပြေးလွှားသွားရန် ဟန်ပြင်လိုက်လေ၏။ ထိုစဉ်...

"ဟင်း"

သက်ပြင်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ယို့ချီ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလေသည်။

ကပျာကယာ သက်ပြင်းချသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။ ထိုအခါ လရောင်ဖြင့် မလှမ်းမကမ်း၌ လူရိပ်တစ်ခု ရှိနေသည်ကို တွေ့မြင်လိုက်သည်။ ယို့ချီ ရင်ထိတ်သွား၏။

"ဘယ်သူလဲ"

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ မင်း ဒီနေရာက မြန်မြန်ထွက်သွားတာ ကောင်းမယ်၊ ဒါမှမဟုတ်ရင် ကြားက

အချောင်သေနေလိမ့်မယ်"

"ဘာဗျ"

"မင်း ထွက်မသွားသေးဘူးလား၊ ယင်စန်းဘုံကျောင်း သွေးချောင်းစီးတိုက်ပွဲမှာ မင်းပါ သေသွားချင်ပြီ ထင်တယ်"

"ယင်စန်းဘုံကျောင်းမှာ သွေးချောင်းစီးတိုက်ပွဲ ဖြစ်ပေါ်လာလိမ့်မယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့် ဖြစ်လာရမှာလဲ"

"ဒါ မင်းနဲ့ မဆိုင်ဘူး"

"ကျုပ်နဲ့ဆိုင်တယ်"

"မိန်းကလေးတစ်ယောက်ကိုတောင် ရင်မဆိုင်ဝံ့ဘဲ ပြေးလာခဲ့ရပြီး ယင်စန်းဘုံကျောင်းရဲ့ သွေးချောင်းစီးတိုက်ပွဲမှာ ပါဝင်ချင်ရသေးတယ် ဟုတ်လား"

"ကျုပ်က ကြောက်လို့ ပြေးလာတာ မဟုတ်ပါဘူး၊ မိန်းမတစ်ယောက်နဲ့ ရင်မဆိုင်ချင်လို့ဗျ"

လူရိပ်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျား ဘယ်သူလဲ၊ ယင်စန်းသီလရှင်ကျောင်း ဘာကြောင့် သွေးချောင်းစီးတိုက်ပွဲ ဖြစ်လာရမှာလဲ ပြောပါ"

"မင်း သိုင်းပညာ တတ်မြောက်ထားတာ ငါ သိပါတယ်၊ ယင်စန်းသီလရှင်ကျောင်းမှာ ခရေခြံဝင်းသခင် ခိုလှုံနေတယ်ဆိုတဲ့ သတင်း မင်း မကြားမိဘူးလား"

လူရိပ်၏ပြောစကားကြောင့် ယို့ချီ ပိုပြီး စိတ်ဝင်စားသွား၏။



"ကူးလျှံသီလရှင်ဟာ သခင်မလေးကျင်းကျင်းကို ခေါ်ပြီး ခရီးထွက်သွားတယ်ဆိုတာဟာ ခင်ဗျား မကြားဘူးလား"

"ဒါ အမှန်စကားမှ မဟုတ်တာ"

"ဘာဗျ"

"ကူးလျှံသီလရှင်ဟာ သူ့ကို သိုင်းလောကသားတွေ လာပြီး ရှာဖွေမှာ စိုးရိမ်လို့ တမင်သတင်းလွှင့်လိုက်တာ၊ သူဟာ ယင်စန်းဘုံကျောင်းကြီးမှာပဲ ရှိနေတယ်"

"ခင်... ခင်ဗျား"

"ကူးလျှံသီလရှင်ဟာ ယင်စန်းဘုံကျောင်းက အကြီးအကဲဖြစ်တယ်၊ ယင်စန်းဘုံကျောင်းရဲ့ ထုံးစံအရ အကြီးအကဲဖြစ်တဲ့ လူဟာ ဘုံကျောင်းကနေ အသက်သေတဲ့အထိ တင်ဖဝါးမှ မခွာရဘူး၊ ဒါကြောင့် သည်စည်းကမ်းချက်ကို သိထားတဲ့ လူတွေဟာ ကူးလျှံသီလရှင်ဟာ ယင်စန်းဘုံကျောင်းမှာပဲ ရှိနေတာကို သိထားကြတာပေါ့"

ယို့ချီ ငိုင်သွားလေသည်။

ထိုလူ၏စကား မှန်ကန်နေသည်ဆိုပါလျှင် ကူးလျှံသီလရှင်သည် ယင်စန်းဘုံကျောင်းထဲ၌ပင် ရှိနေမည် ဖြစ်သည်။

ဤသို့ဆိုလျှင် ခရေရဲတိုက်မှ သခင်မလေးကျင်းကျင်းသည်လည်း ရှိနေရမည် ဖြစ်လေသည်။

ယို့ချီ၏ရင်ထဲ လှုပ်ရှားလာလေသည်။

သခင်မလေးကျင်းကျင်းသာ ယင်စန်းဘုံကျောင်း၌ ရှိနေမည်ဆိုလျှင် ယို့ချီသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ယင်စန်း ဘုံကျောင်းဆီသို့ ပြေးသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

"နေဦး"

လူရိပ်က လမ်းပိတ်ဟန့်တားလိုက်လေသည်။

ယို့ချီ မကျေမနပ် ဖြစ်သွား၏။

"ခင်ဗျား ဘာကြောင့် ဟန့်တားရတာလဲဗျ"

"မင်းကကော ဘယ်သွားမလို့လဲ"

"သခင်မလေးကျင်းကျင်းနဲ့ သွားတွေ့မလို့ပါ"

"ဘာကွ"

ယို့ချီ ရှေ့သို့ တဟုန်တိုး ပြေးထွက်သွားလေသည်။

"ရပ်လိုက်"

လူရိပ်လည်း လျှပ်တစ်ပြက် ခုန်ထွက်လာကာ ဟန့်တားလိုက်လေသည်။

ထိုလူရိပ်သည် အလွန်ပေါ့ပါးစွာဖြင့် ခုန်ထွက်လာပြီး လေထဲကျွမ်းပစ်ကာ ယို့ချီ၏သွားရာလမ်းကို ပိတ်ထားလိုက်တော့၏။

ယို့ချီ ခြေလှမ်းရပ်လိုက်သည်။

"ဟား..ဟား..ဟား..မင်း ပြေးလို့မလွတ်ဘူး မဟုတ်လား"

"ခင်ဗျား..."

ယခု ထိုလူရိပ်သည် လရောင်အောက်သို့ ရောက်လာပြီဖြစ်ရာ သေသေချာချာ တွေ့မြင်လိုက်ရလေသည်။

ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။ ယို့ချီသည် ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေတော့သည်။

"ခင်ဗျား ဘယ်သူလဲ"

အဘိုးအို တဟားဟား ရယ်မောလိုက်သည်။

"မင်းကကော ဘယ်သူလဲဆိုတာကို အရင် ပြောစမ်းပါဦး"



ယို့ချီ ဘာမျှမပြောဘဲ နေလိုက်လေသည်။

အဘိုးအိုက မျက်နှာတင်းတင်း ဖြစ်သွားသည်။

"မင်း မပြောဘဲ နေရင် ငါကကော မပြောဘူးလို့ ထင်သလား၊ ငါ့နာမည် ကွမ်းကြုံးမင်လို့ခေါ်တယ်"

"ဗျာ"

အဘိုးအို၏စကားကြောင့် ယို့ချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘိုးအိုအား မယုံကြည်နိုင်စွာဖြင့် မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ဟား... ဟား... ဟား"

အဘိုးအိုက ဟားတိုက်ရယ်မောလိုက်လေသည်။

ယို့ချီ သက်ပြင်းချလိုက်သည်။

"ဦးဟာ သိုင်းဝိဇ္ဇာကွမ်းကြုံးမင်လား ခင်ဗျာ"

"နေပါဦး ကွမ်းကြုံးမင်က ဘယ်နှစ်ယောက် ရှိနေလို့လဲ ပြောစမ်းပါဦး"

အဘိုးအို(ဝါ)သိုင်းဝိဇ္ဇာကွမ်းကြုံးမင်က ပြန်မေးလိုက်လေသည်။

ယို့ချီ ဝမ်းသာသွားလေတော့သည်။

သိုင်းဝိဇ္ဇာကွမ်းကြုံးမင်သည် သိုင်းလောက၏ လူထူးဆန်းသိုင်းသမားကြီးများတွင် တစ်ယောက်အပါအဝင် ဖြစ်လေတော့၏။

စိတ်နေသဘောထား အလွန်ထူးခြားသော်လည်း အဖြူရောင်သိုင်းသမားစစ်စစ် ဖြစ်ပါတော့၏။

ကွမ်းကြုံးမင်က ယင်စန်းဘုံကျောင်းသို့ ရောက်လာသည်

မှာ ကူးလှုံ့သီ‌ယေရှင်အား ကူညီရန်ဖြစ်ကြောင်း ဆင်ခြင်မိလိုက်သဖြင့် ဝမ်းသာသွားခြင်းလည်း ဖြစ်ပါသည်။

ကွမ်းကြုံးမင်က တဟားဟား ရယ်မောလိုက်လေတော့၏။

“မင်းက ငါ့ကို သိနေတယ်ဆိုတော့ ခေမယ်မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းသည်နေရာက ထွက်သွားတာ အကောင်းဆုံးပဲ”

“ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် မသွားနိုင်ပါဘူး”

“မင်း ဒုက္ခရောက်ချင်ပြီ ထင်တယ်”

ယို့ချီက ဘာမျှမပြောဘဲ နေလိုက်လေသည်။

ကွမ်းကြုံးမင်သည် ယို့ချီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

“မင်းကို နောက်ဆုံးအကြိမ် ပြောမယ်၊ သည်နေရာက ထွက်သွားပေတော့”

“ကျွန်တော် မသွားနိုင်ပါဘူးဗျာ”

ယို့ချီ ခပ်ပြတ်ပြတ်ပင် ငြင်းလိုက်လေသည်။

“ကောင်းပြီ”

ကွမ်းကြုံးမင်း စိတ်တိုသွားပြီး တိုက်ခိုက်လာတော့မည်ဟု ထင်မှတ်မိလေသည်။

ယို့ချီသည် ခုခံရန် အသင့်ပြင်ထားလိုက်၏။

သို့သော်...

ကွမ်းကြုံးမင်က တိုက်ခိုက်ခြင်း မပြုပါပေ။

“ဟား... ဟား... ဟား”

ကောင်းကင်ပေါ် ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက်လေသည်။



တဖန်...

“ငါက သည်လို လူစားမျိုးကိုမှ သဘောကျတာကွ၊ မင်းက ဘုံကျောင်းကို သွားမယ် မဟုတ်လား”

ယို့ချီ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

“ဒါဖြင့် သွားစို့”

ယို့ချီသည် ကွမ်းကြုံးမင်အား ကြောင်အမ်းအမ်း ကြည့်နေပြီး ရယ်မောလိုက်လေသည်။

ထို့နောက်...

“ကောင်းပါပြီ ခင်ဗျာ”

ချက်ချင်းပင် ကွမ်းကြုံးမင်းနောက်သို့ လိုက်သွားလေတော့သည်။

♣ ♣ ♣

## တိုက်ပွဲ

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ယင်စန်းသီလရှင်ကျောင်းသည် ရောင်စုံပန်းများ ဖူးပွင့်ကာ ပန်းဥယျာဉ်အတွင်း၌ တည်ရှိလေသည်။

ဘုံကျောင်းတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေလေသည်။ ဘုံကျောင်းပေါ်တွင် ဘုရားရုပ်ပွားတော်နှင့် နတ်ရုပ်ထုများ ရှိနေပြီး ဘုံကျောင်းဝဲဘက်တွင် သီလရှင်များ နေထိုင်ရာ အဆောင်များ ရှိလေသည်။

ယို့ချီသည် ကွမ်းကြုံးမင်နှင့်အတူ လိုက်သွားရာ ဘုံကျောင်းရှေ့သို့ ရောက်ရှိသွားလေသည်။

ကွမ်းကြုံးမင်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ယို့ချီဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

"နည်းနည်းစောသေးတယ်၊ ငါနဲ့ လိုက်ခဲ့"

"ဟုတ်ကဲ့"

ကွမ်းကြုံးမင်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။



ထို့နောက် ယို့ချီ၏လက်မောင်းကို ဖြတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး အပေါ်ခုန်တက်လိုက်သည်။

"ဟူး"

နှစ်ယောက်သား ဘုံကျောင်းခေါင်မိုးပေါ်သို့ ရောက်ရှိသွားကြလေတော့သည်။ ယို့ချီ ပင့်သက်ရှိုက်လိုက်မိလေသည်။

"အင်း... သိုင်းဝိဇ္ဇာကြီးဟာ လူထူးဆန်းကြီးလို ကျော်ကြားခဲ့တဲ့အပြင် သိုင်းပညာဟာလည်း အတော့်ကို အစွမ်းထက်နေမှာသေချာတယ်"

စိတ်ထဲမှ ကြိတ်ပြီး တွေးလိုက်မိလေသည်။

ကွမ်းကြုံးမင်သည် ဘုံကျောင်းခေါင်မိုးပေါ်တွင် အကျအနထိုင်ချလိုက်လေသည်။

တဖန် သူ၏အင်္ကျီအိတ်ထဲမှ ဘူးကလေးတစ်ခု ထုတ်ယူလိုက်လေ၏။ ဘူးထဲတွင် ခပ်မည်းမည်း ဆေးရွက်အချို့ကို ထုတ်ယူကာ ပါးစောင်တွင် ငုံထားလိုက်လေသည်။

အနောက်ဘက်နယ်ခြားဒေသမှ လူများသည် ဆေးငုံသောအကျင့်ရှိကြောင်း ယို့ချီ ကြားဖူးထားလေသည်။

ကွမ်းကြုံးမင်က ဆေးငုံနေသဖြင့် အနောက်ဘက်နယ်ခြားဒေသသို့ ရောက်ခဲ့ဖူးကြောင်းကို ထင်ရှားပေါ်လွင်နေသည်။

ဆေးရွက်ကြီးကား အနံ့ဆိုးသလို အရသာလည်း ဆိုးသည်ဟု ယို့ချီ နားလည်ထားရကား အမှတ်မထင် နှာခေါင်းရှုံ့လိုက်မိလေသည်။ ကွမ်းကြုံးမင် ပြုံးလိုက်လေသည်။

"မင်းက ဆေးရွက်ကြီးရဲ့ အာနိသင်ကို မသိသေးလို့ နှာခေါင်းရှုံ့တာပါ၊ ဆေးရွက်ကြီးဟာ မေ့ဆေးငွေ့နဲ့ အဆိပ်ငွေ့ကို မူစ

ရာမလိုအောင် ဟန့်တားပေးနိုင်တယ်ကွ"

"သည်နေရာကို အဆိပ်တို့ မေးဆေးတို့ အသုံးပြုမယ့်လူတွေ ရောက်လာနိုင်တယ်လို့ ဦးက ဆိုလိုတာလား"

"ဟုတ်တယ်၊ ဘယ်သူမဆို ရောက်လာနိုင်တာပဲကွာ"

"သူတို့က ဘာကြောင့် ကူးလွှဲသီလရှင်နဲ့ သခင်မလေးကျင်းကျင်းတို့ကို ဒုက္ခပေးချင်ရတာလဲ"

"မင်းဟာ သိုင်းသမားတစ်ယောက် လုပ်နေပြီး ခုတလောသိုင်းလောကမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာတောင် မသိဘူးလား"

ယို့ချီ ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့၏။

ကွမ်းကြုံးမင်က ဆက်ပြောသည်။

"လွန်ခဲ့တဲ့ငါးနှစ်က သိုင်းရာဇာလေးဖော် လုပ်ကြံခံခဲ့ရတာကစပြီး သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့တယ်၊ ခုဆိုရင် ဇာတ်မြုပ်နေတဲ့ အနက်ရောင်သိုင်းသမားတွေဟာ နေရာအနှံ့အပြားမှာ တိုက်ခိုက်ခံနေရတယ်၊ သည်အကြောင်းအချက်တွေကို စုစည်းလိုက်မယ်ဆိုရင် တစ်စုံတစ်ယောက်ဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားနေတယ်ဆိုတာ ပေါ်လွင်နေပြီ"

"သိုင်းရာဇာလေးဖော် လုပ်ကြံခံလိုက်ရတဲ့ ကိစ္စကိုက မရိုးသားဘူး၊ သိုင်းလောကမှာ သူတို့လောက် ကျော်ကြားတာ ဘယ်သူများ ရှိနေဦးမှာလဲ၊ သူတို့ လုပ်ကြံခံလိုက်ရတယ်ဆိုတာ မယုံနိုင်စရာကောင်းလောက်အောင် အံ့ဩစရာဖြစ်နေတယ်၊ သည်ကိစ္စနဲ့ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားသူတစ်ယောက် ပေါ်ပေါက်လာတာဟာ အတော့်ကို တိုက်ဆိုင်နေတယ်၊ အင်း... ကျုပ် စိတ်ထဲမှာတော့"

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်ဖြင့် ရပ်ထားလိုက်လေသည်။ ယို့ချီ မနေနိုင်တော့ပါချေ။



"သိုင်းရာဇာလေးဖော် လုပ်ကြံခံရတာ ဘာကြောင့်လို့ ဦးထင်သလဲ"

ကွမ်းကြုံးမင်သည် ယို့ချီ၏စကားကို အဖြေမပေးပါချေ။ ငုံထားသော ဆေးရွက်ကြီးကို တမြုံ့မြုံ့ဝါးရင်း တည်ကြည်လေးနက်သော အသွင်ဖြင့် ရှိနေသည်။

ယို့ချီသည် ကွမ်းကြုံးမင် ပြောလာမည့်စကားကို နားစွင့်နေလိုက်မိလေသည်။ အတော်လေးကြာတော့မှ ကွမ်းကြုံးမင်က သက်ပြင်းချကာ ပြောလာလေသည်။

"သိုင်းရာဇာလေးဖော်ကို သိုင်းလောကသားတွေက လေးစားကြတယ်၊ သူတို့ ပူးပေါင်းလိုက်ရင် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးနိုင်တယ်၊ ဒါပေမယ့် သိုင်းရာဇာလေးဖော်ဟာ အများအမြင်မှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေရင်းချာတွေလို့ ထင်ရပေမယ့် တကယ်တမ်း သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်တွေ ဖြစ်နေကြတယ်"

ယို့ချီ မျက်နှာပျက်သွားသည်။ ကွမ်းကြုံးမင် ပြောသည့်စကားသွေးထွက်အောင် မှန်နေသည် မဟုတ်ပါလား။

ဦးလေးတစ်ဝမ်းကွဲတော်စပ်သည့် ယို့ဖုံးကိုယ်တိုင်က သိုင်းရာဇာလေးဖော်သည် အချင်းချင်း အပြိုင်အဆိုင် ဖြစ်နေကြခဲ့သည်ဟု ပြောပြဖူးသည် မဟုတ်ပါလား။ ထို့ကြောင့်...

သိုင်းရာဇာလေးဖော် ပူးပေါင်းကာ သိုင်းလောကအားလွှမ်းမိုးဖို့ဆိုသည်မှာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ပေ။

ကွမ်းကြုံးမင် ဆက်ပြောသည်။

"သိုင်းရာဇာလေးဖော် လုပ်ကြံခံရတာဟာ တစ်ယောက်ရဲ့ ပယောဂထက် အချင်းချင်း အပြိုင်အဆိုင် ဖြစ်ခဲ့ကြလို့ပဲ"

"ဗျာ"

ယို့ချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကွမ်းကြုံးမင် ပြောသည့်စကားမျိုးကို တစ်ကြိမ်တစ်ခါမှ မကြားဘူးခဲ့ပါချေ။ ယခု ပထမဆုံးအကြိမ် ကြားဖူးခြင်း ဖြစ်သည်။

"သိုင်းရာဇာလေးဖော်ဟာ အချင်းချင်း ပြိုင်ဆိုင်ရင်း သေဆုံးသွားခဲ့ကြတာ ဟုတ်လား"

"ဟုတ်တယ်"

"ဦးက ဘယ်လိုလုပ်ပြီး သည်လို ပြောနိုင်တာလဲ"

"သိုင်းရာဇာလေးဖော်ကို ဘယ်သူက လုပ်ကြံနိုင်မယ် ထင်သလဲ"

"သိုင်းရာဇာလေးဖော်စလုံးကို လုပ်ကြံပစ်နိုင်တဲ့လူဟာ သိုင်းလောကမှာ ဘယ်သူရှိမလဲ၊ သူတို့အချင်းချင်း ပြိုင်ဆိုင်ရင်း သေဆုံးသွားခဲ့ကြတာပဲ"

"သူတို့ဟာ အချင်းချင်း တိုက်ခိုက်ရင်း လေးယောက်စလုံး သေသွားကြတယ်၊ ဒါတင်မကဘူး ဂေဟာတွေလဲ ပျက်စီးသွားရတယ်၊ ဒါတော့ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ ဂေဟာလေးခုစလုံး ပျက်စီးသွားရတာ အကြောင်းတော့ ရှိရမယ်၊ ဒါပေမယ့် သိုင်းရာဇာလေးဖော်အနက် သုံးယောက် သေသွားကြပေမယ့် တစ်ယောက်က အသက်ရှင်နေသေးတာပဲ"

"ဟင်..."



ယို့ချီသည် ကွမ်းကြုံးမင်အပေါ် အံ့ဩမိပြီးရင်း အံ့ဩနေရလေသည်။ နဂါးစံအိမ်ပိုင်ရှင် အသက်ရှင်လျက် ရှိနေသည်ကိုလည်း ကွမ်းကြုံးမင်က သိထားသည် မဟုတ်ပါလား။

"သိုင်းရာဇာလေးဖော်ထဲက တစ်ယောက် အသက်ရှင်နေသေးတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော့်ကို ရှင်းပြပါလား ဗျာ"

"မ  င်းက မသိချင် ဟန်ဆောင်နေတာလား၊ သိချက်နဲ့ မေးနေတာလား"

"ကျွန်တော်..."

"ဘာပဲဖြစ်ဖြစ် ပြောပြလိုက်မယ်၊ နဂါးစံအိမ်ပိုင်ရှင်ဟာ ခုထိ အသက်ရှင်နေသေးတယ်၊ သူ့ကို ပန်းနီကျေးရွာက ကာကွယ်စောင့်ရှောက်ထားတယ်"

ယို့ချီ ငိုင်သွားသည်။ လျှို့ဝှက်သော သတင်းများကို ကွမ်းကြုံးမင်က သိနေသည်ဆိုပါလျှင် အခြားသောသူများလည်း သိနေနိုင်သည် မဟုတ်ပါလား။

"ဦးက ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်"

"ဟား... ဟား... ဟား"

"သည်ကိစ္စဟာ လူတိုင်း သိနေကြတဲ့ ကိစ္စပဲ၊ ကျုပ် သိတာ ဘာဆန်းလို့လဲ၊ နဂါးစံအိမ်ပိုင်ရှင်ဟာ အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားလို့ ဆေးကုနေရတယ်၊ ပန်းနီကျေးရွာကို သွားတဲ့ သမားပေါက်တွေဟာ လမ်းခုလတ်မှာ လုပ်ကြံခံနေရတယ်၊ သည်သတင်းတွေကို မင်း မကြားဘူးဆိုရင် လိမ်ပြောတာ ဖြစ်မယ်"

"ကျွန်တော်လည်း ကြားမိပါတယ်၊ ဒါပေမယ့် သည်ထက်

မခိုင်လုံဘူးလို့ ထင်လို့ပါ"

"ခုတလော သိုင်းလောကမှာ ထွက်ပေါ်လာတဲ့ သတင်းတွေဟာ အမှန်တွေချည်းပဲ၊ ယင်စနှိးသီလရင်ကျောင်းမှာ သခင်မလေးကျင်းကျင်း ခိုလှုံနေတဲ့ သတင်းဟာလည်း အမှန်ပဲ မဟုတ်လား"

"ဦးကို ကျွန်တော်တစ်ခု မေးချင်ပါတယ်"

"ဘာလဲ နဂါးရဲတိုက်ပိုင်ရှင် အသက်ရှင်နေတာကြောင့် သိုင်းရာဇာလေးဖော် ပျက်စီးသွားရတဲ့ ကိစ္စမှာ သူဟာ တရားခံမဖြစ်နိုင်ဘူးလားလို့ မေးမလို့ မဟုတ်လားကွ"

"ဟုတ်ပါတယ် ခင်ဗျာ၊ သိုင်းရာဇာလေးဖော်မှာ သူတစ်ယောက်ပဲ အသက်ရှင် ကျန်ရစ်ခဲ့တယ် မဟုတ်လား၊ သူဟာ တရားခံ ဘယ်သူလဲဆိုတာ သူတစ်ယောက်ပဲ ပြောပြနိုင်လိမ့်မယ်"

"သိုင်းရာဇာလေးဖော်အကြောင်း သိချင်ရင် သူ့ကို သွားမေးတာ အကောင်းဆုံးပဲ ဒါပေမယ့်..."

ကွမ်းကြိုးမင်းက စကားတပိုင်းတစဖြင့် ပြောလိုက်လေ၏။

"ပန်းနီကျေးရွာကို သွားဖို့ မလွယ်ဘူးလို့ ဦး ပြောချင်တယ် မဟုတ်လား"

"ဟုတ်တယ်၊ သူတို့က လက်မခံဘူးဆိုရင် ပန်းနီကျေးရွာရဲ့ ဆယ်မိုင်ပတ်လည်ကို ဘယ်သူမှ ဝင်လို့ မရဘူး"

"သူတို့ တကယ်ပဲ တားဆီးနိုင်လို့လား"

"မင်း မယုံရင် စမ်းကြည့်လိုက်ပေါ့"

"သိုင်းရာဇာလေးဖော်ကိစ္စ သိုင်းလောက မငြိမ်မသက် ကိစ္စတွေဟာ တရားခံတဦးတည်းကြောင့်ဆိုတာ ထင်ရှားနေတယ်၊



နဂါးစံအိမ်ပိုင်ရှင် အသက်ရှင်နေတာရယ်၊ ပန်းနီကျေးရွာ အင်အားကြီးမားတာရယ်၊ ပေါင်းလိုက်မယ်ဆိုရင် အားလုံးကတော့ နဂါးစံအိမ်ပိုင်ရှင်ဟာ တရားခံ ဖြစ်ရမယ်လို့ ယူဆမိကြမှာပဲ"

"ဟုတ်ပါတယ် သူဟာ တရားခံအစစ် ဖြစ်ပါလိမ့်မယ်ဗျာ"

"ဒါကြောင့်လဲ တရားခံအစစ်ကို အခုထိ မဖော်ထုတ်နိုင်ကြသေးတာပေါ့"

"ဗျာ"

"နဂါးစံအိမ်ပိုင်ရှင်ဟာ တရားခံအစစ် မဟုတ်ဘူးလားဗျာ"

"ငါတော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ပြောဖို့ စောသေးတယ်၊ အချိန်တန်ရင် အဖြေပေါ်လာလိမ့်မယ်"

ယို့ချီ အားမလို အားမရ ဖြစ်သွားလေသည်။

နဂါးစံအိမ်ပိုင်ရှင်မှာ တရားခံအစစ် မဟုတ်လျှင် မည်သူဖြစ်ပါသနည်း။ ကျန်ရဲတိုက်ပိုင်ရှင်သုံးယောက်မှာ သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။ အခြေအနေကား ရှုပ်ထွေးနေ၏။

ယို့ချီသည် အဖြေရှာ၍ မရသဖြင့် ဆက်လက်တွေးတော စဉ်းစားခြင်း မပြုဘဲ နေလိုက်သည်။ ထိုအချိန်မှာပင်...

"ဟူး... ဟူး... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်များ ပြေးလွှား ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

## အားပြိုင်ခြင်း

ညဉ့်နက်လာပြီဖြစ်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

လဝန်းထိန်ထိန်သာနေသဖြင့် ယင်စန်းသီလရှင်ဘုံကျောင်း၏ အနီးတဝိုက်မှာ သာယာလှပနေလေသည်။

ယို့ချီနှင့် ကွမ်းကြိုးမင်တို့မှာ ဘုံကျောင်းခေါင်မိုးပေါ်တွင် ရှိနေကြသည်။ ထို့ကြောင့် ဘုံကျောင်းအနီးတဝိုက်သို့ လူအတော်များများ ရောက်ရှိလာကြသည်ကို တွေ့မြင်ထားခဲ့ကြလေသည်။

သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

"ရှူး... တိုးတိုး"

ကွမ်းကြိုးမင်သည် တိတ်တိတ်နေရန် ယို့ချီအား သတိပေးလိုက်သည်။ ထိုအချိန်မှာပင်...

"နောင်... ဝေ... ဝေ"

ဘုံကျောင်း၏ဝဲဘက်မှ ကြေးစည်ထုသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဆက်တည်းမှာပင် မီးရောင်များနှင့်အတူ လူတစ်စု ထွက်



ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

မီးအိမ်များ ကိုင်ဆောင်ထားသော သီလရှင်လေးများသည် အသက်ငါးဆယ်ကျော်ခန့်ရှိ သီလရှင်တပါးအား ခြံရံကာ ဘုံကျောင်းဆီသို့ လှမ်းလာနေကြခြင်း ဖြစ်လေသည်။

ထိုသီလရှင်ကြီး၏ရုပ်သွင်မှာ အလွန်ကြည်ညိုလေးစားဖွယ်ကောင်းလှလေသည်။

ထိုသီလရှင်ကြီးသည် ယင်စန်းသီလရှင် ဘုံကျောင်းအားတာဝန်ယူရသော သီလရှင် ဖြစ်ရမည်ဟု ယို့ချီ သတိပြုမိလိုက်၏။

ကွမ်းကြိုးမင်၏စကားသံ ထွက်ပေါ်လာသောအခါ သူ၏အတွေး မှန်ကန်သွားလေသည်။

"အဲဒါ ကူးလျှံသီလရှင်ပေါ့"

ကူးလျှံသီလရှင် ဤနေရာ၌ ရှိလျှင် သခင်မလေးကျင်းကျင်းသည်လည်း ရှိနေလိမ့်မည် ဖြစ်လေသည်။

ယို့ချီရင်ထဲ လှုပ်ရှားလာလေသည် ကူးလျှံသီလရှင်တို့သည် တရွေ့ရွေ့ လှမ်းလာရင်း ဘုံ ကျောင်းရှေ့သို့ ရောက်ရှိလာကြလေသည်။ ရုတ်တရက်...

"ဗိုး"

လေတိုးသံနှင့်အတူ အလင်းတန်းတစ်ခု ထွက်ပေါ်လာလေသည်။ ထိုအလင်းတန်း ထွက်လာပြီးသည်နှင့် မီးရောင်များ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

ယို့ချီနှင့် ကွမ်းကြိုးမင်တို့သည် ဘုံကျောင်းခေါင်မိုးပေါ်မှနေ၍ ပွဲကြည့်ပရိသတ်များပမာ ရှိနေကြလေသည်။

ဘုံကျောင်းရှေ့ မြေကွက်လပ်တွင် မီးတိုင်များ ထွက်ပေါ်

လာသည်။ ညအချိန် ဖြစ်သော်လည်း နေ့ဘက်နှင့်မခြားအောင် ထိန်ထိန်လင်းသွားလေသည်။

မြေကွက်လပ်တွင် လူအတော်များများ ရောက်ရှိနေကြပါသည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်စုက ဝဲဘက်အစွန်ဆုံးတွင် နေရာယူထားပါသည်။ ထိုလူများနှင့် မလှမ်းမကမ်းတွင် အနီရောင်ဝတ်ဆင်ထား သူများ နေရာယူထားကြသည်။ တဖန်...

ခရမ်းရောင်ဝတ်ဆင်ထားသူ လူတစ်စုကလည်း ရှိနေသည်။

ထိုလူများအပြင် သွေးဓားဂိုဏ်းသားများကိုလည်း တွေ့ရ၏။ သူတို့နှင့် လူချင်းခွဲကာ ရပ်နေကြသော အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားသူများလည်း ရှိနေပါသေးလေ၏။

"အတော့်ကို လူစုံတာပဲ"

ကွမ်းကြိုးမင်က ပြောသည်။ ယို့ချီ ခေါင်းညိတ်သည်။

အရိုးဖြူဂိုဏ်း၊ တမန်တော်ဂိုဏ်း၊ အဆိပ်ဂိုဏ်း၊ သွေးဓားဂိုဏ်း၊ သံလက်ဝါးကျောက်ရီ၊ မရဏာဘွားဘွား၊ စာပေသမားဝမ်အင်းတို့လည်း ရောက်ရှိနေသည်ကို တွေ့ရလိုက်လေသည်။ ထို့အပြင်...

ယို့ချီ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး သူများလည်း ရောက်ရှိလာသည်ကို တွေ့ရလေသည်။

သိုင်းသမားများ စုရုံးရောက်ရှိလာသည့် နေရာတိုင်းတွင်း ပြဿနာများ ဖြစ်ပေါ်လာတတ်သည်။ ယခု...

ယင်စန်းသီလရှင်ကျောင်းရှေ့၌ သိုင်းလောကသားများ စုရုံးရောက်ရှိလာကြပြီဖြစ်ရာ မကြာမီ ပြဿနာများ ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။



ကူးလျှံသီလရှင်တို့ ခြေလှမ်းရပ်သွားသည်။

ကူးလျှံသီလရှင်သည် မြေကွက်လပ်ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

"ညကြီးအချိန်မတော် ဧည့်သည်တွေ ရောက်လာကြပါလား၊ ခုချိန်မှတော့ ကောင်းကောင်းမွန်မွန် ဧည့်ခံနိုင်မှာ မဟုတ်တဲ့အတွက် တောင်းပန်ပါတယ်၊ ဒါထက် ဘယ်လို အကြောင်းကိစ္စနဲ့ ရောက်လာကြသလဲဆိုတာကို အမိန့်ရှိပါဦး"

သူမ၏စကားအဆုံးတွင်...

"ဟား... ဟား... ဟား"

ရယ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တမန်တော်ဂိုဏ်းမှ နန်းယုစိမ်း၊ အရိုးဖြူဂိုဏ်းမှ သခင်မချင်းစုလင်းတို့က ဟားတိုက်ရယ်မောလိုက်ကြလေသည်။

နန်းယုစိမ်းရှေ့သို့ လှမ်းထွက်လိုက်သည်။

"ကူးလျှံသီလရှင်၊ ကျုပ်တို့ ဘာကြောင့် သည်နေရာကို ရောက်လာကြတယ်ဆိုတာ ခင်ဗျား သိပါတယ်၊ အပိုတွေ ပြောမနေပါနဲ့ဗျာ"

အရိုးဖြူဂိုဏ်းမှ သခင်မချင်းစုလင်းကလည်း အော်ပြောလိုက်သည်။

"သခင်မလေးကျင်းကျင်းကို ထုတ်ပေးပါ၊ ဒါမှမဟုတ်ရင် ယင်စန်းသီလရှင်ဘုံကျောင်းမှာ သွေးချောင်းစီးသွားလိမ့်မယ်"

သူတို့၏စကားအဆုံးတွင် အရော  သွေး စုံလင်စွာ ဝတ်ဆင်ထားသူများထဲမှ စာပေသမားဝမ်အင်း၊ ည်း ရှေ့သို့ လှမ်းထွက်လိုက်၏။
တိုက

"အရိုးဖြူဂိုဏ်းနဲ့ တမန်တော်ဂိုဏ်း ခင်ဗျားတို့ ကြီးကျယ်လှချည်လား၊ တချိန်လုံး လိပ်လို ခေါင်းဝှက်နေခဲ့ကြပြီးမှ သိုင်းလောကထဲ ပြန်ထွက်လာတာ ဒုက္ခရောက်ချင်လို့ပဲ ဖြစ်ရမယ်"

နန်းယုစိမ်း ဒေါသထွက်သွားလေသည်။

"စာပေသမားဝမ်အင်း၊ မင်းလည်း ကြီးကျယ်မနေနဲ့ ဘယ်သူ ဒုက္ခရောက်မလဲဆိုတာကို ကြည့်ကြသေးတာပေါ့"

ချက်ချင်းပင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ချွမ်း"

စာပေသမားဝမ်အင်းကလည်း ကြေးစုတ်တံတချောင်းကို ဆွဲထုတ်လိုက်လေသည်။

ဘုံကျောင်းရှေ့၌ စုရုံးရောက်ရှိနေကြသော သိုင်းလောကသားများအနက် အဖြူရောင်သိုင်းသမားများရော အနက်ရောင်သိုင်းသမားများပါ ပါဝင်နေကြရာ ပြဿနာ ဖြစ်ပေါ်လာတော့သည်။

အနက်ရောင်သိုင်းသမားများက ဝဲဘက်သို့ ဆုတ်သွားကြသည်။

အဖြူရောင်သိုင်းသမားများက ယာဘက်သို့ ဆုတ်လိုက်ကြသည်။

မြေကွက်လပ်တွင် နန်းယုစိမ်းနှင့် စာပေသမားဝမ်အင်းတို့ နှစ်ယောက် မျက်နှာချင်းဆိုင်လျက်နှင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

♣ ♣ ♣



နန်းယုစိမ်းသည် စာပေသမားဝမ်အင်းအပေါ် အခဲမကျေဖြစ်နေရသည်မှာ အကြောင်းရှိလေသည်။

တချိန်က သိုင်းလောကတွင် တမန်တော်ဂိုဏ်း ကျက်စားခဲ့စဉ်က သူတို့အား ချေမှုန်းရန် ကြိုးစားသူများတွင် စာပေသမားဝမ်အင်းသည် ရှေ့ဆုံးမှပင် ပါဝင်ခဲ့လေသည်။

ဝမ်အင်း၏လက်ချက်ဖြင့် တမန်တော်ဂိုဏ်းမှာ အတော်လေး အထိနာခဲ့လေသည်။ ထို့ကြောင့်...

တမန်တော်ဂိုဏ်း သိုင်းလောက၌ ပြန်လည်ကျက်စားလာသောအခါ ချေမှုန်းသုတ်သင်ပစ်ရမည့် စာရင်းတွင် စာပေသမားဝမ်အင်းအား ထိပ်ဆုံးမှ ထားခဲ့လိုက်လေသည်။ ယခု...

သူတို့နှစ်ယောက်သည် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီ ဖြစ်လေ၏။ နန်းယုစိမ်းက လက်တစ်ဘက် ဆန့်ထုတ်လိုက်၏။

ထိုအခါ သူ၏လက်ထဲ၌ လွှသွားသဏ္ဌာန် ပေါက်ချွန်း လက်နက်တစ်ခုပါလာသည်။

ဒဏ္ဍာရီပုံပြင်များတွင် ပါဝင်သော ယမမင်းထောမန် ကိုင်ဆောင်ထားသော လက်နက်မျိုး ဖြစ်လေသည်။

ထိုလက်နက်အား သံကြိုးတစ်ကြောင်းဖြင့် ဆက်သွယ်ထားရာ အနီးကပ် တိုက်ပွဲဝင်နိုင်သလို အဝေးသို့လည်း ပစ်ခတ်တိုက်ခိုက်နိုင်သော လက်နက် ဖြစ်လေသည်။

နန်းယုစိမ်းသည် သူ၏လက်နက်ကို တဝှီးဝှီးမြည်အောင် ဝှေ့ယမ်းလိုက်သည်။

"စာပေသမား ရှောင်နိုင်ရင် ရှောင်ပေတော့"

အော်ဟစ်ကြိုးဝါးရင်း စတင်တိုက်ခိုက်လိုက်လေတော့၏။

သံပေါက်ချွန်းလက်နက်သည် တဝိုးဝိုးမြည်ကာ စာပေသမားဝမ်အင်းထံသို့ တိုးဝင်သွားလေသည်။

အကယ်၍ ထိမှန်သွားပါက စာပေသမားဝမ်အင်းမှာ အသက်နှင့်ခန္ဓာ အိုးစာကွဲလိမ့်မည် ဖြစ်လေသည်။

သို့မဟုတ်လျှင် ခန္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်းများ ပြတ်တောက်သွားအောင်ပင် ဒုက္ခပေးနိုင်သူ ဖြစ်လေသည်။

ဘုံကျောင်းခေါင်မိုးပေါ်မှ ကြည့်နေသည့် ယို့ချီ ရင်ထိတ်သွားလေသည်။ နန်းယုစိမ်းမှာ ခေသူမဟုတ်ကြောင်းကိုလည်း နားလည် ရိပ်မိလိုက်လေသည်။

"သည်အချိန်မှာ ဘဘရမ်းစုနဲ့ ဘဘယို့ဖုံးတို့ ရောက်လာကြရင် သိပ်ကောင်းမှာပဲ"

ဟူ၍ စိတ်ထဲ တွေးနေမိလေသည်။

သိုင်းဝိဇ္ဇာကွမ်းကြိုးမင်မှာ တုတ်တုတ်မျှ မလှုပ်ဘဲ လက်ပိုက်ကြည့်နေ၏။ ထိုတိုက်ပွဲသည် သူ့အတွက် စိတ်ဝင်စားဖွယ်ရာလုံးဝမရှိသော တိုက်ပွဲဟု သဘောထားပုံရလေသည်။

နန်းယုစိမ်းက စတင်တိုက်ခိုက်လိုက်သည်နှင့်...

"ယား"

စာပေသမားဝမ်အင်းကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဘုံကျောင်းရှေ့တွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။ နန်းယုစိမ်း စတင်တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။ ထို့အတူ...

ဝမ်အင်းကလည်း ပေ့ါပါးသွက်လက်စွာဖြင့် ရှောင်တိမ်းရင်း



ကြေးစုတ်တံကို အသုံးပြုကာ ပြန်လည် ထိုးနှက်တိုက်ခိုက်လိုက်၏။

"ချွမ်း... ချွမ်း"

လက်နက်အချင်းချင်း ပြင်းထန်စွာ ထိမိလိုက်သောအခါ မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်၊ နောက်ဆုတ်လိုက်၊ ပြန်လည်ရင်ဆိုင်လိုက်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်။

အနည်းငယ် မှားယွင်းမိသည်နှင့် မရှုမလှ အရေးနိမ့်သွားလိမ့်မည် ဖြစ်သည်။ ယို့ချီမှာ တိုက်ပွဲကို ကြည့်ကာ အသည်းတယားယား ဖြစ်နေပါသည်။ ထိုစဉ် ကွမ်းကြိုးမင်ထံမှ သက်ပြင်းချသံ ထွက်ပေါ်လာလေတော့သည်။

"တစ်ယောက်မှ အသုံးမကျဘူး တညလုံးတိုက်ခိုက်နေသလို အနိုင်အရှုံး ပေါ်လာမှာ မဟုတ်ဘူး"

ယို့ချီသည် ကွမ်းကြိုးမင်ကို ကြည့်ရင်း စိတ်ထဲအလိုလို လေးစားလာသည်။ ကွမ်းကြိုးမင် ခန့်မှန်းထားသည့်အတိုင်း မှန်ကန်နေသည် မဟုတ်ပါလား။ ထိုအချိန်မှာပင်...

"ချွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေ၏။

နန်းယုစိမ်းနှင့် စာပေသမားဝမ်အင်းတို့သည် ထိပ်တိုက်ရင်ဆိုင်ပြီးမှ နောက်သို့ ခုန်ဆုတ်သွားကြလေသည်။

သူတို့၏ယှဉ်ပြိုင်ပွဲမှာ တဒင်္ဂအားဖြင့် ပြီးဆုံးသွားလေ၏။

♣ ♣ ♣

နန်းယုစိမ်းနှင့် စာပေသမားဝမ်အင်းတို့ နောက်ဆုတ်လိုက်ကြသောအခါ...

"နန်းယုစိမ်း ရှင်သာ ဖယ်လိုက်၊ သူ့ကို ကျွန်မ ဆုံးမမယ်"

စကားသံနှင့်အတူ အရိုးဖြူဂိုဏ်း သခင်မချင်းစုလင်းက ခုန်ထွက်လာလေသည်။

နန်းယုစိမ်းသည် ဝမ်အင်းအား ပြတ်ပြတ်သားသား မယှဉ်နိုင်သဖြင့် မကျေမနပ် ဖြစ်နေ၏။ သို့သော်...

ချင်းစုလင်း ရောက်လာသောအခါ မကျေနပ်စိတ်ကို မြိုသိပ်ကာ နောက်ဆုတ်ပေးလိုက်လေသည်။

ချင်းစုလင်းက ဝမ်အင်းနှင့် ရင်ဆိုင်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"ကျုပ် ရှိပါသေးတယ်ဗျာ"

လူတစ်ယောက် ရှေ့သို့ ခုန်ထွက်လာလေသည်။

ထိုလူမှာ အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိပြီး လက်ထဲ၌ ဆေးတံတစ်ချောင်း ကိုင်ထားလေသည်။

"သည်ပွဲက ကြည့်လို့ ကောင်းလိမ့်မယ်"

"ဦးက သူတို့ကို သိလို့လား"

ယို့ချီက မေးလိုက်သောအခါ ကွမ်းကြိုးမင် ရယ်မောလိုက်သည်။

"ဆေးတံသိုင်းသမားဝမ်ဟိုးကို မသိဘဲ မင်းက သိုင်းလောကသား လုပ်နေသေးသလား"

ယို့ချီ အံ့သြသွားသည်။



"သည်အဘိုးအိုက ဆေးတံသိုင်းသမားဝမ်ဟိုး ဟုတ်လား"

"ဟုတ်တယ်"

ဆေးတံအဘိုးအိုဝမ်ဟိုးသည် သိုင်းဝိဇ္ဇာကွမ်းကြိုးမင်ကဲ့သို့ သိုင်းလောကတွင် လူထူးဆန်းစာရင်းတွင် ပါဝင်နေသူ ဖြစ်လေသည်။

ယို့ချီသည် ဝမ်ဟိုး၏အမည်ကို ကြားဖူးသော်လည်း ယခုမှ လူကို တွေ့ဖူးခြင်း ဖြစ်လေသည်။ မည်သို့ဆိုစေ...

ဝမ်ဟိုး ရောက်ရှိလာသဖြင့် အရိုးဖြူသခင်မချင်းစုလင်း ထင်သလိုလုပ်၍ မရသည်ကိုတွေးရင်း ဝမ်းသာသွားလေသည်။

ချင်းစုလင်းသည် ဝမ်ဟိုးကို မြင်လျှင် မျက်နှာပျက်သွား၏။

"ရှင်ဟာ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စ ဝင်ရှုပ်မလို့လား"

"ဟား... ဟား... ဟား"

ဝမ်ဟိုး ရယ်မောလိုက်သည်။

"ကျုပ်နဲ့ မဆိုင်ဘူးလို့ ဘယ်သူက ပြောသလဲ"

"ရှင်... ရှင်"

"ကူးလျှံသီလရှင်ဟာ ကျုပ်နဲ့ ရင်းနှီးခဲ့တဲ့ မိတ်ဆွေတစ်ယောက်ဆိုတာကို သိုင်းလောကတစ်ခုလုံး သိကြပါတယ်လေ"

ချင်းစုလင်းမှာ ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေလေ၏။ သူမ၏သိုင်းပညာ မခေသော်လည်း ယှဉ်ပြိုင်တိုက်ခိုက်ဖို့ကား မသေချာပေ။

သူမ အခက်ကြုံနေစဉ်မှာပင် ဝမ်ဟိုးက လက်ဝှေ့ယမ်းပြလိုက်လေသည်။

"မင်းတို့ သည်နေရာက အမြန် ထွက်သွားကြရင် ကောင်း

မယ်"

ချင်းစုလင်း သက်ပြင်းချလိုက်သည်။

နောက်ဆုတ်ရန် ဆုံးဖြတ်လိုက်၏။ ထိုအချိန်မှာပင်...

"ကျွန်မတို့ မတွေ့ရတာ အတော်တောင် ကြာနေပြီနော်"

စကားသံနှင့်အတူ အဘွားအိုတစ်ယောက် ချင်းစုလင်း၏ ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအဘွားအိုမှာ မရဏာဘွားဘွား ဖြစ်ပါသည်။

ချင်းစုလင်း ဝမ်းသာသွားသည်။

မရဏာဘွားဘွားအား ချက်ချင်းပင် ဦးညွှတ်လိုက်၏။

"ဘွားဘွားကို ကျွန်မ ချင်းစုလင်း ဂါရဝပြုပါတယ်"

စကားသံဆုံးလျှင် ချက်ချင်း နောက်ဆုတ်လိုက်လေသည်။

ချင်းစုလင်းသည် ရလာသော အရေးကို မလွတ်တမ်း အသုံးချလိုက်ခြင်း ဖြစ်လေသည်။

သူမ နောက်ဆုတ်သွားသဖြင့် မရဏာဘွားဘွားနှင့် ဝမ်ဟိုးတို့ မျက်နှာချင်းဆိုင်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

ယှဉ်ပြိုင်ပွဲ အခြေအနေ ပြောင်းလဲသွားရကား ယို့ချီက ကွမ်းကြုံးမင်ကို ကြည့်လိုက်သည်။ ကွမ်းကြုံးမင် ပြုံးလိုက်သည်။

"ခုမှပဲ လက်ရည်မျှသွားတော့တယ်"

သူ၏ရေရွတ်သံကြောင့် ယို့ချီ စိတ်ပျက်သွားလေသည်။

ဘုံကျောင်းရှေ့၌ ရောက်ရှိနေကြသော သိုင်းသမားများမှာ အဖြူနဲ့ အနက် အားပြိုင်လျက် ရှိနေသည်။

အဖြူရောင်သိုင်းသမားများ အသာစီးရနေပါမှ သခင်မလေးကျင်းကျင်းအတွက် စိတ်အေးရမည် မဟုတ်ပါလား။



ယခု လက်ရည်ညီမျှ နေကြသောအခါ...

"ဆက်ပြီး ကြည့်နေလို့လဲ စိတ်ပျက်စရာပဲ ဖြစ်လိမ့်မယ်"

ကွမ်းကြုံးမင်က ငြီးငွေ့သွားရင်း ထိုင်ရာမှ ထလိုက်သည်။

"ဦး ဘယ်ကို သွားမလို့လဲ"

ယို့ချီက မေးလိုက်သည်။ ကွမ်းကြုံးမင်က ကူးလျှံသီလရှင် ထွက်လာခဲ့သည့် အဆောင်နားဘက်သို့ ညွှန်ပြလိုက်သည်။

"သခင်မလေးကျင်းကျင်းနဲ့ သွားတွေ့မယ်လေ"

"ဒါဖြင့် ကျွန်တော်လည်း လိုက်မယ်"

ယို့ချီက ငေါက်ခနဲ ထရပ်လိုက်သည်။

ကွမ်းကြုံးမင်က ကန့်ကွက်ခြင်း မပြုဘဲ...

"လာ သွားစို့"

ယို့ချီ၏လက်ကို ဆွဲကာ ပြေးထွက်သွားလေသည်။

သူတို့နှစ်ယောက် ဘုံကျောင်းခေါင်မိုးပေါ်၌ ပြေးလွှားသွားနေကြသော်လည်း အသံစိုးစဉ်းမျှ မကြားရပါချေ။

ဝဲဘက်အဆောင်ပေါ်သို့ ခုန်ကူးလိုက်ပြီး ဆက်လက်ပြေးသွားကြသည်။

သီလရှင်များ နေထိုင်ကြသော အဆောင်များ၏အနောက်ဘက်သို့ ရောက်ရှိသွားကြတော့မှ ကွမ်းကြုံးမင်က ခြေလှမ်းရပ်လိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ သီးခြားအဆောင်လေးတစ်ခု ရှိနေသည်ကို တွေ့ရသည်။

ကွမ်းကြုံးမင် ပြုံးလိုက်သည်။

"အဲသည် အဆောင်လေးထဲမှာ သခင်မလေးကျင်းကျင်း

ရှိနေလိမ့်မယ်"

"ကျွန်တော်တို့ သွားတွေ့ကြရအောင်"

"ကောင်းပြီ"

နှစ်ယောက်သား သီးခြားအဆောင်ကလေး၏ ခေါင်မိုးပေါ်သို့ ခုန်ကူးလိုက်ကြသည်။ ထို့နောက်...

ခေါင်မိုးပေါ်မှတဆင့် အဆောင်ရှေ့သို့ ခုန်ဆင်းလိုက်ကြသည်။ ထိုစဉ်မှာပင်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ သီလရှင်များ ထွက်ပေါ်လာပြီးနောက် ယို့ချီတို့နှစ်ယောက်အား ဝိုင်းရံထားလိုက်ကြလေသည်။

♣ ♣ ♣

သီးသန့်ဆောင်လေးမှာ လရောင်အောက်တွင် အေးချမ်းငြိမ်သက်စွာ ရှိနေပါသည်။

ယို့ချီနှင့် ကွမ်းကြုံးမင်တို့ အဆောင်ကလေးရှေ့သို့ ရောက်ရှိသွားကြသောအခါ သီလရှင်များ ရုတ်ခြည်းထွက်ပေါ်လာပြီး ဝိုင်းရံထားလိုက်ကြလေသည်။

ထိုသီလရှင်များသည် ကြယ်တစ်ပွင့်၏ပုံသဏ္ဍာန် အရပ်ရှစ်မျက်နှာမှ နေရာယူကာ ဝိုင်းရံထားလိုက်ကြခြင်း ဖြစ်လေသည်။

ကွမ်းကြုံးမင်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ကူးလျှံသီလရှင်ရဲ့ ရူဝံကြယ်အင်းကွက်ကတော့ အတော့်ကို ကျော်ကြားတယ်ဟေ့"



သူ၏ချီးကျူးသံကို ကြားရလျှင် သီလရှင်များ မျက်နှာပျက်သွားလေသည်။ ယို့ချီ စိတ်ဝင်စားသွားသည်။

သိုင်းလောက၏ထူးခြားသော သိုင်းပညာရပ်များအကြောင်းကို ပြောဆိုရာတွင် ရူဝံကြယ်ရှစ်ကွက်အင်းသည် နာမည်ကျော် သိုင်းကွက်အဖြစ် ပါဝင်ခဲ့သည်ကို ယို့ချီ ကောင်းစွာ ကြားဖူးထားလေသည်။

ထိုရူပံကြယ်ရှစ်ကွက်အင်းဖြင့် ဝိုင်းရံခြင်း ခံရပါက မည်သည့်နည်းနှင့်မျှ ပြန်ထွက်၍ မရနိုင်တော့ဟူသော အဆိုလည်း ရှိလေ၏။

ယခု မိမိတို့အား ရူဝံကြယ်ရှစ်ကွက်အင်းသိုင်းကွက်ဖြင့် ဝိုင်းရံခံ လိုက်ရသောအခါ မည်သည့်နည်းနှင့် ထိုးဖောက်သွားရမည်ကို ယို့ချီ တွေးလိုက်လေသည်။

ကွမ်းကြုံးမင်ကို ကြည့်ရသည်ကား လုံးဝအံ့မှုထားပုံ မရချေ။ သူ၏မျက်နှာ ပြုံးရွှင်နေပြီး ဝိုင်းရံထားသော သီလရှင်များအား ဝေ့ကြည့်နေလေသည်။ ပြီးလျှင်...

"ရူဝံကြယ်ရှစ်ကွက်အင်းမှာ ဟောသည်က သီလရှင်လေးက အခရာပဲ"

ဝဲဘက်အစွန်ဆုံး၌ ရပ်နေသော သီလရှင်လေးအား ညွှန်ပြကာ ပြောလိုက်သည်။ တစ်ဖန်...

"သည်သီလရှင်လေးရဲ့ သိုင်းကွက်ပျက်ပြားသွားအောင် လုပ်နိုင်ရင် ရူဝံကြယ်ရှစ်ကွက်အင်းရဲ့ အစွမ်းဟာ ပျက်ပြယ်သွားပြီပေါ့"

ဟူ၍လည်း ဆက်ပြောလေသည်။

သီလရှင်ရှစ်ပါး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကွမ်းကြိုးမင်း၏စကား မှန်ကန်နေသဖြင့် 'ထိတ်လန့်တုန်လှုပ် သွားကြပုံမျိုး ဖြစ်လေသည်။

"ဟား... ဟား... ဟား"

ကွမ်းကြိုးမင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ကဲ... ကျုပ်တို့ကို ဆက်ပြီး ဝိုင်းရံထားကြဦးမလား၊ ဒါမှမဟုတ် လမ်းဖယ်ပေးမလား ကြိုက်တဲ့လမ်းကို ရွေးပေတော့"

သီလရှင်ရှစ်ပါး အံကြိတ်လိုက်သည်။

"ချွမ်း... ချွမ်း... ချွမ်း"

ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ရွှံ့ဝံကြွယ်ရှစ်ကွက်အင်း သိုင်းကွက်ကို လက်နက်တပ်ဆင်လိုက်သောအခါ ပို၍ ကြောက်မက်ဖွယ်ကောင်းလာလေတော့သည်။

သီလရှင်ရှစ်ပါးအနက် ခေါင်းဆောင်ဖြစ်ဟန်တူသော သီလရှင်က အော်ပြောလိုက်လေသည်။

"ဒူးထောက်အဖမ်းခံလိုက်စမ်း"

"ကျုပ်က အဖမ်းခံရိုးထုံးစံ မရှိဘူး၊ မင်းတို့ ဓားတွေ ပေးခဲ့စမ်း"

မြေပေါ်တွင် ခြေတစ်ချောင်းထောက်ကာ ထိုခြေထောက်ကို ဆုံလည်တိုင်ပမာ သဘောထားကာ ခန္ဓာကိုယ်တစ်ပတ် လှည့်လိုက်လေသည်။

"ဝှီး"

"ချွမ်း... ချွမ်း... ချွမ်း"

ကွမ်းကြိုးမင်း လက်တစ်ဖက် ဆန့်ထုတ်လိုက်သောအခါ သီလရှင်ရှစ်ပါး ကိုင်ဆောင်ထားသော ဓားများကို လုယူပြီးသား ဖြစ်



သွားလေသည်။

"သွားစမ်း"

ကွမ်းကြိုးမင်းက အော်ငေါက်ရင်း လုယူထားသော ဓားများကို ပစ်လွှင့်လိုက်လေသည်။

"တောက်... တောက်... တောက်"

ဓားရှစ်လက်သည် တဟုန်ထိုး ပစ်လွှင့်သွားပြီး မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်၌ ရွှံ့ဝံကြွယ်ရှစ်ကွက်အင်း၏ပုံသဏ္ဌာန်အတိုင်း စိုက်ဝင်သွားလေသည်။

"ဟင်"

"ဟာ"

သီလရှင်ရှစ်ပါး လွတ်ခနဲ ရေရွတ်လိုက်ကြသည်။

ကပျာကယာ နောက်ဆုတ်သွားကြသည်။

သူတို့သည် ကွမ်းကြိုးမင်နှင့် ယို့ချီတို့အား ဆက်လက်ဝိုင်းရံထားခြင်း မရှိတော့ပါချေ။

"ဟား... ဟား... ဟား"

ကွမ်းကြိုးမင်က သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုစဉ်...

"ညအချိန်မတော် သီလရှင်ကျောင်းထဲမှာ လာပြီး နှောင့်ယှက်တာ ဘယ်သူလဲ"

အော်ငေါက်သံနှင့်အတူ အဆောင်ထဲမှ မိန်းကလေးတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

## ထင်ယောင်ထင်မှား

သီးသန့်အဆောင်အတွင်းမှ မိန်းကလေးတစ်ယောက် ခုန်ထွက်လာ၏။

ထိုမိန်းကလေးကို မြင်လျှင် သီလရှင်များလည်း ချက်ချင်းပြေးသွားကြပြီး ရှေ့မှ စုရုံးရပ်ကာ အကာအကွယ် ပေးလိုက်ကြလေသည်။

ထိုမိန်းကလေးမှာ သီလရှင်ကျောင်း၌ ရောက်ရှိနေသော်လည်း သီလရှင်တစ်ပါးတော့ မဟုတ်ပါချေ။

ခရေခြံဝင်းမှ သခင်မလေးကျင်းကျင်း ဖြစ်နေပါတော့လေသည်။ သခင်မလေးကျင်းကျင်းသည် ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေးတစ်ယောက် ဖြစ်ပါသည်။

ယို့ချီမှာ ကျင်းကျင်းကို မြင်လျှင် ဝမ်းသာအားရ ဖြစ်သွားတော့သည်။

"ညီမကျင်းကျင်း"

ချက်ချင်း ရှေ့တိုးသွားလိုက်လေသည်။

ကျင်းကျင်းသည်လည်း ယို့ချီအား တွေ့မြင်သွားလေသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် သိရှိထားကြရုံမျှမက



ခင်မင်ရင်းနှီးကြသူများလည်း ဖြစ်နေကြသည်မှာ မဟုတ်ပါလား။

ယို့ချီက ဝမ်းသာအားရ ဖြစ်နေသလောက် ကျင်းကျင်းကား မရယ်မပြုံးဘဲ ခပ်တည်တည် ရှိနေသည်။

ယို့ချီအား ကြည့်လိုက်သော သူမ၏အကြည့်မှာ စိမ်းကားလှပေတော့သည်။

နှစ်ယောက်သား မျက်လုံးချင်း ဆုံလိုက်မိသည်နှင့် ယို့ချီရင်ထဲ ထိန်းခနဲ ဖြစ်သွားပြီး ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ကျင်းကျင်း မြေပေါ်ခြေဆောင့်လိုက်သည်။

"ဘာဘာ... ဘာဖြစ်လို့ သူ့ကို ခေါ်လာရတာလဲရှင်"

ကွမ်းကြိုးမင်အား မကျေမနပ်ဖြင့် ပြောလိုက်လေတော့၏။ ကွမ်းကြိုးမင် ပခုံးတွန့်လိုက်သည်။

"မသိဘူးလေ၊ မင်းက သူ့ကို တွေ့ချင်တယ် ထင်လို့ပေါ့၊ နေဝန်းဂေဟာအကြောင်း မင်းပဲ ခဏခဏ ပြောနေခဲ့တာပဲ မဟုတ်ဘူးလားကွယ်"

"အဲဒါ ကျွန်မ မုန်းလို့ ပြောနေတာ"

"ဟေ"

ကွမ်းကြိုးမင်က နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲ မြည်အောင် ရိုက်ချလိုက်သည်။ ယို့ချီ ကြောင်အမ်းအမ်း ဖြစ်နေသည်။

အလွန်ရင်းနှီးခဲ့သော ကျင်းကျင်းသည် အဘယ်ကြောင့် သူ့အား အလွန်မုန်းတီးနေပါသနည်း။

"ကျင်းကျင်း... ညီမ ဘယ်လိုပြောလိုက်တာလဲ"

ယို့ချီက အော်ပြောလိုက်သော်လည်း ကျင်းကျင်း ဂရုမစိုက်ပါချေ။

သူမသည် သီလရှင်များဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

"ဒေါ်လေးတို့ ဘဘကွမ်းကြိုးမင်ကိုတောင် မမှတ်မိတော့ဘူးလားရှင်၊ ဘဘကွမ်းကြိုးမင်ကိုယ်တိုင် ကျွန်မကို သည်သီလရှင်ကျောင်းကို ခေါ်လာပြီး အပ်ထားခဲ့တာလေ"

သီလရှင်များက ခေါင်းညိတ်လိုက်ကြလေတော့သည်။

"မှတ်မိပါတယ်၊ သည်ညမှာ ဘယ်သူ့ကိုမှ သီးသန့်အဆောင်ထဲ အဝင်မခံရဘူးလို့ ကူးလျှံသီလရှင်က အမိန့်ပေးထားလို့ပါ"

"ကူးလျှံသီလရှင်ရဲ့ လုပ်ရပ် မှန်ကန်ပါတယ်၊ သည်နေ့ည သိုင်းလောကသားတွေ ရောက်လာကြမယ်ဆိုတာကို သူက ကြိုတင်သိနေတာကို ဝမ်းသာရမယ်"

ကျင်းကျင်း မျက်မှောင်ကြုတ်သွားသည်။

"သိုင်းလောကသားတွေ ရောက်လာကြမယ် ဟုတ်လားဘဘ"

"ဟုတ်တယ်၊ အဖြူရောင်ရော အနက်ရောင် သိုင်းသမားတွေပါ ရောက်လာကြပြီး တူမကြီးကို ကူညီမယ့်လူနဲ့ ဒုက္ခပေးမယ့်လူတွေပေါ့"

ကွမ်းကြိုးမင်က ရှင်းပြလိုက်သဖြင့် ကျင်းကျင်းမှာ နှာခေါင်းရှုံ့လိုက်လေသည်။

"ဘယ်သူတွေပဲဖြစ်ဖြစ် နေဝန်းဂေဟာက လူတွေလောက်တော့ဆိုးမှာ မဟုတ်ပါဘူး"

သူမသည် ယို့ချီအား မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်၏။



"ဟင်"

ယို့ချီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကျင်းကျင်း၏စကားကို နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။ ထို့ကြောင့်...

"ကျင်းကျင်း... ညီမလေး ဘယ်လို ပြောလိုက်တာလဲ"

လွှတ်ခနဲ မေးလိုက်လေသည်။

ကျင်းကျင်းက ဒေါသတကြီးဖြင့် အော်လိုက်လေသည်။

"ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ နေဝန်းဂေဟာကို ကျွန်မကျေမယ်များ ထင်နေသလား"

သူမသည် သီလရှင်များအကြားမှ ထိုးထွက်လာလေသည်။

ကွမ်းကြိုးမင်က အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်လေသည်။

ကျင်းကျင်းသည် သီလရှင်များ ဟန့်တားခြင်း မပြုနိုင်မီ ယို့ချီရှေ့ ရောက်လာပြီး ပါးကို ရိုက်ချလိုက်လေတော့သည်။

"ဖြန်း"

မမျှော်လင့်သော ရိုက်ချက်ကြောင့် ယို့ချီ မရှောင်နိုင်တော့ဘဲ ပါးရိုက်ခံလိုက်ရလေတော့၏။

ယို့ချီသည် နီရဲသွားသော ပါးပြင်ကို လက်ဝါးဖြင့် ပွတ်ရင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ကျင်းကျင်း... မင်း"

"လူယုတ်မာတွေ ရှင်တို့ကို သတ်ပစ်မယ် ကျွန်မအကြောင်း သိစေရမယ်"

ကျင်းကျင်းက ဓားမြှောင်တစ်လက်ကို ဆွဲထုတ်လိုက်၏။

"နေဦး"

ကွမ်းကြုံးမင် ဟန့်တားလိုက်သည်။

ကျင်းကျင်း မကျေမနပ် ဖြစ်သွားသည်။

"ဘာဘာ... ကျွန်မကို မတားပါနဲ့"

ကွမ်းကြုံးမင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး တူမကြီး၊ ဒေါသရှေ့ထားတာထက် အေးအေးဆေးဆေး ဖြေရှင်းတာက ပိုကောင်းလိမ့်မယ်"

"ဘာဘာ"

"ကျုပ် ပြောတာကို နားထောင်ပါ၊ တူမကြီး မမှားစေရပါဘူးကွယ်"

ကျင်းကျင်း သက်ပြင်းချလိုက်၏။ ထို့နောက်...

စောဒက မတက်တော့ဘဲ နောက်ဆုတ်သွားလေသည်။

ကွမ်းကြုံးမင်က ယို့ချီဘက်သို့ လှည့်လိုက်ပြီး...

"ကဲ... မင်းတို့ နေဝန်းဂေဟာမှာ ဘယ်လို အကြံအစည် ရှိနေသလဲဆိုတာ ပြောပြလိုက်ပါ"

"ဗျာ"

ယို့ချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကွမ်းကြုံးမင်ကို နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး...

"ကျွန်တော်ဟာ နေဝန်းဂေဟာက လူတစ်ယောက်ဆိုတာ ဦးသိတယ် မဟုတ်လား"

ဟု မေးလိုက်၏။ ကွမ်းကြုံးမင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ ဒါကြောင့် မင်းကို ကျင်းကျင်းဆီ ခေါ်လာခဲ့တာပေါ့"



ယို့ချီ မျက်မှောင်ကြုတ်ရင်း...

"ကျွန်တော်တို့ နေဝန်းဂေဟာက ညီမလေးကျင်းကျင်းကို ဒုက္ခပေးခဲ့တယ်လို့ ဦး ဆိုလိုချင်တာလား"

ဟု မေးလိုက်သည်။

ကွမ်းကြုံးမင် ဘာမှ မပြောဘဲ နေလိုက်သည်။

ကျင်းကျင်းက ကြားဝင်အော်ပြောလိုက်၏။

"နေဝန်းဂေဟာက အကောက်ကြံခဲ့လို့ ခရေခြံဝင်း ပျက်စီးခဲ့ရတယ်၊ ရှင် ဘာပြောချင်သေးလဲ"

ယို့ချီ လက်ကာပြလိုက်သည်။

"မဟုတ်ဘူး၊ ဒါမဟုတ်ဘူး၊ နေဝန်းဂေဟာလည်း ဖျက်ဆီးခံခဲ့ရတာပဲ၊ ကျုပ်ရဲ့ မိဘတွေလည်း သေဆုံးသွားခဲ့ကြတယ်၊ အခုထိ တရားခံကို မဖော်ထုတ်နိုင်သေးဘူး"

ခရေခြံဝင်း ပျက်စီးသွားရသည်မှာ နေဝန်းဂေဟာ လက်ချက်ဖြစ်သည်ဟု စွပ်စွဲခံရသည်ကို လက်မခံနိုင်ဘဲ ကပျာကယာ ရှင်းပြလိုက်လေသည်။

ကျင်းကျင်း ရယ်မောလိုက်သည်။

"ရှင်တော်တော် အပြောကောင်းတာပဲ၊ ရှင် လိမ်ပြောနေလို့လဲ အပိုပဲ"

"ညီမလေးကျင်းကျင်း"

"ကျွန်မကို ညီမလေးလို့ မခေါ်ပါနဲ့"

ကျင်းကျင်းက ခါးထောက်ကာ ဒေါသတကြီး ပြောလိုက်လေသည်။

"နေဝန်းဂေဟာက ကျန်တဲ့ စံအိမ်တွေကို အကောက်ကြံ

ဖျက်ဆီးခဲ့ပြီး သိုင်းလောကသားတွေရဲ့ အပြစ်ပေး အရေးယူခံရမှာကြောက်လို့ နေဝန်းဂေဟာလည်း ပျက်စီးသွားခဲ့ရတယ်လို့ လုပ်ကြံဖန်တီးလိုက်တာ မဟုတ်လား"

"ဟာ... မဟုတ်တာ"

ယို့ချီက အော်လိုက်လေသည်။

ကျင်းကျင်းသည် ယို့ချီက ငြင်းလေလေ ခံပြင်းဒေါသ ထွက်လာလေလေပင်။

"ရှင်... ရှင်"

သူမ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ယို့ချီ မလှုပ်မယှက် ရပ်နေလိုက်လေသည်။

ကျင်းကျင်းက တိုက်ခိုက်လာလျှင် ခုခံတိုက်ခိုက်ခြင်း မပြုဘဲ ရင်ကော့ပြီး ခံယူမည့် သဘောမျိုး ဖြစ်ပါတော့သည်။

ကွမ်းကြုံးမင်သည် ယို့ချီ၏အသွင်ကို ကြည့်ကာ မျက်မှောင်ကြုတ်သွားလေသည်။

တဆက်တည်းပင်...

"အေးအေးဆေးဆေး ဖြေရှင်းကြတာ ကောင်းမယ်"

စဉ်းစားချင့်ချိန်သော လေသံဖြင့် ဝင်ပြောလိုက်၏။

ယို့ချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ နေဝန်းဂေဟာ မတရားလုပ်ခဲ့တယ်ဆိုရင်တော့ ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်၊ ကျွန်တော် ခံယူပါမယ်၊ ဒါပေမယ့် နေဝန်းဂေဟာ မတရားလုပ်ခဲ့တယ်ဆိုတာကို သက်သေအထောက်အထား ပြစေချင်ပါတယ်"

သူ၏စကားကို ကွမ်းကြုံးမင် သဘောကျသွားသည်။



"သည်ကောင်လေးဟာ ယောကျ်ားပီသတဲ့ ကောင်လေးပဲ"

စိတ်ထဲမှ ချီးကျူးမိလိုက်လေသည်။

ကျင်းကျင်း မဲ့ပြုံးပြုံးလိုက်၏။

"ရှင်က စိန်ခေါ်တာပေါ့လေ ကောင်းပြီ၊ ကျွန်မ ပြောပြမယ် သေသေချာချာ နားထောင်ပါ"

ယို့ချီ စိတ်လှုပ်ရှားလာသည်။

ကျင်းကျင်း ပြောလာမည့်စကားကို နားစွင့်နေလိုက်လေ၏။

ကျင်းကျင်း အံကြိတ်လိုက်သည်။

"သိုင်းလောကတစ်ခုလုံးက သိုင်းရာဇာလေးဖော်သာ ပူးပေါင်းလိုက်ကြမယ်ဆိုရင် သိုင်းလောကတစ်ခုလုံးကိုတောင် လွှမ်းမိုးချုပ်ကိုင်နိုင်လိမ့်မယ်လို့ တင်စားပြောဆိုနေကြချိန်မှာ နေဝန်းဂေဟာက ခရေခြံဝင်းကို ဖျက်ဆီးပစ်ခဲ့တာပဲ"

ယို့ချီက ငြိမ်ပြီး နားထောင်နေဆဲ။

ကျင်းကျင်းက ဆက်ပြောသည်။

ယို့ချီသည် ခရေခြံဝင်း ဖျက်ဆီးခံလိုက်ရသည့် ကိစ္စကို ယခုမှ ရှင်းရှင်းလင်းလင်း သိလာရလေတော့သည်။

♣ ♣ ♣

## ကံဆိုးမှု

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

ကြယ်ကလေးများလည်း ဝင်းလက်တောက်ပနေလေ၏။

ကြယ်ရောင်၊ လရောင်အောက်တွင် ခရေခြံဝင်းမှာ ငြိမ်သက်စွာ ရှိနေပါသည်။

အစောင့်အကြပ်များသည် သူတို့၏တာဝန်ဝတ္တရားကို ကျေပွန်စွာ ထ[illegible]ဆောင်နေသည်။

ခြံဝင်းတစ်ခုလုံး မီးရောင်ထိန်ထိန် လင်းနေပြီး ခရေခြံဝင်း၏ အရှေ့ပါဆုံး စာဖတ်ခန်းအတွင်း၌လည်း မီးရောင်များ လင်းထိန်နေသည်။

ယခင် ညများက စာဖတ်ခန်းအတွင်း၌ ခရေခြံဝင်းပိုင်ရှင် ကျင်းတိမိန် ထိုင်ကာ ရေနွေးကြမ်း သောက်လေ့ရှိလေသည်။

ယနေ့ည၌ သခင်မလေးကျင်းကျင်းက ဖခင်ဖြစ်သူ ထိုင်နေကျနေရာ၌ ထိုင်နေ၏။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့်အသွင်များ ဖြစ်ပေါ်နေသည်။



မိုးထိတောင်သို့ သွားသော သိုင်းရာဇာလေးဖော်မှာ လုပ်ကြံခံရသည်ဟု သတင်းများ ထွက်ပေါ်နေခဲ့သည် မဟုတ်ပါလား။

ကျင်းကျင်းသည် ကြားရသော သတင်းကြောင့် ဖခင်အတွက် စိုးရိမ်ပူပန်နေလေသည်။

သူမသည် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်သည်။

"မဖြစ်ဘူး၊ မိုးလင်းတာနဲ့ မိုးထိတောင်ကို လိုက်သွားရမယ်"

ထိုသို့ ဆုံးဖြတ်ချက်ချပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ်မှာပင်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

♣ ♣ ♣

ခရေခြံဝင်းမှာ ရန်သူများ၏ စီးနင်းတိုက်ခိုက်ခြင်း ခံနေရပြီဖြစ်ပါသည်။

"ဟင်"

ကျင်းကျင်း ရင်ထိတ်သွားသည်။

ညကြီးအချိန်မတော် မည်သူများက လာရောက်တိုက်ခိုက်နေကြပါသနည်း။ မည်သို့ဆိုစေ...

ခရေခြံဝင်းအား ကျူးကျော်တိုက်ခိုက်လာသည်မှာ ခံပြင်းစရာ ကောင်းလှပေသည်။

ကျင်းကျင်းသည် အခန်းတွင်းမှ တစ်ဟုန်ထိုး ပြေးထွက်လာလေသည်။

"ရန်သူ... ရန်သူ"

"မီးဗျို့... မီး"

အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ခရေခြံဝင်းမှ သိုင်းသမားများနှင့် ရန်သူများ လုံးထွေးသတ်ပုတ်နေကြသည်။ အခြေအနေမှာ အလွန်ရှုပ်ထွေးနေလေသည်။

ကျင်းကျင်းသည် ရန်သူများထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

သူမ၏တရကြမ်း တိုက်ခိုက်မှုကြောင့် ရန်သူများ ဖရိုဖရဲ ဖြစ်သွားကြသည်။ ထိုစဉ်...

"သခင်မလေး မြန်မြန် နောက်ဆုတ်လိုက်ပါ"

ခရေခြံဝင်း၏ဂေဟာထိန်းက အော်ပြောရင်း အနီးသို့ ရောက်ရှိလာလေသည်။

ဂေဟာထိန်း၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာသုံးလေးချက်မျှ ရရှိထားလေသည်။ ကျင်းကျင်း မကျေမနပ်ဖြင့် မေးလိုက်သည်။

"ဂေဟာထိန်းကြီး ဘယ်သူတွေက ကျွန်မတို့ ခြံဝင်းကို လာပြီး တိုက်ခိုက်တာလဲ"

ဂေဟာထိန်းကြီး မျက်နှာပျက်နေသည်။



"သ... သခင်မလေး၊ သူတို့ဟာ နေဝန်းဂေဟာက လူတွေပဲ၊ ရုပ်ဖျက်ပြီး ကျုပ်တို့ကို လာပြီးဒုက္ခပေးတာ"

"နေဝန်းဂေဟာက ဘာကြောင့် ကျွန်မတို့ကို ဒုက္ခပေးချင်ရတာလဲ၊ ခရေခြံဝင်းနဲ့ နေဝန်းဂေဟာက ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ မဟုတ်လား"

"သခင်မလေး သိုင်းရာဇာလေးဖော် လုပ်ကြံခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ ယုံကြည်လို့ မရတော့ဘူး"

ကျင်းကျင်း ဝေခွဲမရ ဖြစ်နေ၏။ ထိုစဉ်...

"ဝုန်း"

"အား"

ဆူးရှသော အော်ဟစ်သံများနှင့်အတူ ခရေခြံဝင်းမှ သိုင်းသမားသုံးယောက်မှာ အဝေးသို့ လွင့်စဉ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများအား တိုက်ခိုက်လိုက်သူမှာ အနီရောင်ဝတ်ဆင်ထားပြီး မျက်နှာကို ပဝါစည်းထားသူပင် ဖြစ်သည်။

ထိုလူက သဘောကျစွာ ရယ်မောရင်း ခရေခြံဝင်းမှ သိုင်းသမားများအား ထပ်မံတိုက်ခိုက်နေသည်။

"ဝုန်း"

"အား"

ခရေခြံဝင်းမှ သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်သွားကြသည်။

ပဝါစည်းနှောင်ထားသူ၏ ပြင်းထန်သော တိုက်ခိုက်မှုအား မယှဉ်နိုင်အောင် ဖြစ်နေကြ၏။

ကျင်းကျင်း ဒေါပွသွားသည်။

"တောက်... သိကြသေးတာပေါ့"

သူမသည် ပဝါစည်းထားသူထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။ ဂေဟာထိန်း ရင်ထိတ်သွားသည်။

"သခင်မလေး သတိထားပါ"

ပြောရင်း တိုက်ပွဲအတွင်း ခုန်ဝင်လာသည်။

ပဝါစည်းနှောင်ထားသူသည် ရယ်မောရင်း ကျင်းကျင်းတို့အား ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

သူ၏လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ...

"ဟူး... ဟူး"

ပြင်းထန်သော လေတိုးသံများနှင့်အတူ အပူရှိန်များလည်း ထွက်ပေါ်လာ၏။ ကျင်းကျင်း အံ့သြသွားသည်။

"ဒါဟာ နေစကြာလက်ဝါးသိုင်းကွက်ပဲ"

သူမ အံ့သြနေစဉ်မှာပင် ပဝါစည်းနှောင်ထားသူနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သော ဂေဟာထိန်းမှာ လက်ဝါးရိုက်ချက် ထိမှန်သွားလေတော့သည်။

"ဝုန်း"

"အား"

ဂေဟာထိန်း ခံလိုက်ရသည်ကို မြင်လျှင် ကျင်းကျင်း၏မျက်လုံးများ ပြာဝေသွားသည်။

"ဂေဟာထိန်းကြီး"

သူမသည် အသံကုန် အော်ဟစ်လိုက်သည်။

တဆက်တည်းပင်...



ဂေဟာထိန်းထံ ပြေးသွားလိုက်သည်။

ထိုအချိန်မှာပင်...

"သခင်မလေး သတိထား"

လူရိပ်တစ်ခုက ရိပ်ခနဲ ရောက်ရှိလာပြီး ကျင်းကျင်းအား ဆွဲခေါ်သွားလေသည်။

"အင့်"

မမျှော်လင့်ဘဲ သွေးကြောပိတ်ခံလိုက်ရသဖြင့် ကျင်းကျင်း မလှုပ်မယှက် ဖြစ်သွားလေသည်။

သူမသည် တိုက်ပွဲပင်နိုင်စွမ်း မရှိတော့ဘဲ ရုတ်တရက် ရောက်လာသော လူရိပ်၏ ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားရလေသည်။

♣ ♣ ♣

အေးမြသော ညလေများ တိုက်ခတ်လာသည်။

အဝေးမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

သီလရှင်ကျောင်းရှေ့တွင် တိုက်ပွဲများ ဖြစ်ပေါ်နေကြောင်း ထင်ရှားနေပါသည်။

ယို့ချိုမှာ တိုက်ပွဲများကို စိတ်မဝင်စားနိုင်တော့ပါ။

ခရေခြံဝင်းမှာ နေဝန်းဂေဟာ၏လက်ချက်ဖြင့် ပျက်စီးသွားခဲ့ရသည်ဟု ဆိုခြင်းကို လက်မခံနိုင်အောင် ဖြစ်နေပါသည်။

ကျင်းကျင်းကို ကြည့်ကာ...

"နေစကြာလက်ဝါးသိုင်းကွက်ကို အသုံးပြုပြီး တိုက်ခိုက်ခဲ့သူဟာ ဘယ်သူလဲ ညီမကိုကော ဘယ်သူက ကယ်ခဲ့တာလဲ"

ကွမ်းကြိုးမင်က ဝင်ပြောလိုက်သည်။

"ကျုပ် ခေါ်လာတာပေါ့"

ကျင်းကျင်းက...

"ပဝါစည်းနှောင်ထားတဲ့လူ ဘယ်သူလဲဆိုတာ ပြောနိုင်မှတော့ ငါးနှစ်လုံးလုံး ကျွန်မ ပုန်းအောင်းနေခဲ့မှာ မဟုတ်ဘူးရှင့်"

ယို့ချီ မကျေမနပ် ဖြစ်သွားသည်။

"ဘယ်သူဘယ်ဝါမှန်း မသိဘဲ ထင်ကြေးနဲ့ စွပ်စွဲတာတော့ မကောင်းပါဘူး၊ နေစကြာလက်ဝါးသိုင်းနဲ့ ခပ်ဆင်ဆင်တူတဲ့ လက်ဝါးသိုင်းတွေ သိုင်းလောကမှာ ရှိနေတာပဲ"

တိုက်ပွဲ ဖြစ်ပွားနေချိန်တွင် မည်သည့် သိုင်းကွက်ကို အသုံးပြုသည်ဟု တိတိကျကျ ပြောရန် ခက်ခဲပါသည်။

ညအချိန်မတော် တိုက်ပွဲဆင်နွှဲနေရချိန်တွင် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ကွမ်းကြိုးမင် သက်ပြင်းချလိုက်သည်။

"မျက်နှာဖုံးစွပ်ထားသူက နေစကြာလက်ဝါးသိုင်းကွက်ကို အသုံးပြုသွားတာ ကျုပ်ကိုယ်တိုင် မြင်တွေ့ခဲ့ရတယ်"

"ဟင်"

ယို့ချီ မျက်နှာပျက်သွားသည်။

ကျင်းကျင်းက မှားကောင်းမှားလိမ့်မည် ဖြစ်သော်လည်း ကွမ်းကြိုးမင်မှာ မှားလိမ့်မည် မဟုတ်ပါ။

အခြေအနေ မည်မျှပင် ရှုပ်ထွေးသည် ဖြစ်ပါစေ၊ ကွမ်းကြိုး



မင်ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးတစ်ယောက်က အမှားအမှန်ကို ဝေခွဲနိုင်လိမ့်မည် ဖြစ်သည်။

သိုင်းကွက်ကို ကြည့်ရုံဖြင့် မည်သည့်သိုင်းကွက် ဖြစ်ကြောင်းလည်း သိသွားလိမ့်မည် ဖြစ်သည်။

ကွမ်းကြိုးမင်က ဝင်ပြောလိုက်သောအခါ ယို့ချီ ငေးငိုင်သွားရလေတော့သည်။

"နေဝန်းဂေဟာက လူတွေကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

သူ မသည် လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ စတင် တိုက်ခိုက်လိုက်လေသည်။

ကွမ်းကြိုးမင်က လက်ပိုက်ကြည့်နေလိုက်သည်။

ယို့ချီကလည်း ပြန်လည် တိုက်ခိုက်ခြင်း မပြုပါ။

ထို့ကြောင့်...

ကျင်းကျင်း၏လက်ဝါးရိုက်ချက်သည် ယို့ချီထံသို့ တိုးဝင်သွားလေတော့သည်။

♣ ♣ ♣

ကျင်းကျင်းသည် ခရေခြံဝင်း၏နာမည်ကျော် လက်ဝါးသိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူမ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လှသည်။

လက်ဝါးရိုက်ချက်သာ ထိမှန်သွားမည်ဆိုပါလျှင် ယို့ချီမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားလိမ့်မည် ဖြစ်သည်။

ယို့ချီကလည်း ရှောင်တိမ်းခြင်း မပြုပါချေ။

ထို့ကြောင့် ယို့ချီ ဒုက္ခရောက်သွားတော့မည် ဖြစ်လေ၏။

ထိုအချိန်မှာပင်...

"ဟူး"

လူရိပ်တစ်ခုသည် ယို့ချီအနီးသို့ ရောက်ရှိလာပြီး ယို့ချီ၏ လက်ကိုဆွဲကာ ဝဲဘက်သို့ ခုန်ထွက်သွားလေသည်။

"ဟင်"

ယို့ချီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူ့အား မည်သူက ကူညီလိုက်ပါသနည်း။

ဆွဲခေါ်သွားသူအား ကြည့်လိုက်သောအခါ ကွမ်းကြိုးမင် ဖြစ်နေသည်ကို တွေ့ရလေသည်။

ကွမ်းကြိုးမင် သက်ပြင်းချလိုက်သည်။

"မင်း သေလို့ မဖြစ်သေးဘူး၊ နေဝန်းဂေဟာကိစ္စ ဖြေရှင်းရဦးမယ်"

ကျင်းကျင်း မကျေမနပ် ဖြစ်သွားသည်။

"ဘာဘာ... ဘာကြောင့် သူ့ဘက်က ပါဝင်ကူညီရတာလဲ"

ဟုလည်း မေးလိုက်သည်။

ကွမ်းကြိုးမင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က သူ့ကို ကူညီတာ မဟုတ်ပါဘူး၊ သူ သေသွားရင် နေဝန်းဂေဟာရဲ့ ကိစ္စကို ဘယ်သူက ဖြေရှင်းမလဲ"

ကျင်းကျင်းက ယို့ချီအား ကြည့်ကာ...

"ရှင်တို့ နေဝန်းဂေဟာက ဘာကြောင့် အကောက်ကြံရတာလဲ ပြောပါ"



ဟု ဟင်းမာခက်ထန်စွာ မေးလိုက်၏။ ယို့ချီက...

"ကျုပ်တို့ နေဝန်းဂေဟာလဲ ရန်သူ့လက်ချက်နဲ့ ဖျက်ဆီးခံလိုက်ရပါတယ်ဗျာ"

ကျင်းကျင်း မကျေမနပ် ဖြစ်သွား၏။

"ရှင် လိမ်ပြောတာ"

"ကျုပ်က ဘာကြောင့် လိမ်ပြောရမှာလဲ"

"ရှင်... ရှင်"

ကျင်းကျင်း ဒေါသထွက်သွားသည်။

ချက်ချင်းပင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ကွမ်းကြိုးမင်သည် ယို့ချီကိုတစ်လှည့် ကျင်းကျင်းကိုတစ်လှည့် အကဲခတ်ကြည့်နေ၏။

ယို့ချီကို ကြည့်ရသည်မှာ အမှန်အတိုင်း ပြောနေသည်ဟု ယုံကြည်မိလေသည်။

ခရေခြံဝင်းအား တိုက်ခိုက်သူများထဲတွင် နေ့စကြာလက်ဝါး သိုင်းပညာ တတ်မြောက်ထားသူတစ်ယောက် ပါဝင်နေကြောင်း သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်ပါ၏။

ခရေခြံဝင်းအား နေဝန်းဂေဟာမှ အကောက်ကြံခဲ့ခြင်း ဖြစ်သည်ဟုလည်း ယုံကြည်ထားမိသည်။

ယို့ချီနှင့် တွေ့တော့မှ သူ၏ယုံကြည်မှု ဇဝေဇဝါ ဖြစ်လာရလေသည်။

ယို့ချီသည် တည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြလိုက်လေသည်။

"ခရေခြံဝင်း ဖျက်ဆီးခံခဲ့ရသလို နေဝန်းဂေဟာလဲ ဖျက်ဆီး

ခံခဲ့ရပါတယ်၊ ကျွန်တော်တောင် ကံကောင်းလို့ အသက်ဘေးက လွတ်မြောက်လာခဲ့ရတာပါ"

ကွမ်းကြိုးမင်က…

"မင်းတို့ နေဝန်းဂေဟာ ဘယ်လို ဖျက်ဆီးခံခဲ့ရတယ်ဆိုတာလဲ ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။

ယို့ချီ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

"မိုးထိတောင်ကို ဖေဖေ ထွက်သွားခဲ့တယ်၊ မကြာပါဘူး၊ သိုင်းရာဇာလေးဖော် လုပ်ကြံခံရပြီး သေဆုံးသွားတယ်လို့ သတင်းထွက်ပေါ်လာတယ်၊ ဒါနဲ့ပဲ ကျွန်တော်နဲ့ ဦးလေးယို့ဖုံးတို့ မိုးထိတောင်ကို လိုက်သွားခဲ့ကြပါတယ်၊ မိုးထိတောင် မရောက်မီ လမ်းခုလတ်မှာ နေဝန်းဂေဟာကို ရန်သူတွေက တိုက်ခိုက်ဖျက်ဆီးလိုက်တယ်လို့ သတင်းရတာကြောင့် ချက်ချင်းနောက်ကြောင်း ပြန်လှည့်လာခဲ့ကြတယ်၊ နေဝန်းဂေဟာဟာ တကယ်ပဲ ဖျက်ဆီးခံလိုက်ရတယ်၊ ကျွန်တော်နဲ့ ဦးလေးယို့ဖုံးတို့နှစ်ယောက်သာ အသက်ရှင်ကျန်ရစ်ခဲ့တာပါ၊ တကယ်လို့ ကျွန်တော်တို့သာ မိုးထိတောင်ကို မသွားဖြစ်ခဲ့ကြဘူးဆိုရင် ရန်သူလက်ချက်မိသွားမှာ သေချာတယ်၊ အခြေအနေ မဟန်မှန်း သိတာနဲ့ ဦးလေးယို့ဖုံးက ကျွန်တော့်ကို ခေါ်ပြီး ထွက်ပြေးတိမ်းရှောင်နေခဲ့တာပါ"

ကျင်းကျင်းက သူ့အား စိုက်ကြည့်နေ၏။ ကွမ်းကြိုးမင်က…

"မင်း ပြောတာ အမှန်ပဲလား"

ဟု မေးလိုက်၏။ ထိုစဉ်…



"အမှန်ပဲ"

စကားသံနှင့်အတူ လူရိပ်နှစ်ခု ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

♣ ♣ ♣

လူနှစ်ယောက် ပြေးလွှားရောက်ရှိလာသည်။

ယို့ဖုံးနှင့် ရှမ်းစုတို့ ဖြစ်လေသည်။

ယို့ချီက ဝမ်းသာအားရ ခေါ်လိုက်သည်။

ကျင်းကျင်း ပိုပြီး မကျေမနပ် ဖြစ်သွားသည်။

သူမက ရှေ့သို့ လှမ်းထွက်ရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

ကွမ်းကြိုးမင်က ဟန့်တားလိုက်လေသည်။

ကျင်းကျင်းလည်း ကိုယ်ရှိန်သပ်ကာ နောက်ဆုတ်လိုက်လေသည်။ ကွမ်းကြိုးမင်က ရှမ်းစုနှင့် ယို့ဖုံးတို့အား ကြည့်ကာ…

"ယို့ဖုံး၊ ကျုပ်တို့ မတွေ့ရတာ အတော်တောင် ကြာသွားပြီနော်"

ဟု ပြောလိုက်၏။ ယို့ဖုံး ဦးညွှတ်လိုက်သည်။

"မိတ်ဆွေကြီးကွမ်းကြိုးမင် လေးစားပါတယ်ဗျာ"

ရှမ်းစုကလည်း ဦးညွှတ်လိုက်သည်။

"မိတ်ဆွေကြီးက သည်ရောက်နေတာကိုး"

ကွမ်းကြိုးမင် ရယ်မောလိုက်၏။

"သံမဏိရဲတိုက်က အိမ်ထိန်းကြီးလည်း ပါတာကိုး၊ နေဝန်း

ဂေဟာက လူတွေနဲ့ အပေါင်းအသင်း လုပ်နေတာ မရှက်ဘူးလား ဗျာ"

"မိတ်ဆွေကြီးက နေဝန်းဂေဟာကို ဘာကြောင့်များ အထင် မှားနေရတာလဲဗျာ"

ကွမ်းကြိုးမင်က...

"ကျုပ် အထင်မှားတာ မဟုတ်ဘူး"

ခရေခြံဝင်းအား တိုက်ခိုက်ဖျက်ဆီးသူများတွင် နေစကြာ လက်ဝါးသိုင်းပညာ တတ်မြောက်ထားသူတစ်ယောက် ပါဝင်နေပုံကို ပြောပြလိုက်လေသည်။

ရှမ်းစုနှင့် ယို့ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိသည်။ ယို့ဖုံး သက်ပြင်းချကာ...

"ရှမ်းစု ခင်ဗျားပဲ ရှင်းပြလိုက်ပါဦး"

ရှမ်းစု ခေါင်းညိတ်လိုက်၏။

ကွမ်းကြိုးမင်းအား စေ့စေ့ကြည့်ကာ...

"ကျုပ်တို့ သံမဏိရဲတိုက် ဖျက်ဆီးခံရတဲ့အခါ ခရေခြံဝင်းရဲ့ ဓားပညာကို တတ်မြောက်ထားသူတစ်ယောက် ပါဝင်တိုက်ခိုက်ခဲ့ပါ သေးတယ်ဗျာ"

"ဟင်"

"ဟာ"

ထိုစကားကြားလျှင် ကွမ်းကြိုးမင်းနှင့် ကျင်းကျင်းတို့ ပါး စပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

♣ ♣ ♣



## ရှုပ်ထွေးပွေလီ

တိတ်ဆိတ်နေသော ညဉ့်ယံတွင် ပြင်းထန်သော တိုက်ခိုက် သံများ ထွက်ပေါ်လာသည်။

ယင်စန်းသီလရှင်ကျောင်းရှေ့မှ ဖြစ်လေသည်။

ခရေခြံဝင်းမှ သခင်မလေးကျင်းကျင်းအတွက် သီလရှင် ကျောင်းသို့ ရောက်ရှိလာကြသော အဖြူရောင်သိုင်းသမားများ၊ အနက်ရောင်သိုင်းသမားများ ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်း ဖြစ်၏။

ဦးစွာ ပထမတစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြပြီး နောက်ပိုင်းတွင် လူစုလူဝေးဖြင့် တိုက်ခိုက်ကြတော့သည်။

သီလရှင်ကျောင်းရှေ့၌ တိုက်ပွဲ ဖြစ်လာခဲ့သောကြောင့် သီလရှင်ကူးလှုံမှာ ယူကြုံးမရ ဖြစ်ရလေသည်။

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေလေသည်။

တိုက်ပွဲကား ပို၍ ပြင်းထန်လာသည်။

အဖြူရောင်သိုင်းသမားများဘက်မှာကော အနက်ရောင်

သိုင်းသမားများဘက်မှာပါ ထိခိုက်ဒဏ်ရာရမှုများ များပြားလာလေသည်။

တစ်ဘက်နှင့်တစ်ဘက် အလျှော့မပေးဘဲ တိုက်ခိုက်နေကြဆဲ။ ထို့အတူ သီးသန့်အဆောင်ရှေ့၌လည်း တိုက်ပွဲ ဖြစ်ပေါ် ရန်တာစူ နေပြန်ပါတော့သည်။

သီးသန့်ဆောင်ရှေ့၌ ကျင်းကျင်း၊ ကွမ်းကြိုးမင်နှင့် သီလရှင်များကတစ်ဘက် ယို့ချီ၊ ယို့ဖုံးနှင့် ရှမ်းစုတို့ကတစ်ဘက် အချင်းချင်း ရန်ဆောင်နေကြသည်။

သိုင်းရာဇာလေးဖော်ကိစ္စနှင့် ပတ်သက်ပြီး အငြင်းပွားကြနေကြခြင်း ဖြစ်လေသည်။

ဘုံကျောင်းရှေ့၌ ပြင်းထန်သော တိုက်ပွဲကြီး ဖြစ်ပေါ်လာသောအခါ…

"မဖြစ်ဘူး၊ သီလရှင်ကူးလျှံအတွက် စိုးရိမ်ရတယ်၊ တို့ သွားပြီး ကူညီကြရအောင်"

ကွမ်းကြိုးမင်က ပြောလာသည်။

ယို့ချီအပေါ် မကျေမနပ် ဖြစ်နေသော ကျင်းကျင်း သက်ပြင်းချလိုက်သည်။

ကူးလျှံသည် သူမအား စောင့်ရှောက်ခဲ့သော ကျေးဇူးရှင်တစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့်…

ကျင်းကျင်းက မဆိုင်းမထွေ သဘောတူလိုက်လေသည်။

"ကောင်းပါပြီ ဘဘ"

သူတို့သည် ယို့ချီတို့အား အရေးမထားတော့ဘဲ ဘုံကျောင်း၏အရှေ့ဘက်သို့ ပြေးထွက်သွားကြလေသည်။



ယို့ချီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ရှမ်းစုက…

"တို့ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလာသည်။ ယို့ဖုံးက အဖြေမပေးပါချေ။

ယို့ချီကမူ…

"ခရေခြံဝင်းဟာ ကျွန်တော်တို့အပေါ် အထင်လွဲနေတာပဲ သည်ကိစ္စ ဖြေရှင်းရလိမ့်မယ်"

ဟု ပြောလာ၏။

ယို့ဖုံးနှင့် ရှမ်းစုတို့လည်း သဘောတူလိုက်ကြလေသည်။

ထို့နောက်… သုံးယောက်သား ဘုံကျောင်းရှေ့သို့ ပြေးသွားကြလေတော့သည်။

♣ ♣ ♣

သီလရှင်ဘုံကျောင်းရှေ့တွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်နေဆဲ…

အနက်ရောင်သိုင်းသမားများ ထပ်မံရောက်ရှိလာကြသောအခါ အဖြူရောင်သိုင်းသမားများ တဖြည်းဖြည်း အရေးနိမ့်လာလေသည်။

ထိုအချိန်တွင်…

ကျင်းကျင်းနှင့် ကွမ်းကြိုးမင်းတို့ ရောက်ရှိသွားကြခြင်း ဖြစ်လေသည်။

ကျင်းကျင်းတို့သည် အဖြူရောင်သိုင်းသမားများဘက်မှ အရေးနိမ့်နေသည်ကို တွေ့ရလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်ဘဲ...

"ယား"

ညာသံကိုယ်စီပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေ၏။

ထိုအချိန်တွင်...

ယို့ချီတို့လည်း ပြေးလွှားရောက်ရှိလာလေသည်။

ယို့ချီတို့သည်လည်း တိုက်ပွဲ အခြေအနေကို မြင်လျှင် လက်ပိုက်ကြည့်မနေနိုင်ဘဲ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

♣ ♣ ♣

တိုက်ပွဲကား ပြင်းထန်နေဆဲ...

ယို့ချီတို့သည် တိုက်ပွဲအတွင်း၌ ပါဝင် တိုက်ခိုက်နေပြီ ဖြစ်သည်။

ယို့ချီနှင့် ရင်ဆိုင်တိုင်ရသူမှာ သံလက်ဝါးကျောက်ရီ ဖြစ်ပါသည်။

ကျောက်ရီသည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သည့် အားလျော်စွာ ယို့ချီနှင့် ရင်ဆိုင်လိုက်လျှင်...



"ဟား... ဟား... ဟား နေဝန်းဂေဟာက သခင်လေးနဲ့ ထိပ်တိုက်တွေ့ရမယ်လို့ အိပ်မက်တောင် မမက်ဖူးခဲ့ဘူး၊ အခုတော့ လူကြီးက ကလေးကို အနိုင်ကျင့်သလို ဖြစ်နေတော့မှာပဲ"

ဟူ၍ ခနဲ့လိုက်လေသည်။

ယို့ချီ မဲ့ပြုံးပြုံးလိုက်သည်။

"သံလက်ဝါးကျောက်ရီဆိုတာ သိုင်းလောကမှာ နာမည်ကောင်းနဲ့ နေခဲ့တဲ့လူတစ်ယောက်ပါ၊ အခုတော့ ဘယ်လိုဖြစ်ပြီး သူတစ်ပါးရဲ့ ခိုင်းဖတ်ဖြစ်နေရတာလဲ မယုံနိုင်စရာတောင် ကောင်းနေပြီ"

"ဘာကွ"

ခိုင်းဖတ်ဆိုသော စကားကြောင့် ကျောက်ရီ ဒေါပွသွားလေတော့သည်။

ယို့ချီ ပခုံးတွန့်လိုက်သည်။

"ဦးကသူများ ခိုင်းသမျှ လုပ်နေရတာ မဟုတ်ဘူးလား၊ ဦးကိုဘယ်သူက ခိုင်းတာလဲ၊ သည်လူဟာ အတော့်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်မှာတော့ သေချာတယ်"

"မင်း ပါစပ်ပိတ်ထားစမ်း"

ကျောက်ရီ ဒေါသတကြီး အော်လိုက်သည်။

တဆက်တည်းပင် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်၏။

သူ၏ကျော်ကြားသော သံလက်ဝါးသိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

"ဟူး"

ကျယ်လောင်သော လေတိုးသံ ထွက်ပေါ်လာသည်။

ပြင်းထန်သော လက်ဝါးရိုက်ချက်သည် ယို့ချီထံသို့ တိုးဝင်သွားလေသည်။

ယို့ချီ မပေါ့ဆဝံ့ချေ။

သူက အသက်ပြင်းပြင်း ရှူရှိုက်လိုက်သည်။

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ နေစကြာလက်ဝါးသိုင်းကွက်ကို ထုတ်ဖော်ပြီး ပြန်လည်ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း"

ကျယ်လောင်သော အသံ ထွက်ပေါ်လာလေသည်။

ယို့ချီမှာ သိုင်းပညာ မခေလှချေ။

သို့သော်...

ဝါရင့်သိုင်းသမားကြီးဖြစ်သော ကျောက်ရီနှင့် အတွင်းအားချင်း မယှဉ်နိုင်အောင် ဖြစ်သွားရလေသည်။

ထိပ်တိုက်ရင်ဆိုင်ပြီးသည်နှင့် ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

"ဟား... ဟား... ဟား"

ကျောက်ရီ ဟားတိုက်ရယ်မောလိုက်လေသည်။

"နေဝန်းဂေဟာက နာမည်ကြီးပေမယ့် လက်တွေ့မှာ ဘာမှလဲ မဟုတ်ပါဘူးကွာ"

ဟုလည်း ခနဲ့လိုက်၏။

သူ၏စကားကြောင့် ယို့ချီ ဒေါပွသွားလေသည်။

"ကျုပ်ရဲ့ သိုင်းကွက်ကို ကြည့်ပါဦးဗျာ"



စကားဆုံးလျှင် နေစကြာလက်ဝါးသိုင်းကွက်များကို ထုတ်ဖော်တိုက်ခိုက်လိုက်လေသည်။

"ဟူး"

ပြင်းထန်သော လေလှိုင်းများက ကျောက်ရီထံ တိုးဝင်သွားလေတော့သည်။

ယခုတစ်ကြိမ်တွင်...

ယို့ချီက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ကျောက်ရီက ပြန်လည် ခုခံတိုက်လိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလျှင်...

"ဝုန်း"

"ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ယို့ချီမှာ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်သွားရပြီး ကျောက်ရီမှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်ပေးလိုက်ရလေသည်။

ကျောက်ရီက ယို့ချီအား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"အင်း... သည်ကောင်လေးသာ အတွင်းအား ပြည့်ဝမယ်ဆိုရင် အတော်ကြောက်စရာ ကောင်းမှာ သေချာတယ်"

စိတ်ထဲမှလည်း တွေးမိလိုက်သည်။

ယို့ချီက ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်၏။ ထိုအချိန်မှာပင်

"နေဝန်းဂေဟာက သခင်လေးဟာ ကျွန်မတို့အတွက်ပဲ ဖြစ်တယ်"

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာလေသည်။

ယို့ချီ လှမ်းကြည့်လိုက်သောအခါ လူရိပ်နှစ်ခု ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ အရိုးဖြူဂိုဏ်းချုပ်နှင့် တမန်တော်ဂိုဏ်းချုပ် နန်းယုစိမ်းတို့ ဖြစ်လေသည်။

"ဟား… ဟား… ဟား"

ကျောက်ရီ ရယ်မောလိုက်သည်။

အရိုးဖြူဂိုဏ်းချုပ်၊ နန်းယုစိမ်းတို့သည် ယို့ချီအား ဝဲယာတစ်ဘက်တစ်ချက်မှ ဝိုင်းရံထားလိုက်ကြလေသည်။

ယို့ချီ မကျေမနပ် ဖြစ်သွားသည်။

အရိုးဖြူဂိုဏ်းနှင့် တမန်တော်ဂိုဏ်းသည် သိုင်းရာဇာလေးဖော်နှင့် ပတ်သက်နေသူများအား လိုက်လံဒုက္ခပေးနေသည် မဟုတ်ပါလား။

ကျောက်ရီလည်း မကျေမနပ် ဖြစ်သွားသည်။

နန်းယုစိမ်းတို့အား ကြည့်ကာ…

"မင်းတို့နှစ်ယောက် နောက်ဆုတ်လိုက်ရင် ကောင်းမယ်"

ဟု လေသံမာမာဖြင့် ပြောလိုက်သည်။

"ဟား… ဟား… ဟား"

နန်းယုစိမ်း ဟားတိုက်ရယ်မောလိုက်သည်။

ကျောက်ရီအား စေ့စေ့ကြည့်ကာ…

"ကျောက်ရီ ခင်ဗျားကို လေးစားပါတယ်၊ ဒါပေမယ့် နေဝန်းဂေဟာ သခင်လေးဟာ ကျုပ်တို့အတွက်ပဲ ဖြစ်ပါတယ်ဗျာ"

"မင်းတို့က ကျုပ် လက်ထဲက ဖြတ်လုချင်နေတာကိုး"

"သည်သဘောတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်တို့ရဲ့



ခေါင်းဆောင်က သခင်လေးယို့ချီကို အသက်ရှင်လျက် လက်ရဖမ်းပြီး ခေါ်လာရမယ်လို့ အမိန့်ထုတ်ထားလို့ပါ"

"မင်းတို့ ခေါင်းဆောင်က ဘယ်သူလဲ ပြောစမ်းပါဦး၊ မင်းတို့ ခေါင်းဆောင်ကို ကျုပ်ကမှုရမှာလား"

"ကျုပ်တို့ ခေါင်းဆောင်က မကြာခင် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်မယ့် လူတစ်ယောက်ပဲ ဖြစ်ပါတယ်၊ သူ့နာမည် 'အတုမဲ့သိုင်းသခင်'လို့ ခေါ်ပါတယ်၊ ခင်ဗျား သည်နေရာကို ရောက်လာတာကကော ဘာကြောင့်လဲ အတုမဲ့သိုင်းသခင်က ခင်ဗျားကို အမိန့်ပေးလိုက်လို့ မဟုတ်လား"

"ဟင်"

ကျောက်ရီ အံ့သြသွားလေ**သည်**။

သိုင်းလောကရှိ အနက်**ရောင်သိုင်းသမားများအား** လိုက်လံစည်းရုံးသိမ်းသွင်းနေသူမှာ **အတုမဲ့သိုင်းသခင်ဆိုသူ** ဖြစ်လေသည်။

အတုမဲ့သိုင်းသခင်**သည် သိုင်း**ပညာ အလွန်တော်ပြီး အကြံကြီးသူတစ်ယောက် ဖြစ်လေ**သည်**။

သိုင်းလောက၌ ထင်ရှားစိုးနေသော သိုင်းသမားများကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပြီး အင်အားတောင့်တင်းလာသူ ဖြစ်သည်။

အနက်ရောင်သိုင်းသမားများသည် မည်သူ့ကိုမှ အမှုမထားဘဲ ကိုယ့်သဘောနှင့်ကိုယ် ထင်ရာလုပ်တတ်ကြသူများ ဖြစ်ရကား အတုမဲ့သိုင်းသခင်က စည်းရုံးသိမ်းသွင်းလာသောအခါ အချို့က လက်မခံဘဲ ပြန်လည် ရန်ပြုကြလေသည်။

ထိုသို့ ခုခံအာခံကြသူများသည် အတုမဲ့သိုင်းသခင်၏လက်

ချက်မိကာ သေဆုံးသွားကြရလေသည်။

ထို့ကြောင့်လည်း အတုမဲ့သိုင်းသခင်အား ကြောက်ရွံ့နေကြရသလို အတုမဲ့သိုင်းသခင်၏ အရှိန်အဝါသည်လည်း တစ်နေ့တစ်ခြားကြီးထွားလာခဲ့တော့သည်။

အတုမဲ့သိုင်းသခင်ဟူသော အမည်ကို ကြားလိုက်ရသောအခါ ကျောက်ရီ မျက်နှာပျက်သွားလေသည်။

နန်းယုစိမ်းက…

"ပြောစမ်းပါဦး၊ အတုမဲ့သိုင်းသခင်က အမိန့်ပေးလိုက်လို့ ခင်ဗျား သည်နေရာကို လာခဲ့တာ မဟုတ်လား"

ဟု ထပ်မေးလိုက်သည်။

ကျောက်ရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်း…. မင်းတို့"

နန်းယုစိမ်းက ပြုံးရင်း….

"ကျုပ်တို့ အချင်းချင်းတွေ ဖြစ်နေကြပါပြီဗျာ၊ ယို့ချီကို ကျုပ်တို့ ခေါ်သွားမှာကို ခင်ဗျား သဘောတူနိုင်ရမှာပေါ့"

ကျောက်ရီ၏မျက်နှာ သုန်သုန်မှုန်မှုန် ဖြစ်သွားသည်။

"ကျုပ်က အတုမဲ့သိုင်းသခင်ကို ရှုံးနိမ့်သွားလို့ သူ့ရဲ့ အမိန့်ကို နာခံနေရတာ၊ ကျုပ်က မင်းတို့နဲ့ အတူတူ မဟုတ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

နန်းယုစိမ်းတို့အား အထင်သေးပြီး တစ်ဖွဲ့တည်းသားချင်းဖြစ်ရမည်ကို မနှစ်မြို့ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ကျောက်ရီက စကားဆုံးသည်နှင့် နောက်ဆုတ် ရှောင်ထွက်သွားလေတော့သည်။



"ဟား…. ဟား…. ဟား"

နန်းယုစိမ်း ဟားတိုက်ရယ်မောလိုက်သည်။

ယို့ချီက နန်းယုစိမ်းတို့အား စိုက်ကြည့်လိုက်ပြီး….

"ခင်ဗျားတို့ကို ခိုင်းနေတဲ့ လူဟာ အတုမဲ့သိုင်းသခင် ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘာကြောင့် ကျုပ်ကို အသက်ရှင်လျက် လိုချင်ရတာလဲ"

"မင်း သူနဲ့ တွေ့တော့ မေးကြည့်ပေါ့၊ ငါတို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ"

"ခဏနေပါဦး"

"မင်း ဘာအချိန်ဆွဲဦးမလို့လဲ"

"ခင်ဗျားတို့ သည်နေရာကို လာခဲ့ကြတာ ကျင်းကျင်းကြောင့် မဟုတ်ဘူးလား"

"ကျင်းကျင်းကို တစ်ခြားလူတွေ တာဝန်ယူလိမ့်မယ်၊ ကျုပ်တို့ကတော့ မင်းကို ဖမ်းခေါ်သွားဖို့ လာခဲ့ကြတာပဲ"

"သြော်"

"ကောင်းပြီလေ ကျုပ်ကို ခေါ်နိုင်ရင် ခေါ်သွားကြတာပေါ့ဗျာ"

"မင်း အေးအေးဆေးဆေး လိုက်ခဲ့ရင် ကောင်းမယ်"

"ကျုပ် ပြောပြီးပြီလေ"

"မင်း…."

နန်းယုစိမ်း ဒေါပွသွားသည်။

အရိုးဖြူဂိုဏ်းချုပ် ပြုံးလိုက်သည်။

"သူ ဘာတတ်နိုင်မှာမို့လဲ၊ ကျုန်မတို့ ဖမ်းခေါ်သွားကြရအောင်"

နန်းယုစိမ်း သဘောတူလိုက်သည်။

"ကောင်းပြီ"

နှစ်ယောက်သား လျှပ်တပြက် လှုပ်ရှားလိုက်ကြလေသည်။

ယို့ချီအား ဝဲယာတစ်ဘက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်လိုက်ကြသည်။

ယို့ချီ အံတင်းတင်းကြိတ်ကာ **ပြန်လည် တိုက်ခိုက်လိုက်**လေသည်။

အခြားသူများကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြရာ ဘုံကျောင်းရှေ့တွင် နောက်ထပ် တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣

တိုက်ပွဲ...

အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမားများ၏ တိုက်ပွဲကား ပြင်းထန်နေသည်။

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့ကလည်း ယို့ချီအား ဝဲယာတစ်ဘက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်နေကြလေသည်။

သူတို့သည် ထိပ်တန်းသိုင်းသမားများ ဖြစ်ရာ ယို့ချီကို တစ်ခဏအတွင်း အနိုင်ယူနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားကြလေသည်။ သို့သော်...



တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသောအခါ ယို့ချီ၏သိုင်းပညာမခေဘဲ သူတို့ ထင်မှတ်သလို အလွယ်တကူ အနိုင်ရမည် မဟုတ်ကြောင်း သဘောပေါက်သွားကြလေတော့သည်။

"ယား"

"သေပေတော့"

ညာသံများပေးကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ယို့ချီကလည်း လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူက နေစကြာလက်ဝါးသိုင်းကွက်များကို ထုတ်ဖော်အသုံးပြု တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့်...

သူ၏တိုက်ခိုက်မှုသည် ပြင်းထန်ပြီး ထိရောက်မှု ရှိနေပါတော့သည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

"ဝုန်း"

"ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့ ကပျာကယာပင် နောက်ဆုတ်လိုက်ကြရသည်။

ယို့ချီလည်း နောက်ဆုတ်လိုက်လေသည်။

နန်းယုစိမ်းနှင့် အရိုးဖြူဂိုဏ်းချုပ်တို့ မျက်စိမျက်နှာ ပျက်

နေကြ၏။

ယို့ချီမှာ လူငယ်လေးတစ်ယောက် ဖြစ်သော်လည်း ဖခင်ဖြစ်သူထံမှ နေစကြာလက်ဝါးသိုင်းပညာအား အမွေရရှိထားကြောင်း သဘောပေါက်လိုက်ကြသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

တစ်ဖန်...

"ချွမ်း"

"ချွမ်း"

လက်နက်များ အသီးသီး ဆွဲထုတ်လိုက်ကြသည်။

ထိုအချိန်မှာပင်...

"သတိထား"

အော်ပြောသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဝှစ်... ဝှစ်... ဝှစ်"

အဆိပ်အပ်ကလေးများ တစ်ဟုန်ထိုး ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့ ရင်ထိတ်သွားကြ၏။

ချက်ချင်းပင် ရှောင်တိမ်းလိုက်ကြသည်။

ယို့ချီလည်း ရင်ထိတ်သွားကာ ကပျာကယာ ရှောင်တိမ်းလိုက်၏။

ထိုစဉ်...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ခု ရောက်ရှိလာပြီး ယို့ချီ



အား တိုက်ခိုက်လိုက်လေသည်။

ထိုလူ ရောက်လာပုံမှာ လျင်မြန်လွန်းလှသည်။

ထို့အတူ...

သူ၏တိုက်ခိုက်မှုသည်လည်း အလွန်ပေါ့ပါးသွက်လက်ကာ လျင်မြန်လွန်းလှသည်။

ယို့ချီ ကပျာကယာ နောက်ဆုတ်ရှောင်လိုက်သည်။

"မင်း ပြေးလို့ မလွတ်ပါဘူး"

လူရိပ်သည် အော်ငေါက်ရင်း လိုက်လံတိုက်ခိုက်လာလေသည်။

ယို့ချီမှာ ပြန်လည်တိုက်ခိုက်ချိန်ပင် မရပါ။

လူရိပ်၏တိုက်ခိုက်မှုကြောင့် နောက်သို့ တဆုတ်တည်း ဆုတ်နေရလေသည်။

သူက နောက်ဆုတ်ရင်းမှ ဘုံကျောင်းနံဘေးရှိ ပန်းဥယျာဉ်အတွင်းသို့ ရောက်သွားလေသည်။

ပန်းဥယျာဉ်ထဲမှ ရောင်စုံပန်းများ ဖူးပွင့်နေပြီး ပန်းရနံ့များ ကြိုင်လှိုင်သင်းပျံ့နေသည်။

လူရိပ်သည် ယို့ချီကို လုံးဝအလွတ်မပေးဘဲ တရကြမ်း တိုက်ခိုက်နေ၏။

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့ကလည်း နောက်က လိုက်လာကြလေသည်။

ယို့ချီ ခံပြင်းလာသည်။

သူ့အား လိုက်လံတိုက်ခိုက်နေသူမှာ ဆံပင်များ ဖြူဖွေးနေသော အဆိပ်ဂိုဏ်းချုပ် ကျူးစန်းစန်း ဖြစ်လေသည်။

အဘွားအိုကျူးစန်းစန်းမှာ သိုင်းလောကၥ် ကြောက်စရာအကောင်းဆုံး အနက်ရောင်သိုင်းထိပ်သီးဆယ်ယောက်တွင် တစ်ယောက် အပါအဝင် ဖြစ်လေသည်။

ကျူးစန်းစန်း၏ ပေါ့ပါးသွက်လက်သော သိုင်းကွက်များကြောင့် ယို့ချီမှာ ပြန်လည် ခုခံတိုက်ခိုက်ဖို့ အချိန်မရဘဲ နောက်ဆုတ်ရောင်တိမ်းရင်း ပန်းဥယျာဉ်အတွင်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ပန်းပင်များကြားသို့ တိုးဝင်ကာ ရှောင်တိမ်းလိုက်စဉ်...

"ယား"

အဆိပ်ဂိုဏ်းချုပ် ကျူးစန်းစန်းက ညာသံပေးပြီး လက်ဝါးဖြင့် ရိုက်လိုက်ရာ...

"ဝုန်း"

"ဝုန်း"

သစ်ပင်များ၊ ပန်းပင်များ ကျိုးပြတ်လဲကျသွားတော့၏။

ယို့ချီသည် သစ်ပင်များကို အကာအကွယ်ယူကာ ရှောင်တိမ်းပြီးသည်နှင့်...

"ယား"

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ကျူးစန်းစန်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

"သေပေတော့"

ကျူးစန်းစန်းကလည်း လက်ဝါးတစ်ဖက် ဆန့်ထုတ်ကာ ရိုက်ချလိုက်၏။

ထိုစဉ်...,



"အဆိပ်ဂိုဏ်းချုပ် အရမ်းမလုပ်နဲ့"

"အတုမဲ့သိုင်းသခင်က သူ့ကို အသက်ရှင်လျက် လိုချင်နေတယ်"

အော်ဟစ်ဟန့်တားသံများနှင့်အတူ နန်းယုစိမ်းနှင့် အရိုးဖြူဂိုဏ်းချုပ်တို့ ပြေးလွှားရောက်ရှိလာသည်။

သူတို့ ဟန့်တားမှုမှာ နောက်ကျသွားပြီ ဖြစ်ပါသည်။

ယို့ချီနှင့် ကျူးစန်းစန်းတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလေသည်။

ယို့ချီလည်း ကျူးစန်းစန်း၏လက်ဝါးနှင့် ထိတွေ့မိလိုက်လျှင် သူ၏လက်ဝါး၌ စစ်ခနဲ နာကျင်သွားသည်ဟု ခံစားလိုက်ရလေသည်။

ကပျာကယာနောက်သို့ ဆုတ်ကာ လက်ဖဝါးအား ကြည့်လိုက်၏။

ထိုအခါ သွေးစို့နေသော အပေါက်ကလေးတစ်ပေါက်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ယို့ချီ ရင်ထိတ်သွားလေသည်။

ထိုသွေးစွန်းနေသော အပေါက်ကလေးမှာ အဆိပ်အပ်ထိသွားခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ကျူးစန်းစန်းသည် လက်ချောင်းကလေးများကြား၌ အဆိပ်အပ်တစ်ချောင်းကို ညှပ်ထားကာ အကောက်ကြံလိုက်ခြင်းဖြစ်သည်။

"တောက်"

ယို့ချီ ဒေါသတကြီး တက်ခေါက်လိုက်သည်။

ကျူးစန်းစန်း ဟားတိုက်ရယ်မောလိုက်သည်။

"ငါ့ရဲ့အဆိပ်မိသွားပြီဆိုတော့ ငါ့လက်ခုပ်ထဲကရေ ဖြစ်သွားပြီ၊ မင်းအခုဘာတတ်နိုင်သေးလဲ"

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့ မကျေမနပ်ဖြစ်နေကြ၏။

နန်းယုစိမ်းက...

"အဆိပ်ဂိုဏ်းချုပ် သူ့ကိုအဆိပ်ဖြေပေးပါ၊ သူ့ကိုကျုပ်တို့ ဖမ်းခေါ်သွားရလိမ့်မယ်"

"ဟုတ်တယ်၊ ယို့ချီဟာ ကျွန်မတို့အတွက်ပဲ"

သူတို့က အတိုင်အဖောက်ညီစွာ ပြောဆိုလာကြသည်။

"နေပါဦး သူ့ကိုမင်းတို့ ဘာများတတ်နိုင်လို့လဲ၊ ကျုပ်ရောက်လာမှ ဆုံးမနိုင်တာ ကြီးကြီးကျယ်ကျယ် လာမပြောနဲ့"

ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

နန်းယုစိမ်းနှင့် အရိုးဖြူဂိုဏ်းချုပ်တို့ ဒေါသထွက်သွား၏။

"ခင်ဗျားမလာလည်း ကျုပ်တို့ဆုံးမနိုင်တယ်ဆိုတာ မှတ်ထားပါ"

"ဟုတ်တယ်...ဟုတ်တယ်"

"မင်းတို့ တော်တော်လူပါးဝပါလား၊ ကောင်းပြီ ယို့ချီကို ခေါ်သွားချင်တယ်ဆိုယင် ကျုပ်ကိုနိုင်အောင် တိုက်ကြပေတော့"

"ဩော်...သည်လိုလား"

"ရပါတယ်ဗျာ...ရပါတယ်"

အရိုးဖြူဂိုဏ်းချုပ်နှင့် နန်းယုစိမ်းတို့က ချက်ချင်းပင် ကျူးစန်းစန်းကို တိုက်ခိုက်လိုက်ကြလေသည်။



ကျူးစန်းစန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့အချင်းချင်း တိုက်ခိုက်နေကြစဉ်မှာပင် ယို့ချီသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

## နှားလည်ရခက်သော မိန်းကလေး

အေးမြသောလေပြည်လေညှင်းက ဝေ့ယမ်းတိုက်ခတ်နေပါသည်။ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များလွင့်ပျံနေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ သို့သော် ည၏အလှကို ပျက်စီးစေသော တိုက်ခိုက်သံများက ပန်းကျင်တစ်ခုလုံး ပျံ့လွင့်နေလေသည်။

ယို့ချီသည်လည်း သဘာဝအလှအပများကို ခံစားနိုင်စွမ်းမရှိပါချေ။

အဆိပ်ဂိုဏ်းချုပ်၏ လက်ချက်ဖြင့် အဆိပ်အပ်ထိခဲ့ရ၏။

အဆိပ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာသည်။

မျက်လုံးများ ပြာဝေလာသလို တစ်ကိုယ်လုံး အေးစက်တောင့်တင်းလာလေသည်။

"ငါ သည်အတိုင်းနေလို့ မဖြစ်ဘူး"

သမားတော်တစ်ယောက်ထံသို့ အရောက်သွားရန် အရေးကြီးလှပေသည်။



ယို့ချီသည် ဒယီးဒယိုင် ပြေးလွှားယင်း အသက်ရှူ ကြပ်လာလေသည်။

ခြေလှမ်းမမှန်တော့ဘဲ တစ်ကိုယ်လုံး ယိမ်းယိုင်လာသည်။

ထိုစဉ် သူ၏ရှေ့၌ လမ်းပိတ်နေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ယို့ချီ ရင်ထိတ်သွားလေသည်။

သေသေချာချာကြည့်လိုက်သောအခါ လမ်းပိတ်ရပ်နေသူမှာ မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

"မင်း...မင်း"

"ရှင် ဘယ်ပြေးမလဲ"

ထိုမိန်းကလေးမှာ အဆိပ်ဂိုဏ်းမှ ပန်းကလေးဖြစ်ပါသည်။

ပန်းကလေးသည် မိမိအပေါ်တွင် မကျေမနပ်ဖြစ်နေကြောင်း ယို့ချီနားလည်ထားလေသည်။

"မင်းက ငါ့ကိုအလွတ်မပေးနိုင်ဘဲကိုး"

"ဟုတ်တယ်၊ ရှင့်ကို ဘယ်တော့မှ မကျေနပ်ဘူး၊ ရှင့်ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမဖို့ ကျွန်မဆုံးဖြတ်ထားပြီးပြီရှင့်"

"ကောင်းတယ်၊ ကျုပ်က အဆိပ်ဂိုဏ်းရဲ့ အဆိပ်မိထားပြီဆိုတော့ မင်းကြိုက်သလို လုပ်နိုင်ပြီပေါ့"

"စိတ်ချ ရှင့်ကိုသတ်ပစ်မှာပါ"

ပန်းကလေး ရှေ့တိုးလာ၏။

ယို့ချီသည် အံတင်းတင်းကြိတ်ကာ ခုခံတိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်သည်။

သို့သော် အဆိပ်မိထားပြီဖြစ်ရာ လုံးဝမဟန်နိုင်တော့ဘဲ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေပါသည်။

ပန်းကလေး ရယ်မောလိုက်သည်။

"ရှင် ဘာမှမတတ်နိုင်တော့ပါဘူး"

ပြောရင်း ရှေ့တိုးလာသည်။

"သေပေတော့"

ယို့ချီ အော်ငေါက်ကာ တိုက်ခိုက်လိုက်၏။

သို့သော်...

သူ၏လက်သီးမှာ လေထဲသို့ ရောက်ရှိသွားသည်။

"ဝုန်း"

မြေပေါ်သို့ လဲကျသွားလေသည်။

ပန်းကလေးသည် မလှုပ်မယှက် ဖြစ်နေသော ယို့ချီကို ကြည့်ကာ ရယ်မောလိုက်လေသည်။

♣ ♣ ♣

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ယို့ချီ သတိရလာသောအခါ ဖြူလွှနူးညံ့သော ခုတင်တစ်လုံးပေါ်၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

တွေးရင်း ချက်ချင်းပင် ခုတင်ပေါ်မှ လူးလိမ့်ထလိုက်လေသည်။ သို့သော်...



တစ်ကိုယ်လုံး အင်အားများ ကုန်ခမ်းနေပြီး လှုပ်ရှားမရအောင် ဖြစ်နေပါသည်။

ယို့ချီ မဟန်နိုင်တော့ပါ။

သူက ခုတင်ပေါ်တွင် ဆက်လက် လဲလျောင်းနေလိုက်လေသည်။ မကြာပါချေ။

ခြေသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယို့ချီက မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်သောအခါ မိန်းကလေးတစ်ယောက် အခန်းတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

ထိုမိန်းကလေးကို မြင်လျှင် ယို့ချီ ရင်ထိတ်သွား၏။

"သူ... သူဟာ ပန်းကလေးပါလား"

ဟုလည်း စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ မှန်ပေသည်။

အခန်းတွင်းသို့ ဝင်ရောက်လာသော မိန်းကလေးမှာ ပန်းကလေး ဖြစ်နေပါသည်။

ပန်းကလေးသည် အဆိပ်ဂိုဏ်းမှ သခင်မလေး ဖြစ်ပါ၏။

မိမိအား အဆိပ်ဂိုဏ်းမှ အလိုရှိနေပါသည်။

ပန်းကလေးက သူ့အား အဆိပ်ဂိုဏ်းသို့ ခေါ်ဆောင်လာခြင်းလော။

အဆိပ်ဂိုဏ်းမှ အဆိပ်သည် အလွန်ကြောက်စရာကောင်းသည်ဟု ကြားသိထားသည်။ အဘယ်ကြောင့်...

အဆိပ်ဂိုဏ်းမှ အဆိပ်မိထားပါလျက် ယခုတိုင် အသက်ရှင်နေရသေးသည်။

ယို့ချီမှာ မစဉ်းစားတတ်အောင် ဖြစ်နေ၏။

သူက ပန်းကလေးကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်သည်။

ပန်းကလေးက သူ၏အနီးသို့ ရောက်ရှိလာ၏။

သူမ၏လက်ထဲ၌ အငွေ့တထောင်းထောင်း ထနေသော ပန်းကန်တစ်လုံး ကိုင်ဆောင်ထားသည်။

ပန်းကန်ထဲ၌ အစိမ်းရောင် ချွဲပျစ်ပျစ် အရည်များ ရှိနေ၏။

ပန်းကလေးသည် အခန်းတွင်းသို့ ရောက်လာသည်နှင့် ခုတင်ပေါ်မှ ယို့ချီအား လှမ်းကြည့်ပြီး ပြုံးပြလိုက်လေသည်။

ထို့နောက်...

အလွန်ချိုသာသော လေသံဖြင့်...

"ရှင် သတိရလာပြီ မဟုတ်လား၊ ရှင့်အတွက် ဆေးတစ်ခွက် ကျိုလာတယ် သောက်လိုက်ပါဦး၊ ဒါမှ ကုန်ခမ်းနေတဲ့ ရှင့်ရဲ့ ခွန်အားတွေ ပြန်ပြည့်လာလိမ့်မယ်"

ဟု ပြောလာ၏။

ယို့ချီ ကြိုးစားပြီး လူးလိမ့်ထထိုင်လိုက်နိုင်၏။

မိန်းကလေးအား တွေ့လိုက်ရသဖြင့် အထိတ်တလန့် ပြန်ထလာနိုင်ခြင်းပင် ဖြစ်ပေတော့သည်။

ပန်းကလေး ရယ်မောလိုက်သည်။

"ကျွန်မနဲ့ တွေ့တာ ရှင် ကံကောင်းသွားတယ်၊ အခြားအဆိပ်ဂိုဏ်းက လူတွေရဲ့ လက်ထဲ ရောက်သွားရင် ရှင် မလွယ်ဘူး"

"နေပါအုံး မင်းကကော အဆိပ်ဂိုဏ်းက မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ဒါဖြင့် ကျုပ် ဘယ်လိုလုပ် ကံကောင်းနိုင်မှာလဲ"



"ခစ်..."

"ကျွန်မဟာ အဆိပ်ဂိုဏ်းက ဆိုပေမယ့် တခြားလူတွေနဲ့ မတူဘူးလေ"

"မင်းက..."

"ကျွန်မလောက် စိတ်ကောင်းရှိတဲ့လူ အဆိပ်ဂိုဏ်းမှာ ရှိမှာမဟုတ်ဘူးရှင်"

"ဟား... ဟား... ဟား"

သူမ၏စကားကြောင့် ယို့ချီ ဟားတိုက်ရယ်မောလိုက်၏။

သို့သော်...

သူ၏ရယ်မောသံမှာ ပီပြင်ခြင်း မရှိပါ။

ချက်ချင်းပင် မျက်နှာ ရှုံ့မဲ့သွားရသည်။

ပန်းကလေးက ဆေးပန်းကန်ကို ကမ်းပေးကာ...

"သည်ဆေးကို သောက်လိုက်ပါရှင်၊ ခံစားနေရတဲ့ ဝေဒနာတွေ သက်သာသွားပါလိမ့်မယ်"

"ကျုပ်က မင်းကို ကျေးဇူးတင်ရမှာလား"

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ရှင် သက်သာသွားရင် ပြီးတာပါပဲ"

"နေပါဦး မင်းက ကျုပ်ကို ဘာကြောင့် အသက်ကယ်ချင်ရတာလဲ"

"ရှင် တကယ်သိချင်လို့လား"

ယို့ချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ပန်းကလေးက သူ့အား စေ့စေ့ကြည့်ရင်း...

"ရှင်ဟာ နေဝန်းဂေဟာက သခင်လေးတစ်ယောက် ဖြစ်နေလို့ပေါ့"

"ဘာဆိုင်လို့လဲ ကျုပ်ရဲ့ အကြောင်းကို မင်း သိထားလျက်နဲ့ ကျုပ်ကို သတ်ပစ်ဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား"

"ရှင့်ကို သတ်ပစ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ သိထားပါတယ်"

"မင်း..."

ယို့ချီ မည်သို့ နားလည်ရမှန်းပင် မသိအောင် ဖြစ်သွားမိသည်။

ပန်းကလေးက...

"ကဲပါရှင် ဆေးသောက်လိုက်ပါဦး"

ဆေးပန်းကန်အား လှမ်းပေးရင်း ပြောလာသည်။

ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသောက်ဘူး"

ပန်းကလေးက...

"ရှင် သောက်မှ ဖြစ်မယ်"

"မသောက်ဘူး"

ယို့ချီက ခပ်ပြတ်ပြတ် ငြင်းဆန်လိုက်၏။

ပန်းကလေးက...

"ဘာလဲ ရှင်ဒုက္ခရောက်ချင်လို့လား"

လေသံ ခပ်ဆတ်ဆတ်ဖြင့် မေးလာ၏။

ယို့ချီက မပြောဘဲ နေလိုက်လေသည်။

ပန်းကလေးက သက်ပြင်းချလိုက်သည်။



"ရှင် ဆေးသောက်လိုက်တာ ကောင်းမယ်၊ ဒါမှ ရှင့်ရဲ့ ဝေဒနာတွေ အမြန်ဆုံး သက်သာပျောက်ကင်းပြီး လူကောင်းပကတိ ဖြစ်လာမှာ"

ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသောက်ဘူး၊ ကျုပ်ရဲ့ ဝေဒနာတွေ မပျောက်ကင်းလဲ နေပါစေတော့ မင်းတိုက်တဲ့ဆေးကို ကျုပ်မသောက်ဘူး"

ပန်းကလေး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

ယို့ချီ အားစိုက်ကြည့်ရင်း...

"ရှင် ဘာကြောင့် ခေါင်းမာချင်ရတာလဲ"

ဟု မေးလိုက်သည်။ ယို့ချီက...

"ကျုပ်မှ မသောက်ချင်တာ"

ပန်းကလေး ခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး ရှင် ဆေးသောက်မှ ဖြစ်မယ်၊ ဒါမှ လူကောင်းဖြစ်မှာ"

သူမသည် ဆေးပန်းကန်ကို ကိုင်ကာ ယို့ချီအနီးသို့ ချဉ်းကပ်လာလေသည်။ ယို့ချီ မကျေမနပ် ဖြစ်နေသည်။

သူက ဆေးပန်းကန်ကို မှောက်ပစ်ရန် ဟန်ပြင်လိုက်၏။

ပန်းကလေးက သူ့ထက် လျင်မြန်နေပါသည်။

"သည်လို မလုပ်နဲ့လေ"

ယို့ချီ လှုပ်ရှားမရအောင် သွေးကြောပိတ်လိုက်လေသည်။

"အင့်"

သွေးကြောပိတ်ခံလိုက်ရသဖြင့် ယို့ချီ မလှုပ်မယှက် ဖြစ်သွား၏။

"ရှင် ဆေးမသောက်လို့ မဖြစ်ဘူး"

သူမက ယို့ချီကို ဖေးမကာ ဆေးတိုက်ကျွေးလိုက်သည်။

အစိမ်းရောင် ချွဲပျစ်ပျစ် အရည်များသည် ယို့ချီ၏ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားလေသည်။

ပန်းကလေး ကျေနပ်သွားသည်။

"ရှင် ဆေးသောက်လိုက်ရပြီဆိုတော့ မကြာခင် လူကောင်းပကတိ ဖြစ်သွားပါလိမ့်မယ်၊ ကဲ… ရှင် တရေးတမောလောက် အနားယူလိုက်ပါဦး"

စကားဆုံးလျှင် ယို့ချီကို ခုတင်ပေါ် ချထားကာ စောင်တစ်ထည် ခြုံပေးလိုက်လေသည်။

ထို့နောက် အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

ယို့ချီမှာ ပန်းကလေးအား မည်သို့မျှ နားမလည်နိုင်ပါတော့ချေ။

သူ၏မျက်လုံးများ တဖြည်းဖြည်း မှေးစင်းလာပြီး နောက်ဆုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့သည်။

♣ ♣ ♣

နောက်တစ်နေ့နံနက်…

မိုးစင်စင်လင်းကာ နေထွက်လာသည်နှင့် ယို့ချီ သတိရလာလေသည်။

မျက်လုံး ဖွင့်လိုက်သောအခါ ပြတင်းပေါက်မှ တိုးဝင်လာသည့် အေးမြလတ်ဆတ်သော နံနက်ခင်း လေပြည်ကို ရှူရှိုက်လိုက်ရလေသည်။



ယို့ချီ လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

ခုတင်ပေါ်မှ လူးလိမ့်ထလိုက်လေသည်။ ယခု…

ခွန်အားများ ပြည့်ဖြိုးကာ လူကောင်းပကတိ ရှိနေသည်ကို တွေ့ရလေသည်။

ယို့ချီ အံ့သြသွားသည်။

"ပန်းကလေးဟာ ငါ့အပေါ် အကောက်ကြံတာ မဟုတ်ဘဲ အဆိပ်ဖြေဆေး တိုက်ကျွေးသွားတာ အမှန်ပဲ၊ ဘာကြောင့် သည်လို လုပ်ရတာလဲ"

ပန်းကလေး၏သဘောထားကို စဉ်းစား၍ မရနိုင်တော့ပါချေ။

ယို့ချီ တွေးတောစဉ်းစားနေစဉ် အခန်းတွင်းသို့ ဝင်ရောက်လာသော ပန်းကလေးကို တွေ့လိုက်ရလေသည်။

"ဟာင်… ပန်းကလေး"

ပန်းကလေး လှပစွာ ပြုံးလိုက်သည်။

"ရှင် နေကောင်းသွားပြီ မဟုတ်လား"

"နေပါဦး မင်းကဘာကြောင့် ကျုပ်ကို အဆိပ်ဖြေဆေး ပေးရတာလဲ"

"ဩော်… ဒါလား"

ပန်းကလေးသည် လက်ထဲကိုင်ထားသော လင်ဗန်းကို စားပွဲပေါ်သို့ တင်လိုက်လေသည်။

လင်ဗန်းထဲ၌ စားသောက်ဖွယ်ရာများ ပါရှိနေသည်ကို တွေ့ရလေသည်။

သူမသည် ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

"ရှင် သိချင်ရင် ကျွန်မ ပြောပြပ့ါမယ်၊ သည်မှာ လာထိုင်ပါဦး၊ အေးအေးဆေးဆေးပေ့ါရှင်"

ယို့ချီကို ဖိတ်ခေါ်လိုက်သည်။

ယို့ချီက စားပွဲဆီသို့ လှမ်းသွားပြီး ပန်းကလေးနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"စားလိုက်ပါဦးရှင်"

ပန်းကလေးက စားသောက်ဖွယ်ရာများ ကျွေးမွေးလိုက်လေသည်။

ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် စားသောက်ဖို့ထက် မင်း ဘာကြောင့် ကျုပ်ကို ကယ်တင်ခဲ့တယ်ဆိုတာ သိရဖို့ ပိုပြီး အရေးကြီးတယ်၊ ကဲ... ပြောပါ"

**ပန်းကလေး** သက်ပြင်းချလိုက်လေသည်။

"**ကျွန်မ ပြောပြပ့ါ**မယ်၊ ရှင် စားလိုက်ပါဦး၊ စားစရာတွေထဲမှာ **အဆိပ်ခတ်မထားပါဘူး**၊ ရှင် ဘာမှမစားဖြစ်ဘဲ သတိမေ့နေတာ သုံးရက်**ရှိသွားပြီ**၊ ခုလို ပြန်ပြီး သတိရလာတာတော့ ဗိုက်ဆာနေမှာပေ့ါ စားလိုက်ပါရှင်"

မှန်ပေသည်။

ယို့ချီ ဗိုက်ထဲ၌ တကြုတ်ကြုတ် မြည်ကာ ဆာလောင်နေပါတော့သည်။

"စားလိုက်ပါဦးရှင်"

ပန်းကလေးက အတင်းတိုက်တွန်းနေသဖြင့် ယို့ချီ မတတ်



သာတော့ဘဲ စားသောက်လိုက်ရလေသည်။

ပန်းကလေးသည် ယို့ချီ စားသောက်နေသည်ကို ကြည့်ကာ ကျေနပ်စွာ ပြုံးနေလေသည်။

စားသောက်ဖွယ်ရာများကား အရသာ ရှိလှပေသည်။

ယို့ချီလည်း အားရပါးရ စားသောက်လိုက်မိတော့သည်။

ယို့ချီ စားသောက်ပြီးစီးသွားမှ ပန်းကလေးက မေးလိုက်လေသည်။

"စားလို့ ကောင်းရဲ့လားရှင်"

ယို့ချီ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ် ကျေးဇူးပါပဲ"

ပန်းကလေးသည် ယို့ချီအတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

ယို့ချီက ရေနွေးကြမ်းခွက် ယူလိုက်သည်။

"မင်းက ကျုပ်ကို ဘာကြောင့် အသက်ကယ်ခဲ့ရတာလဲ ပြောပါဦး"

ပန်းကလေး ခေါင်းညိတ်လိုက်သည်။

"ရှင် အသက်ရှင်နေမှ အဆိပ်ဂိုဏ်းကို ကယ်တင်နိုင်မှာမို့ပါရှင်"

"ဟင်"

မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ယို့ချီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ပန်းကလေးကို မယုံနိုင်စွာ ကြည့်လိုက်မိသည်။

ပန်းကလေး၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"အဆိပ်ဂိုဏ်းဟာ သူတစ်ပါးရဲ့ ထောင်ချောက်မိပြီး နိုင်းစေသမျှကို လုပ်ကိုင်ဆောင်ရွက်ပေးနေရပါတယ်၊ ရှင် အသက်ရှင်နေ့ရင် အဆိပ်ဂိုဏ်းဟာ ထောင်ချောက်ထဲက လွတ်မြောက်သွားမှာပါ"

ယို့ချီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ပြောတဲ့ စကားတွေကို ကျုပ်ဘယ်လိုမှ နားမလည်နိုင်ဘူး၊ ကျုပ်ကို ရှင်းပြရင် ကောင်းမယ်"

"ကျွန်မ ရှင်းပြပါ့မယ်"

ပန်းကလေးသည် ထိုင်ရာမှထကာ ပြတင်းပေါက်အနီး၌ သွားရပ်လိုက်လေသည်။

ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းမျှော်ကာ ကြည့်လိုက်လေသည်။

ယို့ချီက သူမအား မျက်တောင်မခတ် ကြည့်နေလိုက်လေသည်။

ပန်းကလေး အတန်ကြာအောင် ငြိမ်နေပြီးမှ ယို့ချီဘက်သို့ ပြန်လှည့်လိုက်သည်။

"အဆိပ်ဂိုဏ်းကို သိုင်းလောကသားတွေက မကောင်းဆိုးဝါးဂိုဏ်းတစ်ခုလို့ သတ်မှတ်ထားကြတယ်ဆိုတာ ရှင်သိတယ် မဟုတ်လား"

"သိုင်းလောကသားတွေဟာ သူတို့နဲ့ အယူအဆ သဘောတရား မတိုက်ဆိုင်လို့ သည်လို သတ်မှတ်ကြတယ်လို့ ကျွန်မ ပြောရင်ကော"

"ကျွန်မတို့ အဆိပ်ဂိုဏ်းဟာ သိုင်းပညာအနေနဲ့တော့ မထင်ရှားဘူးဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် အဆိပ်ပညာမှာတော့ ကျွန်မတို့ကို ယှဉ်နိုင်မယ့်သူ တစ်ယောက်မှ မရှိပါဘူး"

"အဲသည် အဆိပ်ပညာကြောင့် သိုင်းလောကသားတွေက မင်းတို့ကို လက်မခံတာပေါ့"

"ရှင်တို့ နေဝန်းဂေဟာက နေစကြာလက်ဝါး သိုင်းပညာကြောင့် သိုင်းလောကမှာ ထင်ရှားခဲ့တယ် မဟုတ်လား ကျွန်မတို့လည်း အဆိပ်ပညာကို ဦးစားပေးပြီး လေ့ကျင့်ခဲ့တယ်၊ ကိုယ်သန်ရာဘက်ကို လေ့ကျင့်ခဲ့တာပဲရှင်၊ ကျွန်မတို့ကိုတော့ မကောင်းတဲ့ဂိုဏ်းလို့ သတ်မှတ်တာ တရားရဲ့လား ရှင် ပြောပါဦး"

"ကျွန်မတို့ကို အနက်ရောင်ဂိုဏ်းလို့ သတ်မှတ်ပြီး ရန်စကြတယ်၊ တိုက်ခိုက်ကြတယ်၊ ကျွန်မတို့ဟာ အဆိပ်ပညာကို အသုံးပြုပြီး ပြန်လည်တိုက်ခိုက်တော့ အပြစ်ပြောခံရပြန်တယ်၊ အမည်ဆိုးတွင်ပြန်တယ်၊ အဖြူရောင်သိုင်းသမားတွေက လက်မခံဘဲ ပစ်ထားကြတယ်၊ ကျွန်မတို့ဟာ အနက်ရောင်ဂိုဏ်းတွေလို့ သတ်မှတ်ထားသူတွေနဲ့ လက်တွဲမိတာ ဆန်းသလားရှင်"

ယို့ချီ သက်ပြင်းချလိုက်ပြန်လေသည်။

ပန်းကလေးသည် ယို့ချီထံသို့ ပြန်လည်လှမ်းလာပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"သိုင်းရာဇာလေးဖော် သေဆုံးသွားတဲ့ နောက်ပိုင်း ငြိမ်သက်နေတဲ့ သိုင်းလောကဟာ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့တယ်၊ သိုင်းလောကကို အပိုင်စီးမယ့် အတုမဲ့သိုင်းသခင်ဆိုတာ ပေါ်လာတယ်၊ အတုမဲ့သိုင်းသခင်ဟာ အနက်ရောင်သိုင်းဂိုဏ်းတွေကို သူ့ရဲ့လက်အောက်ကို သွတ်သွင်းရင်း အဆိပ်ဂိုဏ်းကိုလည်း သူ့ရဲ့ လက်သုံးတော်အဖြစ် ကျုံးသွင်းဖို့ ကြိုးစားလာတယ်၊ ကျွန်မရဲ့ မွေးစားမေ

မေဖြစ်တဲ့ ကျူးစန်းစန်းက မမျှော်လင့်ဘဲ အတုမဲ့သိုင်းသခင်ရဲ့ ထောင်ချောက်ထဲကို ကျရောက်ခဲ့ရတယ်"

"အတုမဲ့သိုင်းသခင်က ဘယ်လိုများ ထောင်ချောက်ဆင်ခဲ့လို့လဲ ပြောစမ်းပါဦး"

"အတုမဲ့သိုင်းသခင်က မေမေ့ကို ဆွေးနွေးစရာအကြောင်းရှိတယ်ဆိုပြီး ဖိတ်ခေါ်လိုက်တယ်၊ ပြီးတော့ အဆိပ်ခတ်လိုက်တယ်"

"ဟင်"

"အဆိပ်ပညာ ကျွမ်းကျင်တဲ့လူတစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး အဆိပ်မိသွားတာလဲ"

"မေမေဟာ အတုမဲ့သိုင်းသခင်ရဲ့ လှည့်စားမှုခံရပြီး အဆိပ်မိသွားတာပဲ"

"အဆိပ်ဂိုဏ်းချုပ်ဟာ အဆိပ်ပညာ တစ်ဘက်ကမ်းခတ်တော်တယ် မဟုတ်လား၊ အဆိပ်မိသွားတယ်ဆိုရင်တောင် အဆိပ်ဖြေနိုင်မှာပဲ မဟုတ်လား"

"အတုမဲ့သိုင်းသခင်ရဲ့ အဆိပ်က အတော့်ကို ကြောက်စရာကောင်းပါတယ်၊ အဆိပ်ကျွမ်းကျင်တဲ့ မေမေကိုယ်တိုင်တောင်မှ အတုမဲ့သိုင်းသခင်ရဲ့ အဆိပ်ကို မဖြေနိုင်ခဲ့ဘူး၊ အတုမဲ့သိုင်းသခင်တစ်ယောက်တည်းဆီမှာပဲ အဆိပ်ဖြေဆေး ရှိပါတယ်"

"ကောင်းပြီ၊ အတုမဲ့သိုင်းသခင်ဆိုတာ ဘယ်သူလဲ၊ အတုမဲ့သိုင်းသခင်အကြောင်း ကျုပ်ကို ပြောပြပါလား"

ယို့ချီသည် အတုမဲ့သိုင်းသခင်အား စိတ်ဝင်စားစွာ မေးလိုက်လေသည်။

ပန်းကလေး ခေါင်းခါယမ်းလိုက်သည်။



"ကျွန်မ မသိဘူးရှင့်"

"ဟင်"

"အတုမဲ့သိုင်းသခင်ကို ကွေ့ချင်တိုင်းလဲ တွေ့လို့ရတာ မဟုတ်ဘူး၊ သူ ဘယ်သူလဲ**ဆိုတာ မသိနိုင်ဘူး၊** မျက်နှာဖုံးတစ်ခု စွပ်ထားတယ်လို့တော့ **မေမေက ပြောပါတယ်၊ သူ**ဟာ သိုင်းပညာလဲ ထိပ်တန်းမှာတော့ ရှိတယ်"

"မင်းက အတုမဲ့သိုင်းသခင်ကို တွေ့ဖူးသလား"

"မတွေ့ဖူးဘူး"

"ဒါဖြင့် အတုမဲ့သိုင်းသခင်ကို တွေ့ချင်ရင် ဘယ်လို ဆက်သွယ်ရမယ်ဆိုတာ မင်းရဲ့ အမေတော့ သိမှာပေါ့"

"မေမေလည်း သိမှာ မဟုတ်ဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"အတုမဲ့သိုင်းသခင်က တွေ့ချင်တယ်ဆိုရင် သူ့ဘက်ကပဲ ဆက်သွယ်တယ်၊ သူ့ကို ဆက်သွယ်လို့ မရဘူး"

ယို့ချီ အားမလို အားမရ ဖြစ်လာသည်။

အတုမဲ့သိုင်းသခင်သည် အလွန် အကြံကြီးပြီး ဉာဏ်များသူတစ်ယောက် ဖြစ်ကြောင်းလည်း ဆင်ခြင်မိလိုက်လေသည်။

"အတုမဲ့သိုင်းသခင်ဟာ သူ့ကို နှောင့်ယှက်ဟန့်တားမယ့်လူတွေဆိုရင် သုတ်သင်ပစ်လေ့ရှိတယ်၊ ဒါပေမယ့် ရှင့်ကိုတော့ အသက် ရှင်လျက် လိုချင်တယ်လို့ ပြောတာ အတော့်ကို အံ့သြစရာကောင်းနေတယ်၊ ရှင်ဟာ အတုမဲ့သိုင်းသခင်နဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေမယ်လို့ ကျွန်မတို့ ထင်မိတယ်"

"ဟင်"

ယို့ချီ အံ့ဩသွားပြန်လေသည်။

အတုမဲ့သိုင်းသခင်အား သူမသိပါ။

ရက်စက်ကြမ်းကြုတ်သည့် အကြံသမား အတုမဲ့သိုင်းသခင်သည် သူ့အားအခြားသူများကဲ့သို့ သုတ်သင်ရှင်းလင်းခြင်း မပြုဘဲ အသက်ရှင်လျက် ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း။

ယို့ချီသည် အတုမဲ့သိုင်းသခင်အား တွေ့လိုစိတ် ပြင်းပျလာလေသည်။ ပန်းကလေးက...

"ရှင်နဲ့ အတုမဲ့သိုင်းသခင် ဘယ်လို ပတ်သက်နေတယ်ဆိုတာ ပြောစမ်းပါဦး"

"ကျုပ်တို့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ဟုတ်ရဲ့လားရှင်"

"ဟုတ်တယ် ကျုပ် သူ့ကိုလည်း မသိဘူး၊ မြင်လဲမမြင်ဖူးဘူး၊ အခု မင်း ပြောမှပဲ သူ့နာမည်ကို ကြားဖူးတာ"

"ဒါဖြင့် သူက ရှင့်ကို ဘာကြောင့် မသတ်ရဘူး၊ အသက်ရှင်လျက် လိုချင်ရတယ်လို့ ပြောတာလဲ"

"ကျုပ်လည်း မသိဘူး"

"တော်တော် ထူးဆန်းတာပဲ"

"ကျုပ် မင်းကို မေးစရာတစ်ခု ရှိတယ်"

"မေးပါရှင်"

"ကျုပ်ကို အသုံးချပြီး အဆိပ်ဂိုဏ်းကို ကယ်တင်ဖို့ မင်း ဘယ်လို စီစဉ်သလဲဆိုတာ ကျုပ်သိချင်တယ်"

"ဩော်"



"ရှင့်ကို အတုမဲ့သိုင်းသခင်က လိုချင်နေတယ်လေ၊ ဒါကြောင့် မေမေ့အတွက် အဆိပ်ဖြေဆေး ပေးမယ်ဆိုမှ ရှင့်ကို ရမယ်ဆိုပြီး အကြပ်ကိုင်လိုက်ရုံပေါ့"

"ကျုပ်က မင်းတို့ လုပ်ချင်ရာ လုပ်တာကို လက်ပိုက်ကြည့်နေမယ်များ ထင်နေသလား"

"လုပ်ချင်ရာလုပ်တာ မဟုတ်ဘူး၊ ကျွန်မတို့ဟာ ရှင့်ကို အသုံးချပြီး အဆိပ်ဖြေဆေးရယူရုံတင်မကဘူး နောက်ထပ် အကြံတစ်ခု ရှိသေးတယ်"

"ဘာများလဲ ပြောစမ်းပါဦး"

"အတုမဲ့သိုင်းသခင် ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်ဖို့လေ၊ ရှင်သာ ကျွန်မတို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အတုမဲ့သိုင်းသခင်ကို ဖော်ထုတ်ဆုံးမနိုင်မှာ သေချာပါတယ်ရှင်"

"သိုင်းရာဇာလေးဖော် လုပ်ကြံခံလိုက်ရပြီးတဲ့နောက်မှာ အတုမဲ့သိုင်းသခင်ဆိုတာ ပေါ်ပေါက်လာတယ်၊ သူဟာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးဖို့ ကြိုးစားလာတယ်၊ ဒါကြောင့် သိုင်းရာဇာလေးဖော် လုပ်ကြံခံခဲ့ရတဲ့ ကိစ္စမှာ အတုမဲ့သိုင်းသခင်ဟာလည်း တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေမယ်ဆိုတာ ထင်ရှားပါတယ်၊ ရှင် ပူးပေါင်းဆောင်ရွက်လိမ့်မယ်လို့ မေမေက ယုံကြည်ထားပါတယ်"

ရုတ်တရက်...

"ဟား... ဟား... ဟား"

ယို့ချီ ကောက်ကာငင်ကာ ရယ်ချလိုက်လေသည်။

"ရှင် ဘာရယ်တာလဲ"

"သဘောကျလို့ပါဗျာ"

"ဘာရှင့်"

ယို့ချီက သူမအား စေ့စေ့ကြည့်ရင်း...

"မင်း အမေက ကျုပ်ကို သတ်ပစ်ဖို့ အဆိပ်အပ်နဲ့ တိုက်ခိုက်ခဲ့တယ်၊ ဒါကို မင်း ဘယ်လို ဖြေရှင်းမလဲ"

"သည့်လိုမှ မလုပ်ရင် ရှင့်ကို ဘယ်လိုနည်းနဲ့မှ ကယ်ထုတ်နိုင်မှာ မဟုတ်ဘူးလေ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ရှင့်၊ ဘုံကျောင်းရှေ့မှာ အတုမဲ့သိုင်းသခင်လည်း ရောက်နေတယ်လေ"

"ဟင်"

"မင်းကသူ့ကို မတွေ့ဘူး မမြင်ဖူးဘူးလို့ ပြောပြီး ဘုံကျောင်းရှေ့မှာ သူ ရောက်နေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိတာလဲ"

"ရှင်ဟာ အခြားအကြောင်းတွေကြောင့် သတိမပြုမိတာဖြစ်ပါလိမ့်မယ်၊ ဘုံကျောင်းပတ်ဝန်းကျင်မှာ လူတစ်ယောက် ရှိနေပြီး တိုက်ပွဲကို တိတ်တဆိတ် အကဲခတ်နေတယ်ဆိုတာ ထိပ်သီးသိုင်းသမားကြီးတွေကတော့ ရိပ်မိကြမှာပဲ"

"ကျွန်မက ရှင့်ကို ကယ်ထုတ်လာတယ်ဆိုတာတောင် အပေ့ာမဲ့သိုင်းသခင်က ရိပ်မိသွားနိုင်သေးတယ်ရှင်"

"သူ ရိပ်မိသွားရင် မင်းတို့ ဘယ်လွတ်ပါ့မလဲ"

"ကိစ္စ မရှိပါဘူး၊ ရှင်ဟာ ကျွန်မတို့ လက်ထဲမှာ ရှိနေပြီပဲ၊ သူ ထင်တိုင်း လုပ်လို့ မရတော့ပါဘူး"

"ကျုပ်က ထွက်သွားမယ်ဆိုရင်ကော"



"ရှင်ဟာ ကျွန်မတို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ မျှော်လင့်ထားပါတယ်ရှင်"

"ရှင်သာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အတုမဲ့သိုင်းသခင်ကို လုပ်ကြံသွားတဲ့ တရားခံကိုလဲ ဖော်ထုတ်နိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်ရှင်"

"ကောင်းပြီ ကျုပ် ဘာလုပ်ရမလဲဆိုတာသာ ပြောပါ"

ယို့ချီက သူမ၏စကားကို သဘောတူလိုက်ပြီ မဟုတ်ပါလား။

"အရင်ဦးဆုံး မေမေနဲ့ သွားတွေ့ကြရအောင်"

သူမက ကောက်ကာငင်ကာ ပြောလာ၏။

"ကောင်းပြီ"

ယို့ချီက မငြင်းဘဲ သဘောတူလိုက်လေတော့သည်။

♣ ♣ ♣

## ဒေါသကြီးသူ

အဆိပ်ဂိုဏ်း...

အဆိပ်ဂိုဏ်းသည် တောင်ကြားတစ်ခုအတွင်း၌ တည်ရှိနေခြင်း ဖြစ်လေသည်။

ပန်းကလေးနှင့်အတူ ယို့ချီ လိုက်ပါလာသည်။

တောင်ကြားအတွင်းသို့ ဝင်မိသည်နှင့် အဆိပ်ဂိုဏ်း၏ အဆောက်အဦးများကို တွေ့မြင်လိုက်ရလေသည်။

သိုင်းလောကတွင် ကြောက်စရာ နာမည်ဆိုးဖြင့် ကျော်ကြားနေသော အဆိပ်ဂိုဏ်းသို့ ရောက်လာရပြီဟူသော အသိက ယို့ချီ၏ရင်ထဲ ခံစားနေရသည်။

ပန်းကလေးကသာ လမ်းပြပေးခြင်း မရှိပါလျှင် အဆိပ်ဂိုဏ်းသို့ ရောက်လာနိုင်မည် မဟုတ်ပါချေ။

အဆိပ်ဂိုဏ်းတည်ရှိသည့် တောင်ကြားသည် လျှို့ဝှက်တောင်ကြားတစ်ခုပမာ ရှိနေပါတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။



လူသံသူသံ မကြားရသကဲ့သို့ လူရိပ်လူရောင်လည်း မတွေ့ရပါချေ။

ယို့ချီ မဆိုထားနှင့် ပန်းကလေးသည်ပင် အံ့ဩသွားသည်။

"ဘယ်လို ဖြစ်ပြီး သည်လောက်တောင် တိတ်ဆိတ်နေရတာလဲ"

သူမက လွှတ်ခနဲ ညည်းညူလိုက်သည်။ ယို့ချီက...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။ ပန်းကလေးက...

"ကျွန်မတို့ ဂိုဏ်းသားအစောင့်တွေ တစ်ယောက်မှ မတွေ့ရလို့ရှင်"

ယို့ချီက မျက်မှောင်ကြုတ်ရင်း...

"တစ်ခုခုများ ဖြစ်နေလို့လား"

ဟု ပြောမိလိုက်၏။

ပန်းကလေး မျက်နှာပျက်သွားသည်။

ချက်ချင်းပင်...

"မြန်မြန်လာ"

အော်ပြောကာ ပြေးထွက်သွားလေသည်။

ယို့ချီလည်း ကမန်းကတန်း လိုက်သွားရလေသည်။

သူတို့သည် တောင်ကြားလမ်းအတွင်းမှ ဖြတ်ကာ အဆောက်အဦးများဆီသို့ ပြေးသွားကြခြင်း ဖြစ်လေသည်။

အဆောက်အဦးများနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားကြလျှင်...

"ဟင်"

"ဟာ"

မမျှော်လင့်သော မြင်ကွင်းကြောင့် ပန်းကလေးကော ယို့ချို ပါ ပြိုင်တူ လွှတ်ခနဲ အော်လိုက်မိကြသည်။ အကြောင်းကား...

မြေပေါ်၌ ပြန့်ကျဲနေသော အလောင်းများကို မြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

အဆိပ်ဂိုဏ်းသားများကား အတုန်းအရုန်း လဲကျသေဆုံးနေကြသည်။

အဆိပ်ဂိုဏ်းတွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

အဆိပ်ဂိုဏ်းအား မည်သူက တိုက်ခိုက်သွားပါသနည်း။

"မေမေ"

ပန်းကလေး အထိတ်တလန့် အော်လိုက်လေသည်။

တဆက်တည်းပင် အဆောက်အဦး တစ်ခုအတွင်းသို့ ပြေးဝင်သွားလိုက်လေသည်။

ထိုအဆောက်အဦးအတွင်း၌ ပရိဘောဂပစ္စည်းများ ပျက်စီးကာ ဖရိုဖရဲ ဖြစ်နေပါသည်။

လဲကျသေဆုံးနေသော အဆိပ်ဂိုဏ်းသားများကိုလည်း တွေ့လိုက်ရသည်။

ရန်သူသည် အဆိပ်ဂိုဏ်းအား ဝင်ရောက်စီးနင်း တိုက်ခိုက်သွားနှင့်ပြီ ဖြစ်လေသည်။

အဆိပ်ဂိုဏ်း မရှုမလှ ဖျက်ဆီးခံလိုက်ရပြီ ဖြစ်လေသည်။

ပန်းကလေးသည် မိခင်ဖြစ်သူအား ရှာဖွေ ကြည့်လိုက်၏။

သို့သော်...



ကျူူးစန်းစန်း၏ အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

"မေမေ... မေမေ"

ပန်းကလေးသည် အဆောက်အဦးအတွင်းသို့ တစ်ခန်းဝင် တစ်ခန်းထွက် ပြေးလွှားကာ လိုက်လံရှာဖွေလေသည်။

ယို့ချိုသည် လဲကျသေဆုံးနေသော အလောင်းများကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

အလောင်းများကား ပူပူနွေးနွေးပင် ရှိနေပါသေးသည်။

ရန်သူသည် မကြာသေးမီကမှ ဝင်ရောက်တိုက်ခိုက်သွားခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

သေဆုံးနေသော အလောင်းများကို စစ်ဆေးကြည့်လိုက်သောအခါ ပြင်းထန်သော လက်ဝါးရိုက်ချက် ခံရကာ သေဆုံးသွားကြခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ထိုလက်ဝါးဒဏ်ရာသည် နေဝန်းဂေဟာမှ အသုံးပြုသော နေစကြာလက်ဝါးသိုင်းကွက်နှင့် ခပ်ဆင်ဆင် တူနေသည်ဟု သတိပြုမိ၏။

ယို့ချို ရင်ထိတ်သွားသည်။

"ရန်သူဟာ နေဝန်းဂေဟာရဲ့ သိုင်းပညာကို အသုံးပြုပြီး တိုက်ခိုက်သွားတာလား၊ ဒါ... ဒါဆိုရင်..."

ရှေ့ဆက် မတွေးဝံ့အောင် ဖြစ်သွားလေသည်။

ခရေခြံဝင်းမှ သခင်မလေးကျင်းကျင်းသည် ခရေခြံဝင်းအား ဖျက်ဆီးသွားသည့် တရားခံမှာ နေဝန်းဂေဟာပိုင်ရှင်၏လက်ချက် ဖြစ်သည်ဟု စွပ်စွဲခဲ့သည် မဟုတ်ပါလား။

အမှန်တော့...

သိုင်းရာဇာလေးဖော်စလုံး သေဆုံးသွားခဲ့ကြသည်ဟု အားလုံးက လက်ခံခဲ့ကြသော်လည်း သိုင်းရာဇာလေးဖော်၏ အလောင်းများကို မည်သူမှ တွေ့ခဲ့ရသည် မဟုတ်ပါ။

သွေးနဂါးလုံကျန်းသည် အသက်ရှင်လျက် ရှိနေပြီး ပန်းနီကျေးရွာ၌ ခိုလှုံလျက် ရှိသည်ဟူသော သတင်းများကို မကြာသေးမီက ကြားခဲ့ရပြီ ဖြစ်သည်။

ကျန်သိုင်းရာဇာသုံးဖော်လည်း အသက်ရှင်လျက် ရှိမနေဟု မည်သူက ပြောနိုင်ပါမည်နည်း။

ယို့ချီ တွေဝေနေစဉ်မှာပင်...

"မေမေ"

ပန်းကလေး၏ အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ယို့ချီ ရင်ထိတ်သွားသည်။

ချက်ချင်းပင် အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ တဟုန်ထိုး ပြေးသွားလိုက်လေသည်။

အဆောက်အဦး၏ ဝဲဘက်တစ်နေရာတွင် ပန်းဥယျာဉ်တစ်ခုရှိနေပါသည်။

ပန်းဥယျာဉ်အတွင်း၌ အလှစိုက်ပျိုးထားသော ပန်းပင်များမှာ ဖရိုဖရဲ ပျက်စီးနေပါတော့သည်။

ပန်းဥယျာဉ်အတွင်း၌ ပန်းကလေး ရှိနေသည်။

သူမသည် တစ်ကိုယ်လုံး သွေးချင်းချင်းပေနေသော အဘွားအိုတစ်ယောက်အား ထွေးပွေ့ကာ ငိုကြွေးနေလေသည်။



အဘွားအိုမှာ အဆိပ်ဂိုဏ်းချုပ် ကျူးစန်းစန်း ဖြစ်ပါသည်။

ကျူးစန်းစန်းကား ဒဏ်ရာပြင်းစွာ ရထားပြီး သေလုမျောပါး ဖြစ်နေလေ၏။

"မေမေရယ်"

ပန်းကလေးက မချိတင်ကဲ ရှေ့ရှုတ်ရင်း ကြေကွဲစွာ ငိုကြွေးနေလေသည်။

ယို့ချီ ငိုင်သွားသည်။

ကျူးစန်းစန်း ခံလိုက်ရသည်ကို ကြည့်ကာ အဆိပ်ဂိုဏ်းမှာ လုံးဝပြိုကွဲသွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

သိုင်းလောကအတွက် အနှောင့်အယှက်တစ်ခုပမာ ရှိနေသော အဆိပ်ဂိုဏ်း ပြိုကွဲသွားခြင်းသည် ဝမ်းသာစရာ ဖြစ်လေ၏။

သို့သော် အဆိပ်ဂိုဏ်းထက် ပိုပြီး ကြောက်စရာကောင်းသူတစ်ယောက် ထွက်ပေါ်လာသည်မှာ ထိတ်လန့်စရာ ကောင်းနေပါတော့သည်။

ထိုစဉ်...

"အင်း... အင်း"

ကျူးစန်းစန်းသည် ညည်းတွားရင်း မျက်လုံးပွင့်လာ၏။

"မေမေ... မေမေ"

ပန်းကလေး ဝမ်းသာအားရ ခေါ်လိုက်လေသည်။

ကျူးစန်းစန်းသည်လည်း ပန်းကလေးကို တွေ့ရလျှင် ဝမ်းသာအားရ ဖြစ်သွားပုံ ရှိလေသည်။

"သ... သမီး"

"မေမေရယ် ဘယ်လိုဖြစ်ရတာလဲ"

"နေ... နေဝန်းဂေဟာပိုင်ရှင်..."

ကျူးစန်းစန်းသည် ပြောရင်း **မောဟိုက်လာသည်။**

နှုတ်ခမ်းထောင့်မှ သွေးများ **ယိုစီးကျလာလေသည်။**

"အတုမဲ့သိုင်းသခင်ဟာ နေဝန်းဂေဟာပိုင်ရှင်ပဲ ဖြစ်တယ်"

ကျူးစန်းစန်းက အားယူကာ ပြောလာလေသည်။

"ဟင်"

"ဟာ"

ယို့ချီနှင့် ပန်းကလေးတို့ အထိတ်တလန့် ဖြစ်သွားကြလေသည်။

ပန်းကလေးသည် မယုံနိုင်စွာဖြင့် မေးလိုက်လေသည်။

"မေမေ အတုမဲ့သိုင်းသခင်ဆိုတာ နေဝန်းဂေဟာပိုင်ရှင် ဟုတ်လား"

"ဟုတ်... ဟုတ်တယ် သမီး သူဟာ..."

ကျူးစန်းစန်း စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေသည်။

"မေမေ"

ပန်းကလေးသည် ကျယ်လောင်စွာ အော်ရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

♣ ♣ ♣



ကျူးစန်းစန်း သေဆုံးသွားပြီ ဖြစ်သည်။

အဆိပ်ဂိုဏ်းလည်း ပျက်စီးပြိုကွဲသွားပြီ ဖြစ်လေသည်။

အချိန်ကြာလာသည်နှင့်အမျှ ပန်းကလေး၏ ငိုရှိုက်သံများ တဖြည်းဖြည်း တိတ်ဆိတ်သွားလေသည်။

ယို့ချီကား ကြောင်အမ်းအမ်းဖြင့် ရပ်နေဆဲ...

ပန်းကလေးသည် ယို့ချီဘက်သို့ လှမ်းကြည့်လိုက်သည်။

"ကျွန်မမေမေ ပြောသွားတဲ့ စကားကို ရှင်ကြားတယ် မဟုတ်လား"

"ကြားပါတယ်ဗျာ"

"အတုမဲ့သိုင်းသခင်ဟာ ရှင့်ရဲ့အဖေ ဖြစ်နေတယ်"

"ဒါ မဟုတ်ဘူး"

"ဘာရှင့်"

"သူဟာ သေခါနီး ကယောင်ကတမ်း ပြောသွားခဲ့တာပါ"

သူ၏စကားကြောင့် ပန်းကလေး ဒေါသထွက်သွားလေ၏။

"ဘာပြောတယ်ရှင့်"

"ကျုပ် အဖေဟာ မိုးထိတောင်မှာ **သေဆုံးသွားခဲ့ပါပြီဗျာ**"

"ရှင့်အဖေ သေသွားပြီ ဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေဟာ မိုးထိတောင်ကို ထွက်သွားပြီးတဲ့နောက် ပြန်ရောက်မလာတော့ဘူး၊ ဖေဖေဟာ ရန်သူ လက်ချက်နဲ့ လုပ်ကြံခံလိုက်ရတယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိထားကြပါတယ်ဗျာ"

"ဒါ မဖြစ်နိုင်ဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျုပ်အဖေက မိုးထိ

တောင်ကို သွားပြီး ပြန်ရောက်မလာတော့ဘူး၊ သိုင်းရာဇာလေးဖော် စလုံး မိုးထိတောင်မှာ လုပ်ကြံခံလိုက်ရတယ်ဆိုတာ သိုင်းလောက တစ်ခုလုံး သိထားကြပါတယ်ဗျာ"

"ဒါဆို ကျွန်မ မေမေက လိမ်ပြောသွားတာလို့ ရှင် ဆိုလို ချင်တာလား"

"သေခါနီး လူတစ်ယောက်ဟာ အမှန်စကားပဲ ပြောတတ် ကြတယ်ဆိုတဲ့ စကားကို ရှင် ကြားဖူးလား"

"မေမေရဲ့ ဒဏ်ရာကို ကျွန်မ စစ်ဆေးကြည့်ပြီးပြီ၊ ရှင်တို့ နေဝန်းဂေဟာရဲ့ နေစကြာလက်ဝါးရိုက်ချက် ခံလိုက်ရတာပဲ"

ယို့ချို မျက်နှာ ပျက်သွားသည်။

ပန်းကလေး ဝုန်းခနဲ ထရပ်လိုက်သည်။

ယို့ချိုအား ခပ်စိမ်းစိမ်း ကြည့်လိုက်လေသည်။

"အတုမဲ့သိုင်းသခင်ဟာ ရှင့်ကိုမသတ်ဘဲ၊ အသက်ရှင် လျက်လိုချင်တာ ဘာကြောင့်လဲဆိုတာ ကျွန်မသဘောပေါက်ပြီ၊ သူ ဟာရှင့်အဖေ ဖြစ်နေတာကိုး"

ယို့ချို ခေါင်းခါယမ်းလိုက်သည်။

"သည်ကိစ္စ ပြောဖို့ စောပါသေးတယ်ဗျာ"

ပန်းကလေး၏မျက်နှာ တင်းမာသွားသည်။

"မစောဘူးရှင့်၊ သည်ကိစ္စကို အခုချက်ချင်း ဖြေရှင်းရလိမ့် မယ်"

စကားဆုံးလျှင် ပန်းကလေးက စတင် တိုက်ခိုက်လာလေ တော့သည်။

သူမ တိုက်ခိုက်လာလိမ့်မည်ဖြစ်ကြောင်း ယို့ချို ရိပ်မိထား



သည်ဖြစ်ရာ ချက်ချင်း ရှောင်တိမ်းပေးနိုင်လိုက်လေသည်။

ပန်းကလေး ဒေါပွသွားသည်။

"ရှင် ပြေးလို့ လွတ်မလား"

အော်ဟစ်ရင်း အဆိပ်အပ်ကလေးများဖြင့် ပစ်ခတ်တိုက် ခိုက်လိုက်လေသည်။

"ဝှစ်... ဝှစ်... ဝှစ်"

အဆိပ်အပ်ကလေးများသည် ယို့ချိုထံသို့ တစ်ဟုန်ထိုး ပစ် လွင့်လာလေသည်။

အဆိပ်ဂိုဏ်း၏လက်နက်ပုန်းသည် အလွန်ပင် ကြောက်စ ရာကောင်းကြောင်း ယို့ချိုသိရှိထားသည်။ ထို့ကြောင့်...

"ဟိတ်"

ညာသံပေးကာ ပန်းပင်များကြားသို့ ခုန်ဝင်ကာ ရှောင် တိမ်းပေးလိုက်လေသည်။

"တောက်... တောက်... တောက်"

အဆိပ်အပ်ကလေးများသည် ပန်းပွင့်ကလေးများ၌ တရ စပ် စိုက်ဝင်သွားလေသည်။

ပန်းပွင့်ကလေးများ ဖွာခနဲ ဖွာခနဲ ကြွေကျသွားလေသည်။

ယို့ချိုက ပန်းပွင့်ကလေးများအား အကာအကွယ်ယူကာ ရှောင်တိမ်းနိုင်လိုက်ခြင်းကြောင့် ကံကောင်းသွားသည်ဟု ဆိုနိုင်ပါ တော့သည်။

ယို့ချိုသည် ပန်းကလေးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုလို ပါချေ။

ပန်းကလေးသည် မိခင် လုပ်ကြံခံလိုက်ရသဖြင့် ဒေါသတ

ကြီး ဖြစ်နေပြီး တိုက်ခိုက်ခြင်း မဟုတ်ပါလား။

သူမ အထင်မှားကာ တိုက်ခိုက်ခြင်း ဖြစ်ရကား သည်းခံခွင့်လွှတ်ရမည်ဟု သဘောထားခြင်းကြောင့် ဖြစ်လေသည်။

ပန်းပင်များကြားမှ လိုမ့်ထွက်လိုက်ပြီး အဝေးသို့ ခုန်ထွက်လိုက်လေသည်။

"မပြေးနဲ့"

ပန်းကလေးက ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

တဆက်တည်းပင်...

တဟုန်ထိုး ပြေးလိုက်သွားလေသည်။

ယို့ချီက ရပ်တန့်ခြင်း မပြုပါ။

ကိုယ်ဖော့ပညာ အသုံးပြုကာ တဟုန်ထိုး ပြေးလွှားသွားလေသည်။

ပန်းကလေးကလည်း အလွှတ်မပေးဘဲ ထက်ကြပ်မကွာ ပြေးလိုက်လာသည်။

သူတို့နှစ်ဦးသည် တောင်ကြားအပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်ရှိသွားကြလေတော့သည်။

♣ ♣ ♣



## နောက်ကွယ်မှလူ

စည်ကားသိုက်မြိုက်သော မြို့လေးတစ်မြို့ ဖြစ်ပါသည်။

ယို့ချီသည် ပန်းကလေး၏အန္တရာယ်မှ ရှောင်တိမ်းကာ ထွက်ပြေးရင်း စည်ကားသော မြို့ကလေးသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ယို့ချီ စိတ်မောလူမော ဖြစ်နေ၍ စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်ရောက် အနားယူ စားသောက်လိုက်လေသည်။

သူ၏တစ်ကိုယ်လုံး ဇောချွေးများ စို့ရွှဲနေလေသည်။

မှာကြားထားသော စားစရာများကိုလည်း ရုတ်တရက် မစားနိုင်သေးဘဲ ဖြစ်နေ၏။ ထိုအချိန်မှာပင်...

ဆိုင်ထဲ ဝင်ရောက်လာသူနှစ်ယောက်အား တွေ့မြင်လိုက်ရ၏။ ထိုလူနှစ်ယောက်ကို မြင်လျှင် ယို့ချီ အထိတ်တလန့် ဖြစ်သွားမိသည်။ အကြောင်းမှာ...

ထိုလူနှစ်ယောက်သည် ခရေခြံဝင်းမှ သခင်မလေးကျင်းကျင်းနှင့် ကွမ်းကြိုးမင်တို့ ဖြစ်နေကြ၍တည်း။

"ဒုက္ခပါပဲ"

ယို့ချီ စိတ်ထဲ တီးတိုးရေရွတ်လိုက်သည်။

ကွမ်းကြိုးမင်နှင့် ကျင်းကျင်းတို့သည် စားပွဲတစ်လုံး၌ နေရာယူလိုက်ကြပြီး စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ယို့ချီမှာ ယခုမှ ထွက်သွား၍လည်း မရတော့ပါ။

ထို့ကြောင့်...

စိတ်ဓာတ်ကျကာ ခေါင်းငုံ့နေရလေတော့သည်။

"သူတို့ စားသောက်ပြီး မြန်မြန် ထွက်သွားကြပါစေတော့"

ဟူ၍ ဆုတောင်းနေမိသည်။

သို့သော်...

သူ၏ ဆုတောင်း မပြည့်ဝခဲ့ချေ။

ကျင်းကျင်းနှင့် ကွမ်းကြိုးမင်တို့သည် ခရီးပမ်းလာကြသည့်အလား အေးအေးဆေးဆေးပင် ရှိနေသည်ကို တွေ့မြင်ရခြင်းကြောင့် ဖြစ်လေသည်။

ထို့အပြင်...

"ဘဘ... ဒဏ်ရာသက်သာရဲ့လားဟင်"

ကျင်းကျင်း၏အမေးစကား ကြားလိုက်ရသောအခါ ယို့ချီ မျက်လုံးပြူးသွားလေတော့သည်။

"သိုင်းဝိဇ္ဇာကြီး ဒဏ်ရာရထားတယ် ဆိုပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်"

ကွမ်းကြိုးမင် အဘယ်ကြောင့် ဒဏ်ရာရသွားသည်ကို စဉ်းစားမရအောင် ဖြစ်သွားလေသည်။



ကွမ်းကြိုးမင် ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သူသည် ခေသူမဟုတ်ကြောင်းလည်း ထင်ရှားနေပါသည်။

အခြေအနေကား ပို၍ ရှုပ်ထွေးလာပြီ ဖြစ်သည်။

ကွမ်းကြိုးမင် သက်ပြင်းချလိုက်သည်။

"ကျုပ် သတိရှိနေလို့ ကံကောင်းသွားတာ ဘုံကျောင်းရှေ့ကတိုက်ပွဲမှာ ပါဝင်တိုက်ခိုက်ရင်း တစ်စုံတစ်ယောက်ဟာ အမှောင်ရိပ် တစ်နေရာကနေ ချောင်းမြောင်းကြည့်ရှုနေတယ်လို့ စိတ်ထဲမှာ ခံစားနေရတယ်၊ ဒါကြောင့် သတိထားနေလိုက်တာပေါ့"

ကျင်းကျင်းက...

"အဲသည်လူ ဘယ်သူလဲဆိုတာ ဘဘ သိသလားဟင်"

ဟု မေးလိုက်သည်။

ကွမ်းကြိုးမင်က ရုတ်တရက် အဖြေမပေးဘဲ ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်လေသည်။

ပြီးမှ...

"ကျုပ်ကို တိုက်ခိုက်လိုက်တဲ့ သိုင်းကွက်ဟာ နေဝန်းဂေဟာက နေစကြာလက်ဝါးသိုင်းကွက် ဖြစ်နေတယ်လို့ ထင်မိတယ်"

"ရှင်"

"နေစကြာလက်ဝါးသိုင်းကွက် ဟုတ်လား၊ ယို့ချီနဲ့ ယို့ဖုံးတို့ ကျွန်မတို့ အနီးမှာ မရှိကြဘူး၊ တိုက်ပွဲ ဖြစ်နေတုန်းက သူတို့လည်း အနက်ရောင်သိုင်းသမားတွေနဲ့ တိုက်ခိုက်နေကြတာပဲ၊ ကျွန်မတို့ မတည့်ကြပေမယ့် အနက်ရောင်သိုင်းသမားတွေကို ရင်ဆိုင်တဲ့နေရာမှာ အတူတူ လက်တွဲခဲ့ကြတာပဲ မဟုတ်လား"

"ယို့ချီကော ယို့ဖုံးပါ ကျုပ်ကို ချောင်းမြောင်းလုပ်ကြံခဲ့ကြ

တာ မဟုတ်ပါဘူး၊ တကယ်လို့ သူတို့ တိုက်ခိုက်လာတယ်ဆိုရင်လဲ ကျုပ် မမှုပါဘူး၊ အခုတော့ အမှောင်ရိပ်ထဲမှာ ပုန်းနေတဲ့ လူတစ်ယောက်က အမှတ်တမဲ့ ခုန်ထွက်လာပြီး တိုက်ခိုက်လိုက်တာပါ"

"အဲသည်လူကို ဘဘ တွေ့လိုက်သလား"

"တွေ့လိုက်တယ်၊ ဒါပေမယ့် မသဲကွဲဘူး၊ မျက်နှာပဝါစည်းထားတဲ့ လူတစ်ယောက်ပဲ၊ အနီရောင်ဝတ်စုံရှည် ဝတ်ထားတယ်"

"မျက်နှာကို မဖော်ပြရဲဘဲ ပဝါစည်းထားတယ်ဆိုတော့ သတ္တိကြောင်တဲ့ လူတစ်ယောက်ပေါ့၊ ယို့ချီနဲ့ ယို့ဖုံး မဟုတ်ရင် သူဟာ နေဝန်းဂေဟာပိုင်ရှင်ကိုယ်တိုင်ပဲ ဖြစ်ရမယ်"

"ဟာင်"

ကျင်းကျင်း၏စကားကြောင့် ယို့ချီ ထိတ်လန့်သွားလေ၏။

အားလုံးက နေဝန်းဂေဟာပိုင်ရှင် အသက်ရှင်လျက် ရှိနေပြီး အတုမဲ့သိုင်းသခင်အဖြစ် သိုင်းလောကကို ဖျက်ဆီးရန် ကြိုးစားနေသည်ဟု ယူဆနေကြပြီ ဖြစ်လေသည်။

သူ၏မခင်သည် အမှန်တကယ်ပင် အသက်ရှင်နေသေးသည်လော...

သူ၏ဖခင်သည် တည်ကြည်ရိုးသားသူ၊ သဘောမနောကောင်းသူ၊ သိက္ခာသမာဓိနှင့် ပြည့်စုံသူ ဖြစ်သည်ဟု သူ နားလည်ထားပါသည်။

သူ၏ဖခင်သည် မည်သည့်နည်းနှင့်မျှ လူဆိုးတစ် ယောက် မဖြစ်နိုင်ပါ။

အားလုံးသည် သူ၏ဖခင်အပေါ် အထင်မှားနေကြခြင်းသာ ဖြစ်သည်ဟု ယို့ချီ ယုံကြည်ထားလေသည်။



ထိုစဉ်...

ကွမ်းကြိုးမင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

"နဂါးစံအိမ်ပိုင်ရှင် သွေးနဂါးလုံကျန်းဟာ ပန်းနီကျေးရွာမှာ ခိုလှုံနေတယ်လို့ သတင်းတွေ ထွက်ပေါ်နေတယ်၊ ကျုပ်တို့ ပန်းနီကျေးရွာကို သွားကြမယ်၊ သွေးနဂါးလုံကျန်းနဲ့ သွားတွေ့မယ်၊ မိုးတိတောင်မှာ သိုင်းရာဇာလေးဖော် ဘယ်လိုအဖြစ်မျိုးနဲ့ ဆုံတွေ့ခဲ့ရတယ်ဆိုတာကို စုံစမ်း ဖော်ထုတ်ရမယ်"

ကျင်းကျင်း သဘောတူလိုက်သည်။

"နဂါးစံအိမ်ပိုင်ရှင်ကို တွေ့ရရင် သည်ကိစ္စ အဖြေထွက်လာမှာပဲ၊ နဂါးစံအိမ်ပိုင်ရှင် သေဆုံးသွားပြီလို့ သတင်းတွေ ထွက်ပေါ်နေပေမယ့် သူ အသက်ရှင်နေတယ်လို့ သိရတာ ဝမ်းသာစရာပဲ၊ ရှုပ်ထွေးလှတဲ့ ကိစ္စကြီးကို ဖြေရှင်းဖို့ သက်သေတစ်ယောက် ရှိနေသေးတာပေါ့"

ကွမ်းကြိုးမင် သက်ပြင်းချလိုက်သည်။

"ကျင်းကျင်း မင်းလိုက်လို့ မဖြစ်ဘူး"

"ရှင်"

သူ၏စကားကြောင့် ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျွန်မ ဘာကြောင့် လိုက်လို့ မဖြစ်တာလဲ"

ကွမ်းကြိုးမင်က တည်ကြည်သော မျက်နှာဖြင့်...

"ပန်းနီကျေးရွာဟာ အတော့်ကို ထူးခြားတဲ့ ကျေးရွာတစ်ခုပဲ၊ သူတို့ ခွင့်မပြုဘူးဆိုရင် ပန်းနီကျေးရွာရဲ့ ဆယ်မိုင်ပတ်ဝန်းကျင်

ကို ဘယ်သူမှ ဝင်လို့ မရဘူး"

"ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့ရင်လဲ ရန်သူတွေရဲ့ အန္တရာယ်က ရှိသေးတယ်"

ကွမ်းကြိုးမင် သက်ပြင်းချလိုက်၏။

"သီလရှင်ကူးလှို့ဟာ မင်းကို စောင့်ရှောက်ရင်း အသက်ဆုံးရှုံးခဲ့ရပြီး အဖြူရောင်သိုင်းသမား အတော်များများလဲ သေဆုံးသွားတယ် ဝမ်းနည်းစရာပဲ"

"အဖြူရောင်သိုင်းသမားတွေ အရေးနိမ့်ခဲ့တာဟာ ပဝါနီတပ်ထားတဲ့ လူကြောင့်ပဲ၊ သူ့ကို ကျွန်မ ဘယ်တော့မှ မကြေဘူး"

သူတို့၏စကားများကို နားထောင်ရင်း ယို့ချီမှာ မျက်လုံးအစုံ မြူးကျယ်သွားရလေတော့သည်။

တိုက်ပွဲတွင် အဖြူရောင်သိုင်းသမားများ ရှုံးနိမ့်သွားခဲ့သည်ဟု သိလိုက်ရသည် မဟုတ်ပါလား။

ပထမပိုင်းပြီး၏။

ဒုတိယဇာတ်သိမ်းပိုင်းတွင်ဆက်လက်ဖတ်ရှုပါရန်။